မြန်မာ့အလင်း

၁၂၇၅ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၇၁ ခုနှစ်၊ တန်ခူးလကွယ်နေ့၊ ၂၀၁၀ ခုနှစ်၊ ဧပြီ ၁၂ ရက်၊ တနင်္လာနေ့၊ အတွဲ (၄၉)၊ အမှတ် (၁၉၄)

နိုင်ငံရေး ဦးတည်ချက်(၄)ရပ်

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက်(၄)ရပ်

* စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက်(၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့်အကျင့်စာရိတ္တ မြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

နားနေဆောင်၊ အဝတ်လဲဆောင်၊ စားသောက်ဆိုင်၊ အများပြည်သူသုံး ရေကူးကန်နှင့် ရေပူစိမ်ကန်တို့ပါဝင်သည့် နေပြည်တော် ရေပူစမ်းအပန်းဖြေစခန်း

နေပြည်တော်-ပင်လောင်းလမ်း တောင်ကျကျေးရွာအနီး၌ ဖွင့်လှစ်

နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဝေလွင် နေပြည်တော် ရေပူစမ်းအပန်းဖြေစခန်း ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးစဉ်။ (သတင်းစဉ်)

နေပြည်တော် ဧပြီ ၁၁

နေပြည်တော်ရေပူစမ်းအပန်းဖြေစခန်း ဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက် ၈နာရီခွဲတွင် နေပြည်တော်-ပင်လောင်းလမ်း တောင်ကျကျေးရွာအနီးရှိ အဆိုပါအပန်းဖြေစခန်းမှုခ်ဦး၌ ကျင်းပရာ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဝေလွင် တက်ရောက်၍ အပန်းဖြေစခန်းဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးသည်။

တက်ရောက်

အပန်းဖြေစခန်း ဖွင့်ပွဲအခမ်းအနားသို့ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီး နေပြည်တော်မြို့တော်ဝန် ဗိုလ်မှူးကြီးသိန်းညွန့်၊ ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးတင်ငွေ၊ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်စိုး၊ အထူးဖွံ့ဖြိုးရေးစီမံကိန်းလုပ်ငန်း ကြီးကြပ်မှုကော်မတီ အတွင်းရေးမှူး ဗိုလ်မှူးကြီးကံချွန်၊ ဌာနဆိုင်ရာအကြီးအကဲများ၊ ကုမ္ပဏီများမှ တာဝန်ရှိသူများ၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်များနှင့် ဒေသခံကျေးရွာများမှ ကယန်းတိုင်းရင်းသားပြည်သူများ တက်ရောက်ကြသည်။ *စာမျက်နှာ ၃ ကော်လံ ၁* *

တောင်ကြီးမြို့မဈေးသို့ အလည်တစ်ခေါက်

သတင်းခရီးသည် - မောင်မောင်မြင့်ဆွေ
ဓာတ်ပုံမှတ်တမ်း - သတင်းထောက်လေးနွယ် (မင်္ဂလာဒုံ)
စာမျက်နှာဖွဲ့စည်းမှု - ဉာဏ်ဖြိုး (မြန်မာ့အလင်း)

တောင်ကြီး ဧပြီ ၁၁

ရှမ်းပြည်နယ်ကို မော်တော်ယာဉ် စတင်ဝင်ရောက်သည်နှင့် သိသာစွာ အအေးဓာတ်ပိုလာသည်။ တောင်စွယ်၊ တောင်တန်းများကို ကွေ့ဝိုက်ကာဖောက်လုပ်ထားသော ကားလမ်းအတိုင်း မောင်းနှင်လာသည့် မော်တော်ယာဉ်သည် တောင်ကြီးမြို့ကိုရောက်တော့ နံနက် ၅နာရီခွဲ၊ နံနက်စောစောဖြစ်သော်လည်း လှုပ်လှုပ်ရှားရှားဖြင့် တောင်ကြီးမြို့ကားစည်ကားစပြုနေပြီ။ *စာမျက်နှာ ၈ ကော်လံ ၁* ■

ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးမြို့မဈေးသည် တောင်ကြီးမြို့၏ ဖွံ့ဖြိုးမှုအလှကို ထပ်ဆင့်အမွှမ်းတင်ပေးနေသည့် အလား ဤသို့ တွေ့ရသည်။

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်

(၂၀၁၀ခုနှစ် ဧပြီ ၁၂ ရက်)

ရိုးရာအစဉ်အလာမပျက် အတာသင်္ကြန်ပွဲ နွှဲပျော်ကြပါစို့

တန်ခူးလသည် မြန်မာလများတွင် ပထမဦးဆုံးလဖြစ်ပြီး အတာသင်္ကြန်ပွဲကို ကျင်းပကြသည်။ ကဆုန်လတွင် ညောင်ရေသွန်းပွဲတော်၊ နယုန်လတွင် စာပြန်ပွဲတော်၊ ဝါဆိုလတွင် ရှင်ပြုပဉ္စင်းခံပွဲတော်၊ ဝါခေါင်လတွင် စာရေးတံမဲပွဲတော်၊ တော်သလင်းလတွင် လှေသဘင်ပွဲတော်၊ သီတင်းကျွတ်လတွင် ဆီမီးပွဲတော်၊ တန်ဆောင်မုန်းလတွင် ကထိန်ပွဲတော်၊ နတ်တော်လတွင် နတ်သဘင်ပွဲတော်၊ ပြာသိုလတွင် မြင်းခင်းသဘင်ပွဲတော်၊ တပို့တွဲလတွင် ထမနဲပွဲ၊ မီးပုံပူဇော်ပွဲနှင့် တပေါင်းလတွင် သဲပုံစေတီပွဲတော်တို့ကို ဆင်ယင်ကျင်းပလေ့ရှိသည်။

ရေသဘင်ပွဲတော်သည် မြန်မာနိုင်ငံ၏ ယဉ်ကျေးမှုဓလေ့စရိုက်များကို ဖော်ညွှန်းသော ရိုးရာဓလေ့ပွဲတော်တစ်ခုဖြစ်၍ မြန်မာ့ရိုးရာယဉ်ကျေးမှုသင်္ကြန်ဓလေ့ကို လက်ဆင့်ကမ်းထိန်းသိမ်းရန် တိုင်းရင်းသားပြည်သူတို့၏ တာဝန်ဖြစ်ပေသည်။

မြန်မာ့သင်္ကြန်သည် တိုင်းရင်းသားများအကြား ရေမြေဒေသကြောင့် အနည်းငယ်ကွာခြားမှုရှိသော်လည်း အခြေခံတူညီသော ဓလေ့စရိုက်သည် နှစ်ပေါင်းရာချီ တည်တံ့ခဲ့ခြင်းဖြစ်သည်။

ရခိုင်တိုင်းရင်းသားများသည် ရခိုင်သင်္ကြန်ဓလေ့ဖြစ်သော လောင်းလှေတစ်စင်းတွင် ရေအပြည့်ဖြည့်ကာ လုလင်ပျိုနှင့် လုံမပျိုတို့သည် လောင်းလှေ၌ မျက်နှာချင်းဆိုင်ပြီး ရေကစားသည့် ဓလေ့၊ ဖယောင်းနံ့သင်းသည့် သင်္ကြန်ထမင်းကျွေးမွေးသော မွန်တိုင်းရင်းသားတို့၏ သင်္ကြန်ဓလေ့၊ သမန်းကျားအကဖြင့် ရန်ပုံငွေရှာ၍ သက်ကြီးပူဇော်ပွဲ၊ စတုဒိသာကျွေးပွဲတို့ကို ကျင်းပလေ့ရှိသော ထားဝယ်ဒေသနှင့် မြိတ်ဒေသ တိုင်းရင်းသားတို့၏ ဓလေ့ စသည်တို့သည် မြန်မာ့သင်္ကြန်ပွဲတော်တွင် တိုင်းရင်းသားများပျော်ရွှင်စွာ ပါဝင်ဆင်နွှဲလေ့ရှိကြသော ကြည်နူးဖွယ်ရာ ဓလေ့များ ဖြစ်ကြသည်။

မြန်မာ့ရိုးရာနှစ်သစ်ကူးအတာသင်္ကြန်သည် ပျော်ရွှင်ရုံသက်သက်သာမက မြန်မာတို့၏ရိုးရာ ယဉ်ကျေးသိမ်မွေ့သော ဓလေ့စရိုက်လက္ခဏာများကို လွှမ်းခြုံလျက်ရှိရာ မျိုးဆက်သစ်လူငယ်များသည် မြန်မာ့ရိုးရာယဉ်ကျေးမှုမဟာသင်္ကြန်ပွဲတော်ကို ရိုးရာဓလေ့ထုံးတမ်းများ အစဉ်အလာမပျက် လက်ဆင့်ကမ်းထိန်းသိမ်း၍ နှစ်သစ်ကူးမဟာသင်္ကြန်ပွဲတော်ကို ပျော်ရွှင်စွာဆင်နွှဲသွားကြပါစို့ဟု တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

နေပြည်တော်မြန်မာ့အသံ ရေဒီယိုအစီအစဉ်

(အင်္ဂါနေ့-နံနက်+နေ့လယ်+ည)

၁၃-၄-၂၀၁၀

၇း၀၀ အဖွင့်တီးလုံး+နှုတ်ခွန်းဆက် နိုင်ငံတော်သီချင်း+ ကြေညာချက်
၇း၀၅ တရားတော် **(ဓဇဂ္ဂသုတ်)** (၃၈)ဖြာမင်္ဂလာ
၇း၃၀ နံနက်ခင်းတေးပဒေသာ
၈း၀၀ စံတော်ချိန် + သတင်း
၈း၁၀ နံနက်ခင်းတေးပဒေသာ
၈း၃၀ ပြောပါရစေရှင် (မမှည့်ခင် အသီးကင်းလေးတွေနဲ့ မပွင့်ခင် အငုံပန်းလေးတွေ)
၈း၄၀ တေးပဒေသာ
၁၀း၀၀ မွေးနေ့လက်ဆောင်
၁၀း၃၀ သတင်းစာအာဘော်
၁၀း၃၅ တေးပဒေသာ
၁၀း၄၅ ခံတွင်းမြိန်စရာ သူ့လက်ရာ (မော်လမြိုင်သင်္ကြန်ထမင်းနဲ့ ငါးခြောက်ထောင်းကြော်)
၁၀း၅၅ တေးသီချင်း
၁၁း၀၀ နေ့လယ်ခင်းသတင်း
၁၁း၁၀ နေ့လယ်ခင်းတေးပဒေသာ
၁၁း၂၅ Talk on Line (အနုပညာရှင်များ၏ သင်္ကြန်ရင်ခုန်သံ)
၁၁း၅၀ တေးပဒေသာ
၁၂း၀၀ စံတော်ချိန် Current Song (18) တေးပဒေသာ
၁၂း၄၀ ပြုံးပဒေသာ
၁၃း၀၀ မွန်းလွဲပိုင်းသတင်း
၁၃း၁၀ တေးပဒေသာ
၁၃း၃၀ အစီအစဉ်ပြီး၏။
၁၆း၀၀ အဖွင့်တီးလုံး+ကြေညာချက် ညနေခင်းတေးပဒေသာ
၁၆း၃၀ သောတရှင်လိုရာတေး
၁၇း၀၀ မေတို့တွက်တာ အလှကမ္ဘာ (ကိုရီးယားသူတွေရဲ့ အလှပြင်နည်း)
၁၇း၁၀ တေးပဒေသာ
၁၇း၂၅ သတင်းစာဆောင်းပါး
၁၇း၃၀ ညနေခင်းတေးပဒေသာ
၁၇း၄၅ ထူးဆန်းထွေလာ ဤမြေကမ္ဘာ အမှတ်စဉ်(၃၅)
၁၈း၀၀ ညနေခင်းသတင်း
၁၈း၃၀ စာအုပ်စာပေလူ့မိတ်ဆွေ
  ၁။ သာလွန်အင်္ဂလိပ်-အင်္ဂလိပ်-မြန်မာ ဥပဒေအဘိဓာန် (ဦးတင်ဝင်းနိုင်)
  ၂။ ရိုမီယိုနဲ့ ဂျူးလီးယက်ပြဇာတ် (ဦးသိန်းလွင်)
၁၈း၄၅ ချိုချစ်ဖွယ် အင်္ဂလိပ်တေးသီချင်းကဏ္ဍ
၁၉း၀၀ နိုင်ငံတကာသတင်း
၁၉း၁၀ ဇာတ်လမ်းပမာနားဆင်စရာ (မွေးရပ်ပြန်စိတ်ကူး)
၁၉း၃၀ သူ့ခေတ်သူ့အခါ တေးကမ္ဘာ နိုင်ငံရေးဦးတည်ချက် ညချမ်းချိန်ခါတေးပဒေသာ
၂၀း၀၀ ပြည်တွင်းသတင်း
၂၀း၂၀ တေးစီးရီး (သင်္ကြန်တေးများ- ဘုန်းခန့်-ခိုင်မြဲသာ) စီးပွားရေးဦးတည်ချက်
၂၁း၀၀ ခံစားနားဆင် မြန်မာတေးသံစဉ် လူမှုရေးဦးတည်ချက် ညချမ်းချိန်ခါတေးပဒေသာ
၂၂း၀၀ အစီအစဉ်ပြီး၏။

ထန်းတပင်မြို့နယ် ကျွန်းငူကျေးရွာ၌ ကုက္ကိုဝမြစ်ကူးတံတားနှင့် ကျောက်မီးသွေးလောင်စာသုံး လျှပ်စစ်ဓာတ်အားပေးစက်ရုံ တည်ဆောက်မည်

ရန်ကုန် ဧပြီ ၁၁

ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဝင်းမြင့်သည် ဌာနဆိုင်ရာ တာဝန်ရှိသူများလိုက်ပါလျက် ဧပြီ ၁၀ရက် နံနက် ၇နာရီခွဲက ရန်ကုန်မြောက်ပိုင်းခရိုင် ထန်းတပင်မြို့နယ် ရေတွင်းကုန်းကျေးရွာ အခြေခံပညာမူလတန်းကျောင်း၌ ကျင်းပသည့် ဒေသခံပြည်သူများနှင့် တွေ့ဆုံပွဲ အခမ်းအနားသို့ တက်ရောက်၍ အမှာစကားပြောကြားသည်။

ထို့နောက် ဒေသခံပြည်သူတစ်ဦးက ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ပေးအပ်လှူဒါန်း

ယင်းနောက် တိုင်းမှူးက ကျေးရွာစာကြည့်တိုက်အတွက် ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက လှူဒါန်းသော အလှူငွေများနှင့် သွပ်များကို ပေးအပ်လှူဒါန်းပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ဆက်လက်၍ တိုင်းမှူးသည် ရန်ကုန်အနောက်ပိုင်းတက္ကသိုလ်ရှေ့၌ ယာဉ်ရပ်နားကွင်း ဆောင်ရွက်ထားရှိမှုအခြေအနေကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားသည်။

ကြည့်ရှုစစ်ဆေး

ယင်းနောက် ကျွန်းငူကျေးရွာ ကုက္ကိုဝမြစ်ကူးတံတားတည်ဆောက်မည့်နေရာနှင့် ကျောက်မီးသွေး လောင်စာသုံး လျှပ်စစ်ဓာတ်အားပေးစက်ရုံ တည်ဆောက်မည့် မြေနေရာတို့ကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ထန်းတပင်မြို့နယ် ပြည်သူ့ဆေးရုံ၌ နယ်လှည့်အထူးကုဆရာဝန်ကြီးများအဖွဲ့က ကွင်းဆင်း၍ ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးနေမှုနှင့် ဆေးရုံအတွင်းတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို မှာကြားဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ဖဲကြိုးဖြတ်ဖွင့်လှစ်

ထိုမှတစ်ဆင့် တိုင်းမှူးသည် ရိုးခွကျေးရွာ ပညာဗိမာန်စာကြည့်တိုက်ဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်ပြီး စာကြည့်တိုက်ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးသည်။

ထို့နောက် တိုင်းမှူးက တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက လှူဒါန်းသော အလှူငွေများနှင့် သွပ်များကို ပေးအပ်လှူဒါန်းပြီး အလှူရှင်များက အလှူငွေနှင့် ရောင်စုံရုပ်မြင်သံကြားဖမ်းစက်၊ ဗီဒီယိုပြစက်တို့ကို ပေးအပ်လှူဒါန်းကြကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ကြည့်ရှုစစ်ဆေး

အခမ်းအနားအပြီးတွင် တိုင်းမှူးသည် စာကြည့်တိုက်အတွင်း ကြည့်ရှုစစ်ဆေးသည်။

မွမ်းမံပြင်ဆင်

ထို့နောက် ထန်းတပင်-လှိုင်သာယာလမ်းသို့ ရောက်ရှိပြီး မိုင်တိုင်အမှတ် (၃/၄)နှင့် (၃/၅)အကြား လမ်းမွမ်းမံပြင်ဆင်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ရေကြည်မြို့နယ် ဝက်ရုပ်ကျေးရွာ၌ ရွှေပြည်စိုး(၁) စာကြည့်တိုက်ဖွင့်

ရေကြည် ဧပြီ ၁၁

ဧရာဝတီတိုင်း ရေကြည်မြို့နယ် ဝက်ရုပ်ကျေးရွာ၌ နိုင်ငံတော်မတည်ငွေနှင့် အများပြည်သူများစုပေါင်း၍ ဆောက်လုပ်သော ရွှေပြည်စိုး(၁) စာကြည့်တိုက်အဆောက်အအုံသစ်ဖွင့်ပွဲကို မတ် ၂၃ရက် နံနက် ၈နာရီက အဆိုပါ စာကြည့်တိုက်၌ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌ ဦးစံလှိုင်၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနဦးစီးမှူး ဒေါ်မြစီနှင့် ကျေးရွာဥက္ကဋ္ဌ ဦးသိန်းလွင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ **(အပေါ်ပုံ)**

လှူဒါန်း

ထို့နောက် မြို့နယ်ဥက္ကဋ္ဌ ဦးစံလှိုင်နှင့် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ခရိုင်ဦးစီးအရာရှိ ဦးစန်းဝင်းတို့က အမှာစကားများပြောကြားပြီး စာအုပ်အလှူရှင် ၁၇ဦးကိုယ်စား မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌဒေါ်ကြည်ကြည်၊ ဦးစိုးလှိုင်(သစ်တော)နှင့် ဦးစိုးအောင်(မီးသတ်)တို့က လှူဒါန်းရာ စာကြည့်တိုက်မှူး ဦးမိုးလွင်က လက်ခံယူသည်။

ကုန်ကျ

အဆိုပါ ရွှေပြည်စိုး(၁)စာကြည့်တိုက်အဆောက်အအုံကို ငွေကျပ် တစ်ဆယ့်ရှစ်သိန်းနှစ်သောင်းကျော် အကုန်အကျခံ တည်ဆောက်ခဲ့ကြောင်း သိရသည်။ **(သတင်းစဉ်)**

မီးသတ်ဦးစီးဌာန အသက်ကယ်နည်းစနစ် ကျွမ်းကျင်မှု(အထူး)သင်တန်းဆင်းပွဲကျင်းပ

ရန်ကုန် ဧပြီ ၁၁

လူမှုဝန်ထမ်း၊ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန မီးသတ်ဦးစီးဌာန၏ အသက်ကယ်နည်းစနစ်ကျွမ်းကျင်မှု (အထူး)သင်တန်းအမှတ်စဉ် (၃/၂၀၁၀) ဆင်းပွဲကို ယမန်နေ့ နံနက်ပိုင်းက ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် အုတ်ပုံဆိပ်လမ်းရှိ မီးသတ်ဦးစီးဌာန(ရုံးချုပ်)ကျန်စစ်သားခန်းမ၌ ကျင်းပရာ မီးသတ်ဦးစီးဌာန ခေတ္တညွှန်ကြားရေးမှူးချုပ်ကိုယ်စား ညွှန်ကြားရေးမှူး (ဌာနချုပ်) ဦးအောင်ကျော်မြင့် တက်ရောက် သင်တန်းဆင်း အမှာစကားပြောကြားသည်။

အဆိုပါ သင်တန်းကို မတ် ၁၅ရက်မှ ဧပြီ ၉ရက်အထိ ရက်သတ္တ လေးပတ်ကြာ သင်တန်းသား ၄၀ဖြင့် ဖွင့်လှစ်ခဲ့ခြင်းဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ရန်ကုန်မြို့ ကမာရွတ်မြို့နယ် လှည်းတန်း ဇေယျာသီရိလမ်းနေ ဦးဘို ကေအားရည်စူး၍ ကျန်ရစ်သူဒေါ်နုနုနှင့် မိသားစုတို့က ရေလှောင်ကန် အတွက် ငွေကျပ် ၁၀သိန်းကို နှင်းဆီကုန်းဘိုးဘွားရိပ်သာ ဒုတိယဥက္ကဋ္ဌ ဦးအောင်သန်းထံ ပေးအပ်လှူဒါန်းစဉ်။ (ဘိုးဘွားရိပ်သာ)

မီးဖိုမီး အခြားမီး သုံးပြီးသတိ အမြဲရှိ

12-4 (02).pmd 1 4/12/2010, 2:08 AM

*** ရှေ့ဖုံးမှ**

ရှေးဦးစွာ အထူးဖွံ့ဖြိုးရေးစီမံကိန်း လုပ်ငန်းကြီးကြပ်မှုကော်မတီ အတွင်းရေးမှူး ဗိုလ်မှူးကြီးကံချွန်က နေပြည်တော် ရေပူစမ်း အပန်းဖြေစခန်းနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ထို့နောက်ဒေသခံ ကယန်းတိုင်းရင်းသူ တစ်ဦးက ကျေးဇူးတင်စကား ပြောကြားသည်။

ဖဲကြိုးဖြတ်ဖွင့်လှစ်

ဆက်လက်၍ ဝန်ကြီး ဗိုလ်မှူးကြီး သိန်းညွန့်၊ ဒုတိယဝန်ကြီး ဗိုလ်မှူးကြီး တင်ငွေ၊ အထူးဖွံ့ဖြိုးရေး စီမံကိန်းလုပ်ငန်း ကြီးကြပ်မှုကော်မတီ အတွင်းရေးမှူး ဗိုလ်မှူးကြီးကံချွန်နှင့် FCGC ကုမ္ပဏီမှ ဦးသန်းဝင်းဆွေတို့က နေပြည်တော် ရေပူစမ်းအပန်းဖြေစခန်းကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ထို့နောက် တိုင်းမှူး ဗိုလ်ချုပ်ဝေလွင်က နေပြည်တော်ရေပူစမ်း အပန်းဖြေစခန်း ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးပြီး အမွှေးနံ့သာရည်ဖြင့် ပက်ဖျန်းပေးသည်။

ယင်းနောက် ဝန်ကြီး ဗိုလ်မှူးကြီး သိန်းညွန့်၊ ဒုတိယဝန်ကြီးများနှင့် တာဝန်ရှိသူများက အပန်းဖြေစခန်း ဆိုင်းဘုတ်ကို အမွှေးနံ့သာရည်ဖြင့် ပက်ဖျန်းပေးကြပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

လှည့်လည်ကြည့်ရှု

အခမ်းအနားအပြီးတွင် တိုင်းမှူး ဗိုလ်ချုပ်ဝေလွင်၊ ဝန်ကြီး ဗိုလ်မှူးကြီး သိန်းညွန့်နှင့် တာဝန်ရှိသူများသည် နေပြည်တော်ရေပူစမ်း အပန်းဖြေစခန်းအတွင်း လှည့်လည်ကြည့်ရှုကြသည်။

နေပြည်တော်ရေပူစမ်း အပန်းဖြေစခန်းသည် နေပြည်တော်-ပင်လောင်းလမ်း တောင်ကျကျေးရွာအနီး မိုင်တိုင်အမှတ် ၂၉ မိုင် ၆ ဖာလုံ၌တည်ရှိ၍ မြေအကျယ်အဝန်း ၅၆ ဧကပေါ်တွင် တည်ဆောက်ထားကာ နားနေဆောင် နှစ်ဆောင်၊ အဝတ်လဲဆောင် နှစ်ဆောင်၊ စားသောက်ဆိုင် တစ်ဆိုင်၊ အများပြည်သူသုံး ရေကူးကန်နှင့် ရေပူစိမ်ကန်တို့ ပါဝင်သည်။

အဆိုပါ နေပြည်တော်ရေပူစမ်း အပန်းဖြေစခန်းကို နေ့စဉ်နံနက် ၈နာရီမှ ညနေ ၆နာရီအထိ ဖွင့်လှစ်မည်ဖြစ်ပြီး ရေပူကန်များ၏ နေ့လယ်ရေအပူချိန်မှာ ၇၅ ဒီဂရီစင်တီဂရိတ်မှ ၉၈ဒီဂရီစင်တီဂရိတ်အထိ ရှိ၍ ကြက်ဥ၊ ငုံးဥနှင့် အာလူးများကို ရေပူတွင်စိမ်၍ စားသောက်နိုင်သည်။

စီမံဆောင်ရွက်

ထို့အပြင် အပန်းဖြေစခန်း၌ ရှမ်းပြည်နယ်၏ ဒေသထွက်ကုန်များဖြစ်သည့် သစ်ခွပန်း၊ နနွင်းခါး၊ ဖာလာ၊ ရွှေနီ ငှက်ပျော၊ ပျားရည်၊ မျှစ်ချဉ်၊ တညင်းသီး၊ ကြက်ဥ၊ ငုံးဥနှင့် အာလူးများကိုလည်း ရေပူစိမ်ရန်ခြင်းများနှင့်အတူ ရောင်းချပေးလျက်ရှိပြီး ညအချိန်တွင် လျှပ်စစ်ဓာတ်အားရရှိစေရန် နေရောင်ခြည် စွမ်းအင်သုံး မီးချောင်းများနှင့် မီးအိမ်များထွန်းညှိပေးထားကာ အပန်းဖြေသူများ စခန်းအတွင်း ဆင်ဖြင့် လှည့်လည်ကြည့်ရှုနိုင်စေရန် ဆင်လေးကောင်ထားရှိ၍ စီမံ ဆောင်ရွက်ပေးလျက်ရှိသည်။

ရေပူစမ်းအပန်းဖြေစခန်းနှင့် လေးမိုင်အကွာ၌ အမြင့်ပေ ၂၀၀ ကျော်ရှိသည့် ကိုးကွေ့ရေတံခွန် တည်ရှိပြီး အပန်းဖြေစခန်းမှ တောတွင်းခရီး လမ်းလျှောက်၍ သော်လည်းကောင်း၊ ဆင်စီး၍သော်လည်းကောင်း သွားရောက်နိုင်ကာ ရေတံခွန်နှင့် တောတောင်များ၏ သဘာဝအလှတရားများ ကြည့်ရှုခံစားနိုင်မည်ဖြစ်ပြီး ဒေသခံ တိုင်းရင်းသား တိုင်းရင်းသူတို့၏ လူနေမှုဘဝနှင့် ရိုးရာဓလေ့များကို လေ့လာတွေ့ရှိနိုင်မည်ဖြစ်ကြောင်း သိရှိရသည်။

(သတင်းစဉ်)

နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီး နေပြည်တော်မြို့တော်ဝန် ဗိုလ်မှူးကြီးသိန်းညွန့်၊ ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးတင်ငွေ၊ အထူးဖွံ့ဖြိုးရေးစီမံကိန်း လုပ်ငန်းကြီးကြပ်မှုကော်မတီ အတွင်းရေးမှူး ဗိုလ်မှူးကြီးကံချွန်နှင့် FCGC ကုမ္ပဏီမှ ဦးသန်းဝင်းဆွေတို့ နေပြည်တော် ရေပူစမ်း အပန်းဖြေစခန်းကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြစဉ်။
(သတင်းစဉ်)

ရေပူစမ်းအပန်းဖြေစခန်း

နေပြည်တော်-ပင်လောင်းလမ်း တောင်ကျကျေးရွာအနီးရှိ နေပြည်တော် ရေပူစမ်းအပန်းဖြေစခန်းကို တွေ့ရစဉ်။ (သတင်းစဉ်)

AA Medical Products Ltd. ၏ နှစ်ပတ်လည် မိတ်ဆုံစားပွဲကျင်းပ

ရန်ကုန် ဧပြီ ၁၁

AA Medical Products Ltd. ၏ နှစ်ပတ်လည်မိတ်ဆုံစားပွဲနှင့် Fluza အအေးမိ၊ တုပ်ကွေး၊ ဖျားနာပျောက်ဆေး၏ ၂၀၀၉ခုနှစ်အတွက် မုတ်သုံရာသီ ကံစမ်းမဲချီးမြှင့်ပွဲ အခမ်းအနားကို မတ် ၂၉ ရက် ညနေ ၆ နာရီတွင် ရန်ကုန်မြို့ ဆူးလေဘုရားလမ်းရှိ ကုန်သည်ကြီးများဟိုတယ်၌ ကျင်းပသည်။

အခမ်းအနားသို့ စီးပွားရေးလုပ်ငန်းအဖွဲ့အစည်းအသီးသီးမှ ဖိတ်ကြားထားသူများ၊ ဆရာဝန်ကြီးများ၊ အနယ်နယ်အရပ်ရပ်မှ ဆေးကုန်သည်ကြီးများနှင့် ဆေးဆိုင်ပိုင်ရှင်များ တက်ရောက်ကြသည်။

ပေးအပ်ချီးမြှင့်

အခမ်းအနားတွင် AA Medical Products Ltd. မှ မန်နေဂျင်းဒါရိုက်တာ ဦးဇော်မိုးခိုင်က အမှာစကားပြောကြားသည်။ ထို့နောက် ၂၀၀၉ ခုနှစ်အတွက် ရောင်းအားအကောင်းဆုံး Top (10) Customer များကို Bonus များ ပေးအပ်ချီးမြှင့်ရာ ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် ဥက္ကဋ္ဌ ဦးဝင်းမြင့်၊ AA Group of Companies ဥက္ကဋ္ဌ ဦးမြတ်သင်းအောင်၊ AA Medical Products Ltd. မှ မန်နေဂျင်းဒါရိုက်တာ ဦးဇော်မိုးခိုင်၊ Director ဒေါက်တာစောနေနွယ်တို့က ပေးအပ်ချီးမြှင့်ကြသည်။

ဆက်လက်၍ ၂၀၀၉ ခုနှစ်အတွက် ဖလူဇာဆေးဘူးခွံ အများဆုံးလဲလှယ်သူသုံးဦးအား ငွေသားဆု ပေးအပ်ချီးမြှင့်ခြင်း၊ နှစ်သိမ့်ဆုအဖြစ် ကံစမ်းမဲ ငါးဆု ချီးမြှင့်ခြင်းနှင့် ဖလူဇာ အအေးမိ၊ တုပ်ကွေး၊ ဖျားနာပျောက်ဆေးအား နိုင်ငံအနှံ့မှ တစ်ခဲနက်အားပေးသူများအတွက် ငွေသားကံစမ်းမဲများအဖြစ် ပထမဆု ငွေကျပ် ခုနစ်သိန်း၊ ဒုတိယဆု ငွေကျပ် သုံးသိန်း၊ တတိယဆု ငွေကျပ် နှစ်သိန်းနှင့် စတုတ္ထဆု ငွေကျပ် တစ်သိန်းတို့ကို ချီးမြှင့်ခဲ့သည်။

ချီးမြှင့်

အလားတူ မိတ်ဆုံစားပွဲသို့ တက်ရောက်လာကြသော ဧည့်သည်များထဲမှ ကံထူးရှင်များအား လက်ဆောင်ပစ္စည်း ငါးဆု ထပ်မံချီးမြှင့်ပေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

Samsung, Star, Fuji Electornics ပစ္စည်းများကို တစ်ဦးတည်းကိုယ်စားလှယ် AA Electronics Ltd. ၏ မဟာသင်္ကြန် အထူးဈေးရောင်းပွဲတော် ကျင်းပစဉ်။ (သတင်းစဉ်)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၁၂-၄-၂၀၁၀

(တနင်္လာနေ့)

နံနက်ပိုင်း

- ၅း၀၀ MRTV-4 အဖွင့် Logo၊ ပဌာန်းပါဠိတော်+ရတနသုတ်
- ၅း၁၅ MRTV-4 သတင်း
- ၆း၀၀ **အထင်နှင့် အယူအဆကိုပယ်ကာ ခန္ဓာဉာဏ်ရောက် ပဋိစ္စသမုပ္ပာဒ် ဒိဋ္ဌိဖြုတ်** တရားတော် (မုံလယ်တောရဆရာတော် ဘဒ္ဒန္တသံဝရ)
- ၆း၄၅ မန်းရွှေစက်တော်မှ ခြေတော်ရာဦးဖူးရအောင်
- ၇း၀၀ MRTV-4 သတင်း
- ၇း၄၅ MRTV-4 ကာတွန်းအစီအစဉ်
- ၈း၀၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **ကြည်နူးဝေဖြာ မေတ္တာကမ္ဘာ** (အပိုင်း-၇၈)
- ၈း၃၀ Premier League Highlight
- ၈း၅၅ ခါသင်္ကြန်အဆိုအက
- ၉း၀၅ ဗုဒ္ဓနှစ် ၂၆၀၀ပြည့် အထိမ်းအမှတ် ကြိုဆိုပွဲ
- ၉း၂၀ လုံ့လမပြတ် ပူဇော်မည် မြတ်လယ်တီ
- ၉း၄၀ Global Panorama
- ၁၀း၃၀ နှစ်စဉ်ဝင်ငွေတိုးစေဖို့ သစ်မွေးစိုက်ကြစို့
- ၁၀း၅၀ International Show Biz
- ၁၁း၀၅ Activities in the City (Myanmar ICT Exhibition 2010ပြပွဲမှ MSI နှင့် Acer)
- ၁၁း၃၀ စာအုပ်ပြခန်း [အွန်စောတို့ဌာနေ စာအုပ်ရေးသားသူ ဆရာကိုကို(စက်မှုတက္ကသိုလ်)နှင့် တွေ့ဆုံခြင်း]
- ၁၁း၅၀ သူတို့ငါးယောက်ရှိရာ သရေခေတ္တရာ
- ၁၂း၁၀ သင်္ကြန်နှင့် မုန့်လုံးရေပေါ်
- ၁၂း၂၀ ကြည်လင်သန့်ရှင်းသော စိတ်အစဉ်ဖြင့် အေးချမ်းတည်ငြိမ်မှုကို ဖွေရှာမည်
- ၁၂း၄၀ ခါသင်္ကြန်အဆိုအက
- ၁း၀၀ **အထင်နှင့် အယူအဆကိုပယ်ကာ ခန္ဓာဉာဏ်ရောက် ပဋိစ္စသမုပ္ပာဒ် ဒိဋ္ဌိဖြုတ်** တရားတော် (မုံလယ်တောရ ဆရာတော် ဘဒ္ဒန္တသံဝရ)
- ၂း၀၀ MRTV-4 သတင်း
- ၂း၄၅ Talent Show (မွန်ပြည်နယ် ကိုကိုနိုင်)
- ၃း၁၅ နှစ်စဉ်ဝင်ငွေတိုးစေဖို့ သစ်မွေးစိုက်ကြစို့
- ၃း၃၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **ကြည်နူးဝေဖြာ မေတ္တာကမ္ဘာ** (အပိုင်း-၇၈)
- ၄း၀၅ ခါသင်္ကြန်အဆိုအက
- ၄း၂၀ သဘာဝကပေးတဲ့အကျိုးအာနိသင် **ဖြူစင်တဲ့နှလုံးသား** ဇေယျ၊ ထူးသာ၊ ပွင့်နဒီမောင်၊ ဒေါ်အောင်မြင့်ကြည် ဒါရိုက်တာ-ကြည်သာ (ပွဲကြိုက်ခင်)
- ၄း၄၅ Activities in the City (Myanmar ICT Exhibition 2010ပြပွဲမှ MSI နှင့် Acer)
- ၅း၁၀ သီချင်းကောင်းကောင်း သီချင်းတောင်း
- ၅း၄၀ ခါသင်္ကြန်အဆိုအက
- ၆း၀၀ MRTV-4 သတင်း
- ၆း၂၀ International Show Biz
- ၆း၃၅ အနုပညာမိုးကောင်းကင်
- ၇း၀၀ ဆည်မြောင်းစီမံကိန်းများ၏ ရေအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးနှင့် စီမံခန့်ခွဲရေးဆိုင်ရာ စာတမ်းဖတ်ပွဲနှင့် အထောက်အကူပြု စက်ကိရိယာများ ခင်းကျင်းပြသပွဲ
- ၇း၂၀ သင်္ကြန်နှင့် မုန့်လုံးရေပေါ်
- ၇း၃၅ စာအုပ်ပြခန်း [အွန်စောတို့ဌာနေ စာအုပ်ရေးသားသော ဆရာကိုကို(စက်မှုတက္ကသိုလ်)နှင့် တွေ့ဆုံခြင်း]
- ၈း၀၀ MRTV-4 သတင်း
- ၈း၃၀ သီချင်းကောင်းကောင်း သီချင်းတောင်း
- ၉း၀၀ အနုပညာမိုးကောင်းကင်
- ၉း၃၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **ကြည်နူးဝေဖြာ မေတ္တာကမ္ဘာ** (အပိုင်း-၇၈)
- ၁၀း၀၀ ဗုဒ္ဓနှစ် ၂၆၀၀ပြည့် အထိမ်းအမှတ် ကြိုဆိုပွဲ
- ၁၀း၁၅ သဘာဝကပေးတဲ့အကျိုးအာနိသင် **ဖြူစင်တဲ့နှလုံးသား** ဇေယျ၊ ထူးသာ၊ ပွင့်နဒီမောင်၊ ဒေါ်အောင်မြင့်ကြည် ဒါရိုက်တာ-ကြည်သာ(ပွဲကြိုက်ခင်)
- ၁၀း၃၅ ဆည်မြောင်းစီမံကိန်းများ၏ ရေအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးနှင့် စီမံခန့်ခွဲရေးဆိုင်ရာ စာတမ်းဖတ်ပွဲနှင့် အထောက်အကူပြု စက်ကိရိယာများ ခင်းကျင်းပြသပွဲ
- ၁၀း၅၅ လုံ့လမပြတ် ပူဇော်မည် မြတ်လယ်တီ
- ၁၁း၀၀ ရန့်သင်းမွှေး သင်္ကြန်ထမင်း အေးအေးလေး
- ၁၁း၂၀ **မတော်တဆ ထိခိုက်ဒဏ်ရာ ရရှိခဲ့လျှင် သတိပြုလိုက်နာရမည့် အချက်များ** (အပိုင်း-၁) (ပါမောက္ခဒေါက်တာနေဝင်း)
- ၁၁း၄၅ ကဏ္ဍစုံလင်အားကစားအစီအစဉ်
- ၁း၀၀ အစီအစဉ်ပြီး၏။

MRTV-4 အစီအစဉ်ကို ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် ရိုးရိုး VHF တီဗွီအင်တင်နာဖြင့် အလွယ်တကူဖမ်းယူကြည့်ရှုနိုင်ပါသည်။ မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် ဖမ်းယူကြည့်ရှုနိုင်ပါသည်။



အာဖဂန်နစ္စတန်သမ္မတ
ဟာမစ်ကာဇိုင်း

အာဖဂန်ပြည်တွင်းရေး ကျေနပ်ဖွယ်ရာဖြစ်လာဟုဆို သမ္မတကာဇိုင်း၏ အမေရိကန်ခရီးစဉ် မပြောင်းလဲ

ဝါရှင်တန် ဧပြီ ၁၁

အာဖဂန်နစ္စတန်သမ္မတ ဟာမစ်ကာဇိုင်းသည် မူလအစီအစဉ်အတိုင်း လာမည့်လအတွင်း အမေရိကန်သို့ လာရောက်မည်ဖြစ်ကြောင်း အမေရိကန် အမျိုးသားလုံခြုံရေးအကြံပေးအရာရှိ ဂျင်ဂျုန်းက ဧပြီ ၉ရက်၌ ပြောကြားသည်။

ယုံကြည်

အာဖဂန်နစ္စတန်နိုင်ငံ၏အခြေအနေမှာ ကျေနပ်ဖွယ်ရာဖြစ်သည်ဟု ၄င်းတို့ယုံကြည်ကြောင်း၊ မည်သို့ပင်ဖြစ်စေ သမ္မတကာဇိုင်း၏ ခရီးစဉ်ပြောင်းလဲမည်မဟုတ်ကြောင်း ဂျုန်းက ပြောကြားသည်။

အပြုသဘောဆွေးနွေး

အာဖဂန်နစ္စတန်နှင့် ပါကစ္စတန်နိုင်ငံတို့သာမက ဒေသတစ်ခုလုံးကိုပါ ငြိမ်းချမ်းရေးနှင့် လုံခြုံရေးတို့ကို ဖော်ဆောင်ရန် ရည်ရွယ်သည့် အရေးပါသော မိတ်ဖက်နိုင်ငံများအဖြစ် နှစ်ဖက်စလုံးက အပြုသဘောဆွေးနွေးကြလိမ့်မည်ဟု မိမိယုံကြည်ကြောင်း ၄င်းကထပ်လောင်း ပြောကြားသည်။ (အင်တာနက်)

မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့၌ ကျင်းပသည့် လက်ဝတ်ရတနာ ပြပွဲ၌ လှေ့လာနေသူများကို ဧပြီ ၁၀ရက်က တွေ့ရစဉ်။

(အင်တာနက်ဓာတ်ပုံ)

ရုရှားနှင့် ယူကရိန်း မိတ်ဖက်နိုင်ငံများဖြစ်လို

ကီယက်ဗ် ဧပြီ ၁၁

မိမိ၏နိုင်ငံက ရုရှားနှင့်အရေးပါသည့်မိတ်ဖက်နိုင်ငံအဖြစ် အစဉ်ရပ်တည်ရန် စိတ်အားထက်သန်လျက်ရှိကြောင်း ယူကရိန်းသမ္မတ ဗစ်တာယာနူကိုဗစ်ချ်က ဧပြီ ၉ရက်၌ အခိုင်အမာ ထပ်လောင်း ပြောကြားသည်။

တွေ့ဆုံဆွေးနွေး

ရုရှားနိုင်ငံသည် ယူကရိန်းအတွက် အရေးပါသည့် မဟာဗျူဟာမြောက် မိတ်ဆွေဖက်နိုင်ငံဖြစ်ပြီး နှစ်နိုင်ငံအပြန်အလှန် အကျိုးရှိသည့် ပူးပေါင်းဆောင်ရွက်မှုက နှစ်နိုင်ငံ အကျိုးစီးပွားကို ဖော်ဆောင်ပေးနိုင်သည်ဟု ယူကရိန်းသို့အလည်အပတ်ရောက်ရှိနေသည့် ရုရှားနိုင်ငံခြားရေးဝန်ကြီးဆာဂျီလက်ဗရော့ဗ်နှင့် တွေ့ဆုံဆွေးနွေးစဉ် ပြောကြားသည်။ (အင်တာနက်)

ဘရာဇီးနိုင်ငံ ရီယိုဒီဂျနေးရိုးမြို့၌ ကျင်းပသည့် (၁၃)ကြိမ်မြောက် အပျော်စီးလှေပြပွဲကို ဧပြီ ၁၀ရက်က တွေ့ရစဉ်။ (ဆင်ဟွာဓာတ်ပုံ)

ကုလသမဂ္ဂ ရာသီဥတု ပြောင်းလဲမှုဆိုင်ရာ ညီလာခံစတင်

ဘွန်း ဧပြီ ၁၁

ဂျာမနီနိုင်ငံ ဘွန်းမြို့၌ ဧပြီ ၉ရက်တွင် ကုလသမဂ္ဂရာသီဥတု ပြောင်းလဲမှုဆိုင်ရာ ညီလာခံကို စတင်ကျင်းပသည်။ အဆိုပါ သုံးရက်ကြာအစည်းအဝေးတွင် ကုလသမဂ္ဂ ရာသီဥတု ပြောင်းလဲမှုဆိုင်ရာညီလာခံ (ယူအင်န်အက်ဖ်စီစီစီ)၏ ရှေ့အလားအလာ လုပ်ဆောင်မှုများနှင့်ပတ်သက်၍ ဆွေးနွေးမည်ဖြစ်သည်။ လာမည့် နိုဝင်ဘာ ၂၉ရက်မှ ဒီဇင်ဘာ ၁၀ရက်အထိ မက္ကဆီကိုနိုင်ငံ၌ ကုလသမဂ္ဂ ရာသီဥတုပြောင်းလဲမှုဆိုင်ရာ နောက်ဆက်တွဲညီလာခံကို ကျင်းပမည်ဖြစ်သည်။

တက်ရောက်ခဲ့

ပြီးခဲ့သည့် ဒီဇင်ဘာက ကိုပင်ဟေဂင်မြို့၌ ကျင်းပခဲ့သည့် ကုလသမဂ္ဂ ရာသီဥတု ပြောင်းလဲမှုဆိုင်ရာညီလာခံသို့ ကမ္ဘာ့နိုင်ငံများမှ ခေါင်းဆောင် ၁၂၀ကျော် တက်ရောက်ခဲ့သော်လည်း ဥပဒေအရစည်းနှောင်အားရှိမည့် သဘောတူညီမှုမရရှိဘဲ ရှိခဲ့ပြီးနောက် ပထမအကြိမ် အထက်ပါအစည်းအဝေး ကျင်းပခြင်းဖြစ်သည်။

အမ်အင်န်အေ၊ဆင်ဟွာ

အင်ဒိုနီးရှားသို့ ဗီယက်နမ်ပို့ကုန်တန်ဖိုးမြင့်တက်

ဟန္နိုင်း ဧပြီ ၁၁

ဗီယက်နမ်နိုင်ငံမှ ယခုနှစ် ပထမ နှစ်လအတွင်း အင်ဒိုနီးရှားနိုင်ငံသို့ ပို့ကုန်တန်ဖိုးသည် အမေရိကန်ဒေါ်လာ ၁၇၄ ဒသမစသန်းရှိရာ နှစ်ချင်းအလိုက် ၂၄၈ ဒသမ၃ရာခိုင်နှုန်းမြင့်တက်လာသည်ဟု ဗီယက်နမ် စက်မှုနှင့်ကုန်သွယ်မှုဝန်ကြီးဌာနက သတင်းထုတ်ပြန်သည်။

ဗီယက်နမ်က အင်ဒိုနီးရှားဈေးကွက်သို့ ယခုနှစ်အတွင်းရောင်းချသည့် အဓိက ပို့ကုန်များမှာ ပင်လယ်အစားအစာ၊ ကော်ဖီ၊ လက်ဖက်၊ဆန်၊ကျောက်မီးသွေးနှင့် ရော်ဘာတို့ပါဝင်သည်။ **အမ်အင်န်အေ၊ဆင်ဟွာ**

ပါကစ္စတန်-တရုတ် ချစ်ကြည်မှုခိုင်မာရေးဆွေးနွေး

အစ္စလမ္မာဘတ် ဧပြီ ၁၁

၂၁ရာစုနှစ်တွင် ပါကစ္စတန်နှင့် တရုတ်နိုင်ငံတို့၏ဆက်ဆံရေးရှင်သန်ကောင်းမွန်နေရေးအတွက် အကြံဉာဏ်သစ်များပေးနိုင်ရန်မှာ ပါကစ္စတန်နှင့် တရုတ်နိုင်ငံတို့အကြား လူငယ်ချင်းဆက်ဆံမှု ခိုင်မာတောင့်တင်းနေရန် အထူးအရေးကြီးကြောင်း အစ္စလမ္မာဘတ်မြို့၌ ဧပြီ၉ရက်ကကျင်းပသည့် ညီလာခံတစ်ရပ်တွင် ထည့်သွင်းပြောကြားသည်။

၂၁ရာစုနှစ် ပါကစ္စတန်-တရုတ် ပူးပေါင်းဆောင်ရွက်ရေးညီလာခံသည် တရုတ်-ပါကစ္စတန် နှစ်နိုင်ငံစလုံး ရင်ဝယ်ပိုက်ထားကြသည့် ထူးခြားသော ဆက်ဆံရေးအပေါ် သတင်းပေးပို့ရေး၊ ပညာပေးရေးနှင့် အသိပေးနိုးဆော်ရေးတို့ကို ရည်ရွယ်ကျင်းပသည့် ညီလာခံဖြစ်သည်။

ကျင်းပ

အဆိုပါညီလာခံသို့ ပါကစ္စတန်နှင့် တရုတ်နှစ်နိုင်ငံစလုံးမှ အတွေးအခေါ်ပညာရှင်များ၊ ပညာရေးကျွမ်းကျင်သူများနှင့် သတင်းမီဒီယာသမားများ တက်ရောက်ကြသည်။ ယင်းညီလာခံကို ပါကစ္စတန်-တရုတ်ပူးတွဲပြီး ပါကစ္စတန်အမျိုးသား အနုပညာအဆောက်အအုံတွင် ကျင်းပခြင်းဖြစ်သည်။ **အမ်အင်န်အေ၊ဆင်ဟွာ**

တူရကီနှင့် ဂရိနိုင်ငံတို့ဆက်ဆံရေး တိုးမြှင့်ရန်သဘောတူညီ

အန်ကာရာ ဧပြီ ၁၁

ပြိုင်ဘက်ဟောင်းနိုင်ငံများဖြစ်ကြသည့် တူရကီနှင့်ဂရိနိုင်ငံတို့သည် ၁၉၉၀ ပြည့်လွန်နှစ် အလယ်ပိုင်းကာလများတွင် စစ်ဖြစ်တော့မည့်အခြေအနေရောက်ခဲ့ရာမှ ယင်းနှစ်နိုင်ငံအကြား ပဋိပက္ခဖြစ်ပွားမည့်အလားအလာမှ လျော့ကျသွားနိုင်ရေးအတွက် နှစ်နိုင်ငံဆက်ဆံရေး ခိုင်မာတောင့်တင်းအောင်ဆောင်ရွက်သွားရန် ဧပြီ၈ရက်က သဘောတူညီလိုက်ကြသည်။

အပြန်အလှန်ပူးပေါင်း

တူရကီနိုင်ငံခြားရေးဝန်ကြီး အာမက် ဒါဗူတိုဂူနှင့် ဂရိနိုင်ငံ ယာယီ နိုင်ငံခြားရေးဝန်ကြီး ဒီမီထရီဒရူဆက်တို့က ပူးတွဲစစ်ရေးလေ့ကျင့်မှုနှင့် စစ်ဘက်ဆိုင်ရာ အပြန်အလှန် ပူးပေါင်းရေးအတွက် အန်ကာရာမြို့၌ ကျင်းပသည့်ဆွေးနွေးပွဲတွင် သဘောတူညီခဲ့ကြသည်။

ခွဲဝေသုံးစွဲ

မိမိတို့အနေဖြင့် ဘတ်ဂျက်အသုံးစရိတ်ကို လက်နက်ဝယ်ယူရေးအတွက် မဟုတ်ဘဲ ကျန်းမာရေး၊ ပညာရေးနှင့် သက်သာချောင်ချိရေးတို့အတွက် ခွဲဝေသုံးစွဲသင့်သည်ဟု တူရကီနိုင်ငံခြားရေးဝန်ကြီးက ပူးတွဲ သတင်းစာရှင်းလင်းပွဲတစ်ရပ်တွင် ပြောကြားသည်။

အမ်အင်န်အေ၊ရိုက်တာ

နျူကလီးယားလုံခြုံရေးအစည်းအဝေး ဝါရှင်တန်၌ကျင်းပမည်

ဝါရှင်တန် ဧပြီ ၁၁

ကမ္ဘာ့လုံးဆိုင်ရာ နျူကလီးယား လုံခြုံရေး ထိပ်သီးအစည်းအဝေးသို့ တက်ရောက်ရန်အတွက် ကမ္ဘာ့ခေါင်းဆောင်အများအပြား ဝါရှင်တန်သို့ လာမည့်ရက်သတ္တပတ်တွင် လာရောက်ကြသည့်အခါ စိန်ခေါ်မှုသစ်တစ်ရပ် ဖြစ်သော နျူကလီးယား အကြမ်းဖက်တိုက်ခိုက်မှု ပြဿနာအပေါ် ကိုင်တွယ်ဖြေရှင်းကြမည်ဖြစ်ကြောင်း ဧပြီ ၁၀ရက်က အင်တာနက်သတင်းတစ်ရပ်တွင် ဖော်ပြသည်။

ထူထောင်ပေးရန်

နျူကလီးယားအကြမ်းဖက်တိုက်ခိုက်မှုအန္တရာယ်သည် ကမ္ဘာတစ်ဝန်း နျူကလီးယား လုံခြုံရေးအတွက် တစ်ခုတည်းသော စိန်ခေါ်မှုမဖြစ်သေးသော်လည်း အခြားစိန်ခေါ်မှုများအား မည်သို့မည်ပုံ ကိုင်တွယ်ဖြေရှင်းမည်ဆိုသည့် လမ်းညွှန်မှုကို ဖော်ပြပါ ထိပ်သီး အစည်းအဝေးက ဖော်ဆောင်ပေးမည့်ပူးပေါင်းဆောင်ရွက်ရေးယန္တရားတစ်ရပ် ထူထောင်ပေးရန်လိုအပ်သည်ဟုကျွမ်းကျင်သူများက ပြောကြားသည်။

ပူးပေါင်း

အဆိုပါ ခြိမ်းခြောက်မှုအန္တရာယ်များအတွက် ဖြေရှင်းရေးသည် ပူးပေါင်းဆောင်ရွက်ရေး လုပ်ငန်းပင်ဖြစ်ကြောင်း၊ နျူကလီးယား လုံခြုံရေးထိပ်သီးအစည်းအဝေးကဲ့သို့ အခြားကိစ္စများတွင် ပူးပေါင်းလုပ်ဆောင်ရန်လိုကြောင်း၊ သို့မှသာ နျူကလီးယား လက်နက်ပစ္စည်းများ အကြမ်းဖက်သမားများ၏လက်အတွင်းသို့မကျရောက်နိုင်တော့ကြောင်း လက်နက်ဖျက်သိမ်းရေး ကျွမ်းကျင်သူ ဂျိမ်းစ်အက်တန်က ပြောကြားသည်။ (အင်တာနက်)

ဘရာဇီးနိုင်ငံ ရေလွှမ်းမှုဖြစ်ရပ် အီရန်အစိုးရ ဝမ်းနည်းကြောင်းကြေညာ

တီဟီရန် ဧပြီ ၁၁

ဘရာဇီးနိုင်ငံတွင် ရေလျှံမှုနှင့် မြေပြိုမှုများ ယခင်ရက်သတ္တပတ်က ဖြစ်ပွားခဲ့သဖြင့် အီရန်နိုင်ငံခြားရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူ မီမန်ပါရတ်က ဝမ်းနည်းကြောင်း ပြောကြားလိုက်သည်။

ဝမ်းနည်း

အီရန်နိုင်ငံနှင့် အစိုးရကိုယ်စား မိမိအနေဖြင့် ထိုအနိဋ္ဌာရုံအတွက်ဘရာဇီးပြည်သူများနှင့် အစိုးရတို့ထံ ဝမ်းနည်းပါကြောင်း ပြောကြားသည်ဟု ၄င်းကထုတ်ဖော်ပြောကြားသည်။

ဖော်ပြပါ ဝမ်းနည်းဖွယ်ဖြစ်ရပ်အတွင်း ထိခိုက်ဒဏ်ရာရခဲ့သူများ အမြန်ဆုံးသက်သာပျောက်ကင်းစေရန် မိမိတို့ဆုတောင်းပါသည်ဟု ၄င်းက ဆက်လက်ပြောကြားသည်။

ဘရာဇီးနိုင်ငံ ရီယိုဒီဂျနေးရိုးမြို့တွင် ရေလွှမ်းမှုနှင့် မြေပြိုမှုကြောင့် ၂၅၆ဦး ထက်မနည်း သေဆုံးခဲ့သည်။ **(အင်တာနက်)**

ကိုလံဘီယာ မူးယစ်တိုက်ဖျက်ရေး ပါရာဂွေးနှင့် ဒိုမီနီကန်ကူညီကြမည်

ကာတာဂျီးနား ဧပြီ ၁၁

ပါရာဂွေးသမ္မတနှင့် ဒိုမီနီကန်သမ္မတတို့အနေဖြင့် ကိုလံဘီယာနိုင်ငံအတွင်းရှိ မူးယစ်မှောင်ခိုမှုအပါအဝင်တရားမဝင်လက်နက်ကိုင်ဆောင်သောအဖွဲ့အစည်းများ နှိမ်နင်းရေးနှင့် စပ်လျဉ်း၍ ကိုလံဘီယာအစိုးရနှင့် လက်တွဲဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဧပြီ၈ ရက်က ထုတ်ဖော်ပြောကြားသည်။

လက်တင်အမေရိကဆိုင်ရာ ကမ္ဘာ့စီးပွားရေးဖိုရမ်၌ ပါရာဂွေးသမ္မတ၊ ဒိုမီနီကန်သမ္မတနှင့် ကိုလံဘီယာသမ္မတတို့ တွေ့ဆုံဆွေးနွေးကာ ယင်းကဲ့သို့သဘောတူညီလိုက်ကြခြင်းဖြစ်သည်။

တက်ရောက်

ကမ္ဘာ့စီးပွားရေးဖိုရမ်ကို လက်တင်အမေရိက၌ ဧပြီ၈ရက်အထိ သုံးရက်ကြာကျင်းပခဲ့ပြီး နိုင်ငံပေါင်း ၄၄နိုင်ငံမှ စီးပွားရေးကိုယ်စားလှယ်၅၅၀ကျော် တက်ရောက်ကြသည်။ သဘာဝပတ်ဝန်းကျင်၊ လုံခြုံရေး၊ ဒေသတွင်း လူဦးရေစစ်တမ်းကောက်ယူမှုနှင့်ဆန်းသစ်တီထွင်မှုဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးခဲ့ကြသည်။

အမ်အင်န်အေ၊ဆင်ဟွာ

တရုတ်နိုင်ငံ ဟေနန်ပြည်နယ်၌ ကျင်းပသည့် ရိုးရာယဉ်ကျေးမှုပွဲတော်တွင် ကပြဖျော်ဖြေတင်ဆက်နေပုံကို ဧပြီ ၁၀ရက်က တွေ့ရစဉ်။

(ဆင်ဟွာဓာတ်ပုံ)

မကွေးမြို့အတွင်း မီးဘေးကြိုတင်ကာကွယ်ရေး ဆောင်ရွက်

မကွေး ဧပြီ ၁၁

မကွေးမြို့ အဝေးပြေးကားဂိတ်အတွင်း မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်တားဆီးရေးအတွက် မတ် ၁၇ရက် ညနေ ၃နာရီက မကွေးမြို့ အဝေးပြေးကားဂိတ်အတွင်း မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်တားဆီးရေးလုပ်ငန်းများဆောင်ရွက်ရာ မကွေးခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီးသူရသွင်ကိုကို၊ မြို့နယ်မီးသတ်ဦးစီးဌာနမှူးနှင့် တာဝန်ရှိသူများ၊ မကွေးတိုင်း မော်တော်ယာဉ်လိုင်းပေါင်းစုံ စည်းကမ်းထိန်းသိမ်းရေးအသင်းဥက္ကဋ္ဌ ဦးအေးကို၊ အောင်ရတနာရပ်ကွက် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များသည် ကားကြီးဝင်းအတွင်းရှိ အဝေးပြေးယာဉ်လိုင်း၂၆လိုင်း၊ စားသောက်ဆိုင် ၁၂ဆိုင်၊ တည်းခိုခန်းနှစ်ခု၊ ဝပ်ရှော့ ၁၁ခု၊ ဘော်ဒါဆောင်တစ်ဆောင်၊ စတိုးဆိုင် ၁၄ဆိုင်၊ ယာဉ်လိုင်းနှင့်ဆက်စပ်မိသားစုနေထိုင်သည့် အခန်း ၄၈ခန်းတို့ကို မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်တားဆီးရေးအတွက် ကွင်းဆင်းစစ်ဆေးခဲ့ပြီး မီးဘေးအန္တရာယ်ကင်းရှင်းရေးနှင့် မီးဘေးကြိုတင်ကာကွယ်ရေး အထောက်အကူပြုပစ္စည်းများထားရှိမှု အခြေအနေများကိုကွင်းဆင်း စစ်ဆေးဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **(အပေါ်ပုံ)**

(မြို့နယ် ပြန်/ဆက်)

လဟယ်မြို့နယ် ပြန်/ဆက် ကျေးရွာစာကြည့်တိုက်များ ရှင်သန်ခိုင်မာရေး ဆွေးနွေး

ခန္တီး ဧပြီ ၁၁

ခန္တီးခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဦးမြင့်ကျော်သည် လဟယ်မြို့နယ်ရုံးသို့ မတ် ၇ရက်က ရောက်ရှိရာ မြို့နယ်ရုံးဝန်ထမ်းများနှင့်တွေ့ဆုံ၍ ၂၀၁၀-၂၀၁၁ခုနှစ်တွင် ဆောင်ရွက်မည့် လုပ်ငန်းစဉ် (၁၂)ရပ်ကို ဆွေးနွေးသည်။

ယင်းနောက် လဟယ်မြို့နယ် ဦးစီးမှူး ဦးမြသွင်က လဟယ်မြို့နယ်အတွင်း ကျေးရွာစာကြည့်တိုက်များ ရှင်သန်ခိုင်မာရေး ဆောင်ရွက်မှုများကို ရှင်းလင်းတင်ပြရာ ခရိုင်ဦးစီးအရာရှိက ရုံးလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးကြောင်း သိရသည်။

(ခရိုင် ပြန်/ဆက်)

သရက်မြို့နယ် စည်ပင်သာယာရေးအဖွဲ့၏ ပျိုးခြံအတွင်း ပန်းအလှပင်နှင့် အရိပ်ရပင်များ ပျိုးထောင်ထားမှုကို မကွေးတိုင်းစည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးဆန်းမော်ခင်ကွင်းဆင်းကြည့်ရှုစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးအောင်ကျော်ဟိန်းက လုပ်ငန်းဆောင်ရွက်ထားရှိမှုအခြေအနေကို ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

ဆုချီးမြှင့်

ဇဟန်းမြို့နယ် ငါးထပ်ကြီးဘုရားရင်ပြင်တော်ပေါ်တွင် နွေရာသီ အဆင့်မြင့်ယဉ်ကျေးလိမ္မာသင်တန်းဆင်းပွဲကို မတ် ၈ရက်ကကျင်းပရာ သင်တန်းတွင် ပထမအဆင့် ပထမဆုရရှိသော မပိုးအိစံအား သင်တန်းနည်းပြချုပ် ဆုထူးပန်ဆရာဟန်က ဆုချီးမြှင့်စဉ်။

(မြို့နယ် ပြန်/ဆက်)

ရန်ကုန်မြို့ ဘိုကလေးဈေးလမ်း အမှတ်(၅)နေ ဦးအောင်ဝင်း(ခ)ဦးတင်ဟန်မိသားစုက တွံတေးမြို့ မိဘဂုဏ်ဘိုးဘွားရိပ်သာ အထွေထွေအတွက် ငွေကျပ်နှစ်သိန်းလှူဒါန်းရာ အလှူရှင်ကိုယ်စား မိဘဂုဏ်ဘိုးဘွားရိပ်သာအတွင်းရေးမှူး ဦးမြသိန်းထံ လှူဒါန်းစဉ်။ (၁၀၅)

ဆားလင်းကြီး၌ ဘဝအလင်းရောင် စာကြည့်တိုက်ဆောက်လုပ်

ဆားလင်းကြီး ဧပြီ ၁၁

မုံရွာခရိုင် ဆားလင်းကြီးမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ခင်ဝင်းကြည်သည် မတ် ၁၃ ရက်က ဘုတ်စုကျေးရွာ ဘဝအလင်းရောင် စာကြည့်တိုက်ဆောက်လုပ်မှုကို ကွင်းဆင်းစစ်ဆေးရာ စာကြည့်တိုက်ဆောက်လုပ်မှုကော်မတီဥက္ကဋ္ဌ ဦးမြင့်စိုးက စာကြည့်တိုက်ဆောက်လုပ်မှုအခြေအနေကို ရှင်းလင်းတင်ပြသည်။

ထို့နောက် မြို့နယ်ဦးစီးမှူးသည် စာကြည့်တိုက်ဆောက်လုပ်ပြီးစီးမှု အခြေအနေကို ကြည့်ရှုစစ်ဆေးပြီး စာကြည့်တိုက်ဆောက်လုပ်ရေးကော်မတီဝင်များနှင့်တွေ့ဆုံဆွေးနွေးကြသည်။ **(မြို့နယ် ပြန်/ဆက်)**

ဧရာဝတီတိုင်း ပုသိမ်ခရိုင် ငပုတောမြို့နယ် ရေကျော်ကြီးကျေးရွာအုပ်စု အောင်ဘကျေးရွာတွင် နိုင်ငံတော်ခွင့်ပြုငွေ၊ ကျေးရွာမှစုပေါင်းငွေဖြင့် ဆောက်လုပ်ခဲ့သည့် အလင်းရောင်စာကြည့်တိုက် အဆောက်အအုံသစ် ဖွင့်ပွဲအခမ်းအနားကို မတ်၁၂ရက်က အဆိုပါစာကြည့်တိုက်ရှေ့၌ကျင်းပရာ ပုသိမ်ခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးစန်းဝင်း၊ မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်နန့်ဆွေနွယ်ဦးနှင့် ကျေးရွာအုပ်စုအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးယုံဝင်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။ (မြို့နယ် ပြန်/ဆက်)

သွေးကောင်းသွေးသန့် ရရှိနိုင်ရေးအတွက် အသိပညာပေးဆွေးနွေး

မိုးမောက် ဧပြီ ၁၁

ကချင်ပြည်နယ် ဗန်းမော်ခရိုင် မိုးမောက်မြို့နယ် ပြည်သူ့ဆေးရုံ၌ ဧပြီ ၆ရက် နံနက်၁၀နာရီခွဲက HIV ပိုးကင်းစင်သော သွေးကောင်းသွေးသန့်များ ရရှိနိုင်ရန်အတွက် အသိပညာပေးဆွေးနွေးပွဲ အခမ်းအနား ကျင်းပသည်။

ဆွေးနွေး

အခမ်းအနားတွင် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးမြင့်စိန်က အမှာစကားပြောကြားပြီး ဗန်းမော်ခရိုင် ပြည်သူ့ဆေးရုံမှ အဖွဲ့မှူး ဒေါက်တာနီလာမောင်က သွေးကောင်းသွေးသန့်ရရှိရေးနှင့်ပတ်သက်၍ ဆွေးနွေးသည်။ **(မြို့နယ် ပြန်/ဆက်)**

နောက်ဆုံးရ နိုင်ငံတကာသတင်းများ

မောင်ချစ်ကြည်-စုစည်းသည်

အီရန်အနောက်တောင်ပိုင်း၌ ဗုံးပေါက်ကွဲ

အီရန်နိုင်ငံအနောက်တောင်ပိုင်း အီလန်ပြည်နယ်တွင် ဧပြီ ၁၁ရက်က ဗုံးပေါက်ကွဲမှုဖြစ်ပွားရာ အရပ်သား ၁၀ဦး ဒဏ်ရာရရှိခဲ့ကြောင်း၊ ဗုံးပေါက်ကွဲမှုနှင့် ပတ်သက်ပြီး စုံစမ်းစစ်ဆေးလျက်ရှိကြောင်း အီရန်ရဲတပ်ဖွဲ့က ပြောကြားသည်။

ကမ္ဘာ့ဈေးကွက်၌ ဒေါ်လာတန်ဖိုးကျဆင်း

ကမ္ဘာ့ငွေကြေးဈေးကွက်တွင် အမေရိကန်ဒေါ်လာတန်ဖိုးများ ကျဆင်းလျက်ရှိရာ ဂျပန်ငွေကြေးဈေးကွက်၌ ဧပြီ ၁၁ရက်က ဂျပန်ယန်း ၉၀လျှင် အမေရိကန် တစ်ဒေါ်လာဖြစ်ခဲ့ကြောင်း ဂျပန်အရာရှိများက ပြောကြားသည်။

ဆော်ဒီအာရေဗျ၌ ဆီးနှင်းများထူထပ်စွာကျဆင်း

ဆော်ဒီအာရေဗျနိုင်ငံ အနောက်တောင်ပိုင်း တာနိုမက်မြို့၌ ဧပြီ ၁၁ရက်က ဆီးနှင်းများထူထပ်သိပ်သည်းစွာ ကျဆင်းခဲ့သဖြင့် မော်တော်ယာဉ်သွားလာမှု ပြတ်တောက်ခဲ့ကြောင်း ဆော်ဒီအရာရှိများက ပြောကြားသည်။

ဘရာဇီးကုန်သွယ်ရေးအဖွဲ့ အီရန်ရောက်ရှိမည်

ဘရာဇီးနှင့် အီရန်နှစ်နိုင်ငံကုန်သွယ်ရေးနှင့် ဆက်ဆံရေးတိုးတက်စေရန်အတွက် ဘရာဇီးနိုင်ငံမှ စက်မှုနှင့် ပြည်ပကုန်သွယ်ရေးဝန်ကြီး မီရွယ်ဂျော့ဦးဆောင်သော ကုန်သွယ်ရေးကိုယ်စားလှယ်အဖွဲ့ အီရန်နိုင်ငံ တီဟီရန်မြို့သို့ ဧပြီ ၁၂ရက်၌ ရောက်ရှိမည်ဖြစ်ကြောင်း၊ ကိုယ်စားလှယ်အဖွဲ့တွင် အဖွဲ့ဝင် ၈၀လိုက်ပါလာမည်ဖြစ်ကြောင်း အီရန်အရာရှိများက ဧပြီ ၁၁ရက်၌ ပြောကြားသည်။

ဂါဇာကမ်းမြောင်ဒေသမှ ရင်ချင်းဆက်အမြွှာခွဲစိတ်စဉ်သေဆုံး

ပါလက်စတိုင်းရှိ ဂါဇာကမ်းမြောင်ဒေသမှ သီတင်းနှစ်ပတ်သားအရွယ် ရင်ချင်းဆက် အမြွှာညီအစ်မနှစ်ဦးအား ဆော်ဒီအာရေဗျနိုင်ငံ ရီယာ့ဒ်မြို့ဆေးရုံတွင် ဆရာဝန်ကြီးများက ခွဲစိတ်ကုသပေးခဲ့သော်လည်း နှစ်ဦးစလုံးသေဆုံးခဲ့ကြောင်း ပါလက်စတိုင်းမှ ကျန်းမာရေးအရာရှိများက ဧပြီ ၁၁ ရက်၌ သတင်းထုတ်ပြန်သည်။ ***(အောက်ပုံ)***

အိုကလာဟိုးမားမြို့ ရှော့ပင်းမော၌ ပစ်ခတ်မှုဖြစ်ပွား

အမေရိကန်နိုင်ငံ အိုကလာဟိုးမားမြို့ ရှော့ပင်းမောတွင် ဧပြီ ၁၁ ရက် နံနက်က သေနတ်သမားတစ်ဦးပစ်ခတ်မှုကြောင့် တစ်ဦးသေဆုံးပြီး အခြားသူများ ဒဏ်ရာရရှိခဲ့ကြောင်း၊ သေနတ်သမားအား ရဲတပ်ဖွဲ့က စုံစမ်းရှာဖွေလျက်ရှိကြောင်း သတင်းထုတ်ပြန်သည်။

ပနားမားသင်္ဘော အပိုင်စီးခံရမှုမှ လွတ်မြောက်

ပနားမားနိုင်ငံမှ ကုန်တင်သင်္ဘောတစ်စင်းသည် ယီမင်နှင့် ဆိုမာလီနိုင်ငံအကြား ရေပြင်တွင် ပင်လယ်ဓားပြများက အပိုင်စီးရန် ကြိုးစားခဲ့ရာ ပနားမားသင်္ဘောက မြန်နှုန်းမြှင့် မောင်းနှင်ခဲ့သဖြင့် လွတ်မြောက်လာခဲ့ကြောင်း ပနားမားအရာရှိများက ဧပြီ ၁၁ရက်၌ ပြောကြားသည်။

မက္ကဆီကိုအရှေ့မြောက်ပိုင်း၌ ဗုံးပေါက်ကွဲ

မက္ကဆီကိုနိုင်ငံ အရှေ့မြောက်ပိုင်းရှိ အမေရိကန်ကောင်စစ်ဝန်ရုံးအပြင်ဘက်၌ ဧပြီ ၁၁ရက် နံနက်က ဗုံးပေါက်ကွဲမှုဖြစ်ပွားကြောင်း၊ ကောင်စစ်ဝန်ရုံးအနည်းငယ် ထိခိုက်ပျက်စီးသွားကြောင်း၊ ဒဏ်ရာရရှိသူမရှိကြောင်း မက္ကဆီကိုအရာရှိများက သတင်းထုတ်ပြန်သည်။

အမေရိကန်နိုင်ငံ ဆန်ဂျို့စ်မြို့သို့ မုန်တိုင်းတိုက်ခတ်နိုင်

အမေရိကန်နိုင်ငံ ဆန်ဂျို့စ်မြို့သို့လာမည့် ၄၈နာရီအတွင်း မုန်တိုင်းဝင်ရောက်တိုက်ခတ်နိုင်ကြောင်း၊ ယင်းမုန်တိုင်းကြောင့် မိုးသည်းထန်စွာ ရွာသွန်းနိုင်ပြီး ရေလွှမ်းမှုများ ဖြစ်ပွားနိုင်ကြောင်း ဧပြီ ၁၁ ရက်က သတင်းထုတ်ပြန်ထားသည်။ ***(အင်တာနက်)***

ဘဝနတ်ထံ ပျံလွန်တော်မူသော မကွေးဆရာတော်ကြီး ဘဒ္ဒန္တကုမာရ၏ ဥတုဇရုပ်ကလာပ်တော်အား စံကျောင်းတော်ပင့် ထီးဖြူဖွင့် အခမ်းအနားကျင်းပ

နေပြည်တော် ဧပြီ ၁၁

ဘဝနတ်ထံ ပျံလွန်တော်မူသော သက်တော်(၈၈)နှစ် သိက္ခာတော်(၆၈)ဝါရှိ နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ ဥက္ကဋ္ဌ နိုင်ငံတော်ပရိယတ္တိသာသနာ့ တက္ကသိုလ်များ၏ အဓိပတိ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ မကွေးမြို့ မဟာဝိသုတာရာမ တိုက်သစ်ကြီး၏ ဦးစီးပဓာန နာယက အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘဒ္ဒန္တကုမာရ၏ ဥတုဇရုပ်ကလာပ်တော်အား စံကျောင်းတော်ပင့် ထီးဖြူဖွင့် အခမ်းအနားကို ယနေ့ မွန်းလွဲ ၁နာရီတွင် မကွေးမြို့ရှိ မဟာဝိသုတာရာမတိုက်သစ်၌ ကျင်းပသည်။

တက်ရောက်ကြည်ညို

စံကျောင်းတော်ပင့် ထီးဖြူဖွင့်အခမ်းအနားသို့ နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် ဆရာတော်များ၊ ပင့်သံဃာတော်များ၊ မကွေးမြို့ မဟာဝိသုတာရာမတိုက်သစ် ပဓာန နာယကဆရာတော်၊ တိုက်အုပ်ဆရာတော်နှင့် နာယကဆရာတော်များ၊ စာချ စာသင် သံဃာတော်များ၊ ရပ်နီးရပ်ဝေးမှ တပည့်သံဃာများကြွရောက်၍ သံဝေဂဉာဏ် ပွားများတော်မူကြပြီး သာသနာရေး ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင်၊ မကွေးတိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်မှူးကြီးဘုန်းမော်ရွှေ၊ နယ်မြေခံတပ်နယ်မှ ဗိုလ်မှူးချုပ်စိုးထွဋ်၊ တိုင်းအဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ အန္တိမအဂ္ဂိစျာပန ကျင်းပရေးကော်မတီဝင်များ၊ သာသနာ့နွယ်ဝင်သီလရှင်များ၊ ဆရာတော်ကြီး၏ ဆွေတော် မျိုးတော်များ၊ ဘာသာရေးနှင့် လူမှုရေး အသင်းအဖွဲ့ဝင်များ၊ တပည့်ဒါယကာ ဒါယိကာမများ၊ အလှူရှင်များနှင့် ဒေသခံပြည်သူများ တက်ရောက်ကြည်ညိုကြသည်။

ရှေးဦးစွာ ဆရာတော်၊ သံဃာတော်များနှင့် ဧည့်ပရိသတ်တို့က "သဗ္ဗေသင်္ခါရာ အနိစ္စာတိ" အစချီသော သံဝေဂ သုံးဂါထာကို ရွတ်ဆိုကြကာ သံဝေဂဉာဏ် ပွားများကြ၍ အခမ်းအနားကို ဖွင့်လှစ်သည်။

သီလခံယူဆောက်တည်

ထို့နောက် ဧရာဝတီတိုင်း ညောင်တုန်းမြို့ ပုဏ္ဏာမာရာမ ဈေးကုန်းကျောင်းတိုက် ပဓာန နာယက ညောင်တုန်းဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာ သဒ္ဓမ္မဇောတိက ဘဒ္ဒန္တသြဘာသာဘိဝံသထံမှ ဧည့်ပရိသတ်တို့က ငါးပါးသီလခံယူ ဆောက်တည်ကြသည်။

ယင်းနောက် သာသနာရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဦးသူရက ဆရာတော်ကြီး၏ ဥတုဇရုပ်ကလာပ်တော်အား ယာယီစံကျောင်းတော်မှ အန္တိမပူဇာစံကျောင်းတော်သို့ ကြွချီတော်မူပါမည့်အကြောင်း အဘိယာစနနိမန္တနဂါထာဖြင့် ပင့်လျှောက်သည်။

ပင့်ဆောင်

ဆက်လက်၍ ဆရာတော်ကြီး၏ ဥတုဇရုပ်ကလာပ်တော်အား ယာယီစံကျောင်းတော်တုလွတ်ဝေယံသိမ်တော်ကြီးမှ ကျောင်းတိုက်ဝင်းအတွင်းရှိ အန္တိမပူဇာ စံကျောင်းတော်မဏ္ဍပ်ကြီးသို့ ပင့်ဆောင်ခြင်း အစီအစဉ်ကိုကျင်းပရာ ဆရာတော်ကြီး၏ ဘွဲ့တံဆိပ်တော် အဆောင်အယောင်များနှင့် ဓာတ်ပုံတော်များကို ဥပါသကာများ၊ ဆွေတော် မျိုးတော်များက ရှေ့ဆုံးမှ ပင့်ဆောင်ကြပြီး ဆရာတော်ကြီး၏ ဥတုဇရုပ်ကလာပ်တော်အား တပည့် သံဃာတော်များ၊ ဆရာတော်ကြီး၏ဆွေတော်မျိုးတော်များ၊ အန္တိမအဂ္ဂိ ဈာပန ကျင်းပရေးကော်မတီဝင်များ၊ တပည့် ဒါယကာများက အသီးသီး အလှည့်ကျ ပင့်ဆောင်ကြကာ နတ်မင်းကြီး လေးပါးတို့က ထီးဖြူတော်များ ဆောင်မိုး ပူဇော်ကြလျက်လည်းကောင်း၊ ဘာသာရေး ဝတ်အသင်းအဖွဲ့ဝင်များကဆရာတော်ကြီး၏ သီလဂုဏ်၊ သမာဓိဂုဏ်၊ ပညာဂုဏ်တော်တို့အား ရည်မျှော်မှန်းကာ လက်အုပ်ချီမိုး ရှိခိုးပူဇော်ကြလျက် လည်းကောင်း ဝှဲချီးခမ်းနားစွာ ပင့်ဆောင်ကြသည်။

ယင်းနောက် ဆရာတော်ကြီး၏ ဥတုဇရုပ်ကလာပ်တော်အား အန္တိမပူဇာ စံကျောင်းတော် မဏ္ဍပ်ကြီးအတွင်းရှိ ကြာကလပ်တော်၌ အပူဇော်ခံထားရှိရာ ဧည့်ပရိသတ်တို့က ဩကာသကန်တော့ချီးဖြင့် ညီညာဖြဖြ ရှိခိုးပူဇော်ကြသည်။

ထီးဖြူဖွင့်

ထို့နောက် သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာနမှ ကျွမ်းကျင်သူ ဦးမင်းကြည်က "ကီဠိတုံ သာဓုကီဠာယ" အစချီသော ဂါထာကို ဖတ်ကြား၍ ထီးဖြူဖွင့် အခမ်းအနားကို ဖွင့်လှစ်သည်။

ဆက်လက်၍ သာသနာရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဦးသူရက "သေတစ္ဆတ္တ ဝိဝရဏ" ဂါထာကို ဖတ်ကြား၍ ထီးဖြူတော်များဖွင့်လှစ်ပူဇော်ရန် ပန်ကြားရာ နတ်မင်းကြီးလေးပါးတို့က ဆရာတော်ကြီး၏ ဥတုဇရုပ်ကလာပ်တော်အား ထီးဖြူတော် လေးစင်းဖွင့်လှစ်၍ ပူဇော်ကြသည်။

ဖတ်ကြားပူဇော်

ထို့နောက် မကွေးမြို့ မဟာဝိသုတာရာမတိုက်သစ် စာချဂဏဝါစက ဆရာတော် ဘဒ္ဒန္တတေဇိန္ဒက ဆရာတော်ကြီး၏ ထေရုပ္ပတ္တိအကျဉ်းကိုလည်းကောင်း၊ စာချဂဏဝါစကဆရာတော် ဘဒ္ဒန္တကုသလက ဓမ္မသံဝေဂဂါထာကိုလည်းကောင်း၊ ဘဒ္ဒန္တဝိစိတ္တက ပစ္ဆိမဝန္ဒနာဂါထာကိုလည်းကောင်း ဖတ်ကြားပူဇော်ကြသည်။

သီကျူး

ဆက်လက်၍ အဆိုတော်ဒေါ်ရီရီသန့်က သာသနာရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဦးသူရ ရေးစပ်ပူဇော်သော ဧကပိုဒ်ရတုနှင့်ထပ်ကွန့်နဘောစပ်(၈၀)ပေါ်တေးထပ်တို့ဖြင့် သီကျူးပူဇော်သည်။

ယင်းနောက် သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာနမှ ကျွမ်းကျင်သူ ဦးမင်းကြည်က ဆရာတော်ကြီး၏ဥတုဇရုပ်ကလာပ်တော်အား စံကျောင်းတော်အတွင်းရှိ ကြာကလပ်တော်ပေါ်၌ သီတင်းသုံးတော်မူပါရန် တောင်းပန်လျှောက်ထားသည့် အဘိယာစနနိမန္တန ဂါထာကို ဖတ်ကြားပြီး သံဃာတော်များနှင့် ပရိသတ်တို့က "အနိစ္စာ ဝတ သင်္ခါရာ" အစချီသော သံဝေဂ သုံးဂါထာကို ရွတ်ဆိုပွားများကြ၍ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ပေးအပ်လှူဒါန်း

ဘဝနတ်ထံ ပျံလွန်တော်မူသော နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ ဥက္ကဋ္ဌ နိုင်ငံတော်ပရိယတ္တိ သာသနာ့တက္ကသိုလ်များ၏ အဓိပတိ နိုင်ငံတော်သံဃမဟာ နာယကအဖွဲ့ ဥက္ကဋ္ဌ မကွေးမြို့ မဟာဝိသုတာရာမတိုက်သစ်ကြီး၏ ဦးစီးပဓာန နာယက အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မဇောတိက ဘဒ္ဒန္တကုမာရ၏ ဥတုဇရုပ်ကလာပ်တော်အား မကွေးမြို့ မဟာဝိသုတာရာမတိုက်သစ်ကြီးရှိ ယာယီစံကျောင်းတော်နှင့် အန္တိမပူဇာ စံကျောင်းတော်တို့၌ အပူဇော်ခံထားရှိစဉ်အတွင်း ရပ်နီးရပ်ဝေးမှ သံဃာတော်များ၊ တပည့် သံဃာတော်များ၊ ဆရာတော်ကြီး၏ဆွေတော်မျိုးတော်များ၊ ဒါယကာ ဒါယိကာမများ၊ ဘာသာရေး ဝတ်အသင်းအဖွဲ့ဝင်များနှင့် ဒေသခံပြည်သူများ နေ့စဉ် လာရောက်၍ ဖူးမြော်ကြပြီး သံဝေဂဉာဏ် ပွားများကြကာ အလှူရှင်များကလည်း အန္တိမအဂ္ဂိဈာပန ကျင်းပရေးကော်မတီသို့ အလှူငွေများ ပေးအပ်လှူဒါန်းကြသည်။

ဟောကြား

ထို့အပြင် ဓမ္မပူဇာသဘင်များကိုလည်း ဧပြီ ၅ရက်မှ ၁၁ရက်အထိ ကျင်းပရာ နိုင်ငံကျော်ဓမ္မကထိက ဆရာတော်တို့က ဧည့်ပရိသတ်တို့အား ဓမ္မရေအေး အမြိုက်ဆေးများကို ညစဉ်တိုက်ကျွေး ဟောကြားတော်မူကြကြောင်း သိရှိရသည်။

(သတင်းစဉ်)

စံကျောင်းတော်ကြီးသို့ပင့်ဆောင်

ဘဝနတ်ထံ ပျံလွန်တော်မူသော နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ ဥက္ကဋ္ဌ နိုင်ငံတော်ပရိယတ္တိသာသနာ့ တက္ကသိုလ်များ၏ အဓိပတိ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ မကွေးမြို့ မဟာဝိသုတာရာမ တိုက်သစ်ကြီး၏ ဦးစီးပဓာန နာယက အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘဒ္ဒန္တကုမာရ၏ ဥတုဇရုပ်ကလာပ်တော်အား ယာယီစံကျောင်းတော် တုလွတ်ဝေယံသိမ်တော်ကြီးမှ ကျောင်းတိုက်ဝင်းအတွင်းရှိ အန္တိမပူဇာ စံကျောင်းတော်မဏ္ဍပ်ကြီးသို့ ပင့်ဆောင်ကြစဉ်။

(သတင်းစဉ်)

ဆရာတော်ကြီး၏ ဥတုဇရုပ်ကလာပ်တော်အား အန္တိမပူဇာ စံကျောင်းတော်မဏ္ဍပ်ကြီးအတွင်းရှိ ကြာကလပ်တော်၌ အပူဇော်ခံထားရှိရာ ဧည့်ပရိသတ်တို့က ဖူးမြော်ကန်တော့ကြစဉ်။

(သတင်းစဉ်)

ဘဝနတ်ထံ ပျံလွန်တော်မူသော မကွေးဆရာတော်ကြီး အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘဒ္ဒန္တကုမာရ၏ အန္တိမဈာပန ပူဇာအခမ်းအနားအတွက် အလှူငွေများ ပေးအပ်လှူဒါန်း

နေပြည်တော် ဧပြီ ၁၁

ဘဝနတ်ထံ ပျံလွန်တော်မူသော သက်တော်(၈၈)နှစ် သိက္ခာတော်(၆၈)ဝါရှိ နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ ဥက္ကဋ္ဌ နိုင်ငံတော် ပရိယတ္တိသာသနာ့တက္ကသိုလ်များ၏ အဓိပတိ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ မကွေးမြို့ မဟာဝိသုတာရာမ တိုက်သစ်ကြီး၏ ဦးစီးပဓာန နာယက အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘဒ္ဒန္တကုမာရ၏ အန္တိမဈာပန ပူဇာ အခမ်းအနားအတွက် အလှူတော်ငွေ ပေးအပ်လှူဒါန်းပွဲ အခမ်းအနားကို ယနေ့ နံနက်ပိုင်းတွင် မကွေးမြို့ မဟာဝိသုတာရာမ တိုက်သစ်ကြီးရှိ တုလွတ်ဝေယံသိမ်တော်ကြီး၌ကျင်းပရာ သာသနာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် သူရမြင့်မောင်၊ မကွေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်မှူးကြီး ဘုန်းမော်ရွှေ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ အန္တိမအဂ္ဂိဈာပနကျင်းပရေးကော်မတီဝင်များနှင့်အလှူရှင်များ တက်ရောက်ကြည်ညိုကြသည်။

ထို့နောက် မကွေးဆရာတော်၏ အန္တိမ ဈာပနပူဇာအတွက် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၊ မြန်မာ့စီးပွားရေးကော်ပိုရေးရှင်း၊ မြန်မာ့စီးပွားရေး ဦးပိုင်လီမိတက်၊ ပြည်နယ်၊တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၊ ဌာနဆိုင်ရာများ၊ ပြည်တွင်း ပြည်ပမှ အလှူရှင်များ၏ အလှူတော်ငွေများ၊ မေတ္တာစင်တာအဖွဲ့ (အင်ဒိုနီးရှား)၏ သင်္ကန်းဒွိစုံ အစုံ ၁၀၀၀၊ ထီးဖြူတော် လေးလက်နှင့် စတုဒိသာ အလှူတော်များအတွက် တန်ဖိုးငွေကျပ် ၃၅၆သိန်း ခြောက်သောင်းကျော် အပါအဝင် အလှူရှင် အသီးသီးတို့က ယနေ့အထိ အလှူတော်ငွေ စုစုပေါင်း ငွေကျပ် ၁၇၂၂၉၇၂၅၀တို့ကို ပေးအပ်လှူဒါန်းကြရာ ဝန်ကြီး ဗိုလ်မှူးချုပ် သူရမြင့်မောင်၊ တိုင်းဥက္ကဋ္ဌ ဗိုလ်မှူးကြီး ဘုန်းမော်ရွှေနှင့် တာဝန်ရှိသူများက လက်ခံကြသည်။ **(အပေါ်ပုံ)**

ငါးပါးသီလခံယူ

ရှေးဦးစွာ အခမ်းအနားကို နမောတဿ သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ဖွင့်လှစ်ပြီး မကွေးမြို့ အောင်ပုံတောရ ဆရာတော် ဘဒ္ဒန္တကုန္ဒကထံမှ ဧည့်ပရိသတ်တို့က ငါးပါးသီလ ခံယူဆောက်တည်ကြသည်။

အမျှပေးဝေ

ယင်းနောက် မကွေးမြို့ အောင်ပုံတောရဆရာတော် ဘဒ္ဒန္တကုန္ဒကထံမှ ဧည့်ပရိသတ်တို့က အနုမောဒနာတရား နာယူကြပြီး လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြကာ ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆို ဆုတောင်း၍ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

(သတင်းစဉ်)

မကွေးဆရာတော်ကြီး၏ သရီရဓာတ်ပြာတော်များ ရေမျှောပူဇော်ခြင်း သရီရဓာတုပဝါဟန ပူဇာသဘင် ကျင်းပမည်

နေပြည်တော် ဧပြီ ၁၁

ဘဝနတ်ထံ ပျံလွန်တော်မူသွားသော မကွေးဆရာတော်ကြီး၏ သရီရဓာတ်ပြာတော်များ ရေမျှောပူဇော်ခြင်း၊ သရီရဓာတုပဝါဟနပူဇာသဘင်ကို ဧပြီ ၁၃ရက် နံနက် အရုဏ်တက်တွင် မကွေးမြသလွန်စေတီတော်ဘုရားပွဲတော်ကွင်းရှိ လောင်တိုက်တော်မှ ဘုရားပွဲတော်ကုန်း ဆိပ်ကမ်းသို့ အစီအစဉ်အတိုင်း ပင့်ဆောင်ကျင်းပမည်ဖြစ်ကြောင်း၊ ဆရာတော်ကြီး၏ သရီရဓာတ်ပြာတော်များအား ကရဝိက်ရေယာဉ်ဖြင့် ဧရာဝတီမြစ်အတွင်းရှိ သတ်မှတ်နေရာ၌ ရေမျှောပူဇော်မည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဖွံ့ဖြိုးသာစွ · · · · မြို့မင်းလှ

> သတင်းခရီးသည် - မြင့်မောင်စိုး > ဓာတ်ပုံမှတ်တမ်း - မျိုးမင်းသိန်း(မရမ်းကုန်း) > စာမျက်နှာဖွဲ့စည်းမှု - ဝင့်မာသွင်(မြန်မာ့အလင်း)

ရန်ကုန် ဧပြီ ၁၁

ပဲခူးတိုင်း(အနောက်ပိုင်း)ဆီက တိုးတက်ပြောင်းလဲလာသော မြို့နယ်များအနက် မင်းလှမြို့နယ်သည်လည်း အပါအဝင်ဖြစ်သည်။ ဤမြို့နယ်သည် စိုက်ပျိုးမြေ ဧရိယာ ကျယ်ဝန်းသည်။

သာယာလှ

မင်းလှမြို့နယ်သို့သွားလျှင် ရန်ကုန်-ပြည်ကားလမ်းမှ အတွင်းထဲသို့ နှစ်မိုင်ခန့် ဝင်သွားရသည်။ ဤမြို့နယ်၏ နယ်နိမိတ်ကိုလေ့လာကြည့်လျှင် အရှေ့ဘက်တွင် ကျောက်တံခါး၊ အနောက်ဘက်တွင် မိုးညို၊ တောင်ဘက်တွင် လက်ပံတန်းနှင့် မြောက်ဘက်တွင် အုတ်ဖိုမြို့နယ်များက ဝန်းရံထား၏။ စိုက်ပျိုးရေးကောင်းမွန်သော ဤမြို့သည်ကား စပါးခင်းများနှင့် သာယာလှပေသည်။

မင်းလှမြို့ရှိ အခြေခံပညာအထက်တန်းကျောင်း အဆောက်အအုံ····။

အကျယ်အဝန်း

မြန်မာ့အလင်းသတင်းအဖွဲ့သည် ၂၀၀၉ခုနှစ်နိုဝင်ဘာလဆန်းပိုင်းက မင်းလှမြို့နယ်သို့ ရောက်ခဲ့ရာတွင် မြို့နှင့်ပတ်သက်၍ လေ့လာမှတ်သားခဲ့ရသည်။ မြို့နယ်၏ ဧရိယာအကျယ်အဝန်းမှာ ၂၅၈ ဒသမ ၃၁ စတုရန်းမိုင်ရှိသည်။ မြို့ပေါ် ရပ်ကွက်မှာ ရှစ်ရပ်ကွက်ရှိပြီး ကျေးရွာပေါင်း ၁၄၇ရွာ ရှိကြောင်း သိရသည်။ ရွာအားလုံးလိုလိုပင် စိုက်ပျိုးရေးကို အားထားလုပ်ကိုင်ကြသည်။ အထူးသဖြင့် နွေစပါး၊ မိုးစပါးနှင့် မတ်ပဲတို့ကို အဓိက ထားစိုက်ပျိုးကြသည်။

ဤမြို့နယ်သည် စိုက်ပျိုးရေးမြို့နယ်ဖြစ်သည့်အလျောက် မိုးစပါးစိုက်ခင်းများက မြို့ကို ဝန်းရံလျက်ရှိသည်။ အချို့သော နေရာများတွင်ကား မတ်ပဲများစိုက်ပျိုးရန် ထယ်ရေး ပြင်ဆင်ထားသည်ကိုလည်း တွေ့ရသည်။

အထောက်အကူပြု

မင်းလှမြို့နယ်၏ စိုက်ပျိုးရေး တိုးတက်အောင်မြင်မှုများနှင့်စပ်လျဉ်း၍ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ ဦးဝင်းလှိုင်က ဤသို့ ရှင်းပြသည်။ “ကျွန်တော်တို့ မင်းလှမြို့နယ်မှာ ပြီးခဲ့တဲ့ မိုးရာသီကာလက မိုးစပါး ဧက ၉၇၄၀၀ စိုက်ပျိုးနိုင်ခဲ့ပါတယ်။ ယခုအခါမှာတော့ မိုးစပါးများ ရိတ်သိမ်းနေပါပြီ။

ရိတ်သိမ်းပြီးတဲ့ မိုးစပါးနေရာမှာတော့ မတ်ပဲ ဧက ၆၆၆၈၀ကို နေကြာနဲ့ ရောညှပ်စိုက်ပါတယ်။ ဒီလို သီးညှပ်စိုက်ခြင်းအားဖြင့် ကျွန်တော်တို့ ဒေသရဲ့ စားသုံးဆီလိုအပ်ချက်ကို အထိုက်အလျောက် အထောက်အကူပြုနိုင်မှာ ဖြစ်ပါတယ်။ နွေစပါးကိုတော့ မတ်ပဲ အပြီးမှာ ၁၈၆၅၈ဧက စိုက်ဖို့လျာထားပါတယ်”ဟု ဦးဝင်းလှိုင်က မြန်မာ့အလင်းသို့ ရှင်းပြသည်။

ဘက်စုံဖွံ့ဖြိုး

မင်းလှမြို့နယ်သည် လယ်ယာကဏ္ဍတွင်သာမက အခြားသော ဆက်သွယ်ရေး၊ ပညာရေးနှင့် လမ်းပန်းဆက်သွယ်ရေး ကဏ္ဍများတွင်လည်း အစစအရာရာ တိုးတက်ပြောင်းလဲနေပြီဖြစ်သည်။ ဤမြို့နယ်တွင် တစ်ချိန်က လက်လှည့်အိတ်ချိန်းဖုန်းများကို သုံးစွဲနေရာမှ ၂၀၀၃ခုနှစ် မတ် ၃၀ရက်တွင် ဒစ်ဂျစ်တယ် အော်တိုအိတ်ချိန်းရုံးကို ဖွင့်လှစ်နိုင်ခဲ့သဖြင့် ဒေသတစ်ခုမှ ဒေသတစ်ခုသို့ လွယ်ကူစွာ ဖုန်းဖြင့်ဆက်သွယ် ပြောဆိုနိုင်ပြီဖြစ်သည်။ ယခုအခါဖုန်းအလုံး ၅၀၀ တပ်ဆင် သုံးစွဲလျက်ရှိပြီး ထပ်မံတိုးချဲ့ တပ်ဆင်ရန် ဖုန်းလိုင်း ၃၆၀ရှိကြောင်း သိရသည်။

အလားတူ ဂျီအက်စ်အမ်ဖုန်းလိုင်းများကိုလည်း ၂၀၀၉ခုနှစ် ဖေဖော်ဝါရီလတွင် တပ်ဆင် အသုံးပြုနိုင်ခဲ့သည်။ လက်ရှိဂျီအက်စ်အမ် ဖုန်းအလုံးရေ ၆၀၀ တပ်ဆင်အသုံးပြုနေပေပြီ။

“မင်းလှမြို့နယ်မှာ ငွေချည်(၆) ဝါစိုက်ပျိုးရေး တွန်းအားပေး ဆောင်ရွက်ခဲ့ပါတယ်”

ဦးဝင်းလှိုင်
မင်းလှမြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ။

ရုပ်မြင်သံကြား

ထို့အတူ မင်းလှမြို့နယ်အတွင်းရှိ ပြည်သူများ သတင်းနှင့် ဗဟုသုတတိုးပွားစေရန် ရည်ရွယ်လျက် မြန်မာ့ရုပ်မြင်သံကြားထပ်ဆင့်လွှင့် စက်ရုံကြီးကိုလည်း ၂၀၀၂ခုနှစ် ဖေဖော်ဝါရီလက ဖွင့်လှစ်ပေးနိုင်ခဲ့သည်။ ယင်းထပ်ဆင့်လွှင့် စက်ရုံ၏ လွှင့်အားမှာ ဝပ် ၂၅၀ရှိကြောင်း သိရသည်။ ဤထပ်ဆင့်လွှင့်စက်ရုံ တည်ဆောက်ပေးနိုင်ခဲ့မှုကြောင့် မင်းလှမြို့နယ်အပါအဝင် လက်ပံတန်း၊ မိုးညိုနှင့် အုတ်ဖိုမြို့နယ်များအထိ လွှမ်းခြုံလျက် ရုပ်မြင်သံကြား ထုတ်လွှင့်ပေးနိုင်ခဲ့ပေပြီ။

ကျန်းမာရေး

ကျန်းမာရေးကဏ္ဍ၌လည်း (၂၅) ခုတင်ဆံ့ ဆေးရုံတစ်ရုံရှိပြီး ကျန်းမာရေးဝန်ထမ်းများအနေဖြင့် မင်းလှမြို့နယ်အတွင်း၌ ကြိုတင်ကာကွယ်မှု အပါအဝင် ကုသရေးတို့ကို ထိရောက်စွာ အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်နိုင်မှုကြောင့် ပြည်သူများအတွက် ကျန်းမာရေး အကျိုးကျေးဇူးများ ရရှိစေခဲ့သည်။

မင်းလှမြို့ရှိ မြန်မာ့ရုပ်မြင်သံကြား ထပ်ဆင့်လွှင့် စက်ရုံကို ဤသို့ တွေ့ရသည်။

ရိတ်သိမ်းပြီးတဲ့ မိုးစပါးနေရာမှာတော့ မတ်ပဲ ဧက ၆၆၆၈၀ ကို နေကြာနဲ့ ရောညှပ်စိုက်ပါတယ်။ ဒီလို သီးညှပ်စိုက်ခြင်း အားဖြင့် ကျွန်တော်တို့ ဒေသရဲ့ စားသုံးဆီလိုအပ်ချက်ကို အထိုက်အလျောက် အထောက်အကူပြုနိုင်မှာ ဖြစ်ပါတယ်။

ပညာရေး

အခြေခံပညာရေး ကဏ္ဍမှာလည်း တိုးတက် ပြောင်းလဲလာလျက်ရှိသည်။ အခြေခံပညာ အထက်တန်းကျောင်း၊ အလယ်တန်းကျောင်းနှင့် မူလတန်းကျောင်းများ တိုးချဲ့ဖွင့်လှစ်ပေးနိုင်ခဲ့မှုကြောင့် ဒေသနေကျောင်းနေအရွယ် ကလေးများ ပညာသင်ယူနိုင်ခွင့် အခွင့်အလမ်းများ ပိုမိုကောင်းမွန်လာသည်ကို တွေ့ရပေသည်။

ပဲခူးတိုင်း မင်းလှမြို့အဝင် လမ်းမကြီးကို ဤသို့ လှပသပ်ရပ်စွာ တွေ့ရသည်။

ပိုမိုဖြစ်ထွန်း

သို့ဖြစ်၍ မင်းလှမြို့နယ်သည် စိုက်ပျိုးရေးကို အခြေပြုကာ အမျိုးသားအကျိုးစီးပွားကို ပိုမိုဖြစ်ထွန်းစေလျက်ရှိပါကြောင်း သတင်းခရီးသည်များ ကွင်းဆင်း မှတ်တမ်းတင် လိုက်ရပါကြောင်း။ ။

(မြန်မာ့အလင်း)

12-4 (07).pmd 1 4/12/2010, 2:08 AM

မြို့မဈေးကြီးသို့ တောင်ကြီးမြို့ အနီးဝန်းကျင်မှ ဒေသခံတိုင်းရင်းသားများကလည်း ဤသို့ နေ့စဉ်လာရောက်ဝယ်ယူလျက်ရှိကြသည်။

■ *ရှေ့ဖုံးမှ*

မြင်ကွင်း

အအေးဓာတ်လွှမ်းခြုံထားသဖြင့် အနွေးထည်ဝတ်၊ ခေါင်းစွပ် စွပ်ထားသော်လည်း တစ်ကိုယ်လုံး စိမ့်နေအောင် အေးလေသည်။ တည်းခိုသည့်နေရာ၌ ပစ္စည်းများထားကာ မြို့ထဲသို့ ချက်ချင်းပင် ပြန်ထွက်ခဲ့သည်။ တောင်ကြီးမြို့နံနက်ခင်း၏ မြင်ကွင်းအလှများကား နေရာတိုင်း၌ ပန်းချီကားတစ်ချပ်ကဲ့သို့ မြင်တွေ့ရသည်။

ဥဒဟို

တောင်ကြီးမြို့လယ်ရှိ ဗိုလ်ချုပ်အောင်ဆန်းလမ်းအတိုင်း လျှောက်လာခဲ့ရာ မော်တော်ယာဉ်များ၊ ဆိုင်ကယ်များဖြင့် ဥဒဟို သွားလာလှုပ်ရှားနေကြသော တောင်ကြီးမြို့သူ မြို့သားများကို တွေ့ရသည်။ ထိုသို့ သွားရင်းနှင့်ပင် သွားလာလှုပ်ရှားနေသူများဖြင့် စည်စည်ကားကားဖြစ်နေသော တောင်ကြီးမြို့၏ အဓိက မြို့မဈေးသို့ ရောက်တော့သည်။

ပစ္စည်းမျိုးစုံ

သုံးထပ်နှင့် လေးထပ်တိုက် အဆောက်အအုံတို့ ပါဝင်လျက် စနစ်တကျ ဖွဲ့စည်းတည်ဆောက်ထားသည့်ဈေးဖြစ်ပြီး အဆင့်အတန်းမြင့်လှကြောင်း တွေ့ရသည်။ ဈေးအဆောက်အအုံအတွင်း ဝင်ရောက်လေ့လာကြည့်ရာ ဆိုင်ခန်းတိုင်း ပစ္စည်းမျိုးစုံအပြည့်။ ရှမ်းသံဝဲဝဲဖြင့် ရောင်းသံ၊ ဝယ်သံများကို နားဝင်ချိုစွာ ကြားနေရသည်။

မြေညီထပ်

ဈေးမြေညီထပ်မှ ဈေးတာဝန်ခံရုံးရှိရာသို့ တက်လာခဲ့သည်။ ဈေးတာဝန်ခံရုံးခန်း၌ ဈေးတာဝန်ခံ ဦးခင်အေးကို အဆင်သင့်ပင် တွေ့ရသည်။ မြို့မဈေးကြီးအတွင်း လိုက်လံစစ်ဆေးပြီး ထိုင်ခုံ၌ ထိုင်ကာမျှရှိသေးသည်ဟု ၎င်းက ပြောပြသည်။ ထို့နောက် တောင်ကြီး မြို့မဈေးကြီးနှင့် ပတ်သက်သည့် အကြောင်းအရာများကို ဦးခင်အေးက စိတ်ရှည်စွာ ရှင်းပြသည်။

စည်ကား

"မြို့မဈေးကို အပိုင်းလေးပိုင်းနဲ့ ဖွဲ့စည်းထားပါတယ်။ ဈေးရုံတွေ အနေနဲ့ကတော့ အေရုံ၊ ဘီရုံ၊ စီရုံ၊ ဒီရုံကနေပြီး အက်စ်ရုံအထိ စုစုပေါင်း ၁၆ရုံ ရှိပါတယ်။ အလျား ၁၀ပေ၊ အနံ ကိုးပေကျယ်တဲ့ ဆိုင်ခန်းပေါင်း ၁၇၃၂ခန်း ရှိပါတယ်။ ဆိုင်ခန်းအားလုံး ဖွင့်လှစ်ရောင်းချနေတာမို့ နေ့တိုင်း ဈေးရောင်းဈေးဝယ် တွေနဲ့ စည်ကား နေတာပါ" ဟု ပြောပြသည်။

တည်ဆောက်

မြို့မဈေးကြီးသည် တောင်ကြီးမြို့ ဗိုလ်ချုပ်အောင်ဆန်းလမ်းနှင့် စဝ်စံထွန်းလမ်းအကြား တည်ရှိသည်။ မြေအနိမ့်အမြင့်ကိုလိုက်ပြီး ဈေးရုံအထပ်များ အဆင့်ဆင့် တည်ဆောက်ထားခြင်းဖြစ်သည်။ ဈေးကြီး၏ မျက်နှာစာဘက်၌ ကြီးမားသည့် ဒစ်ဂျစ်တယ် ကြော်ငြာဘုတ်ကြီးကို အဝေးကပင် အထင်းသား မြင်တွေ့ရသည်။

"မြို့မဈေးရဲ့ အလယ်ရုံ တစ်ခြမ်းကတော့ အစားအစာတွေ ရောင်းချတဲ့ စားသောက်တန်း ထည့်သွင်းပေးထားပါတယ်။ ကျန်တဲ့ ဈေးရုံတွေမှာတော့ အထည်၊ လူ့အသုံးအဆောင်၊ ရွှေ၊ ဆေးဝါးနဲ့ အခြားစတိုးဆိုင်တွေလည်း ဖွင့်လှစ်ရောင်းချနေကြတာ တွေ့ရမှာပါ။ ဈေးသန့်ရှင်းရေးကိုလည်း နေ့စဉ် နှစ်ကြိမ်ပြုလုပ်ပေးနေပါတယ်" ဟု ဈေးတာဝန်ခံ ဦးခင်အေးက ရှင်းပြသည်။

သန့်ရှင်းသပ်ရပ်

ထို့ကြောင့်ဖြစ်မည်။ မြို့မဈေးကြီးအတွင်း သန့်ရှင်းသပ်ရပ်နေသည်ကို တွေ့ရသည်။ ဈေးရုံတိုင်း အမှိုက်ပုံးများ ထားရှိပေးထားသည်။ ဈေးဆိုင် တစ်ခန်းချင်းကိုလည်း သန့်ရှင်းစွာ၊ စည်းကမ်းရှိစွာ ရောင်းချကြရေး အမြဲသတိပေး ကြပ်မတ်ပေးလျက်ရှိကြောင်း သိရသည်။

တောင်ကြီးမြို့သည် အမြဲတမ်း အအေးဓာတ် လွှမ်းနေသည်ဖြစ်ရာ ဆိုင်ခန်းအတော်များများတွင် အအေးဒဏ်ကို အကာအကွယ်ပေးနိုင်သည့် အနွေးထည်များ၊ ခေါင်းစွပ်၊ လက်အိတ်၊ ခြေအိတ်များ ခင်းကျင်း ပြသရောင်းချနေမှုကို တွေ့မြင်ရသည်။

ပွဲကျဈေး

"တောင်ကြီးမြို့မှာတော့ ငါးရက်ဈေး ရှိတယ်။ ငါးရက်တစ်ကြိမ်ဈေးနေ့ဆိုရင် တောင်ကြီးမြို့ဝန်းကျင်ဒေသက ထွက်ရှိတဲ့ စိုက်ပျိုးရေးထွက်ကုန်တွေကို ကိုယ်တိုင်လာရောက် ရောင်းချကြတယ်။ သူတို့အတွက် ပွဲကျဈေး သတ်မှတ်ပေးပါတယ်" ဟု ၎င်းက ဆက်လက်ပြောပြသည်။

ညဈေး

ပွဲကျဈေးတန်းကို လေ့လာလိုသည်ဟု ပြောပြရာ ဈေးတာဝန်ခံ ဦးခင်အေးက လိုက်လံပြသသည်။ ငါးရက်ဈေး၌ ဒေသထွက်ကုန်များ လာရောက်ရောင်းချနိုင်ရန် မြို့မဈေး၏ တောင်ဘက်ကွက်လပ်၌ သတ်မှတ်ပေးထားသည်ကို တွေ့ရသည်။ ခင်းကျင်းရောင်းချနေသည့် ပစ္စည်းများကို လေ့လာကြည့်ရာ ပန်းဂေါ်ဖီ၊ ခရမ်းချဉ်သီး၊ ပဲပုပ်၊ လိမ္မော်သီး၊ ပန်းသီး စသည်တို့ကို ပေါများစွာ တွေ့ရသည်။ ထိုသို့ ခင်းကျင်း ရောင်းချမှုကို နံနက်မှ မွန်းလွဲ ၁နာရီခွဲအထိ ရောင်းချခွင့်ပြုထားသည်။ မွန်းလွဲ ၂နာရီမှ ည ၁၀နာရီအထိ အချိန်ကိုမူ ညဈေးအဖြစ် သတ်မှတ် ရောင်းချခွင့်ပြုထားကြောင်း သိရသည်။

ဈေးရောင်း ဈေးဝယ်

တောင်ကြီး မြို့မဈေးအတွင်း လိုက်လံလေ့လာပြီးနောက် ဈေးအတွင်းမှ ပြန်လည်ထွက်ခွာခဲ့သည်။ အေးစိမ့်သည့် ရာသီဥတုဒဏ်ကို အသားကျနေပြီဖြစ်သည့် တောင်ကြီးမြို့သူ မြို့သားများကား ဆိုင်ကယ်စီးလျက်၊ လမ်းလျှောက်လျက် အသွားအလာမပျက်၊ ဈေးရောင်း ဈေးဝယ် မပျက် လှုပ်ရှားနေကြဆဲ။

ငြိမ်းချမ်းသာယာ

တည်ငြိမ် အေးချမ်းမှုကို သက်သေပြရာ တောင်ကြီးမြို့သည်ကား ရှမ်းရိုးမပေါ်၌ ငြိမ်းချမ်းသာယာလှပစွာ တည်ရှိရင်း ဖွံ့ဖြိုးတိုးတက်မှုအဖုံဖုံဖြင့် ရှမ်းပြည်နယ်အလှကို ဝေဖြာနေအောင် ဆေးရောင်စုံ ခြယ်မှုန်းပေးနေဦးမည်မှာ အမှန်ပင်ဖြစ်ပါကြောင်း။ ။

(မြန်မာ့အလင်း)

တောင်ကြီးမြို့ ဟင်းသီးဟင်းရွက်များ ရောင်းချသည့်ဈေး၌ ဒေသထွက် လတ်လတ်ဆတ်ဆတ် ဟင်းသီးဟင်းရွက်များကို ဤသို့ ရောင်းချပေးလျက်ရှိနေ....။

တောင်ကြီးမြို့မဈေးသို့ ဆိုင်ကယ်များဖြင့် ဈေးလာဝယ်မှုကို ဤသို့ များပြားစွာ မြင်တွေ့ရမှုကလည်း....။

ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်အောင်မင်း ကဝမြို့နယ် မမောက်ကျေ
ဆားများ စုပုံနေမှုကို ကြည့်ရှုစစ်ဆေးစဉ်။

ယမန်နှစ်က ပဲခူးတိုင်းတွင် နေလှန်းဆား
ယခုနှစ်၌ နေလှန်းဆား ၈ဂ၂၀၀၀

နေပြည်တော် ဧပြီ ၁၁

ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်အောင်မင်းသည် ဧပြီ ၁၀ရက် နံနက်
ဦးမင်းဆွေ၏ နေလှန်းဆားလုပ်ငန်းခွင်သို့ ရောက်ရှိပြီး မုတ္တမပင်လယ်မှ ပင်လယ်ဆားငန်း
အတွင်းသို့ တင်ပို့နေမှု၊ ရေလှောင်ကန်မှ ရေလှည့်ကွင်းကို ဖြတ်၍ ဆားကျုံးခွက်အတွ
ဆားများကို စုပုံ၍ ဆားသိုလှောင်ရန် ဂိုဒေါင်အတွင်းသို့ သယ်ယူနေမှုတို့ကို လိုက်လံကြ

ကြည့်ရှုစစ်ဆေး

ဆက်လက်၍ ကဝမြို့နယ် မမောက်ကျေးရွာအနီးရှိ ဆားလုပ်ငန်းရှင် ဦးမျိုးသိန်းထွန်း၏ ဆားလုပ်ငန်းခွင်သို့ ရောက်ရှိပြီး ပင်လယ်ရေငန်များကို စက်များဖြင့် တင်ယူနေမှု၊ ဆားကျုံးခွက်အတွင်း ဆားအဖြစ်သို့ ရောက်ရှိနေသည့် ဆားများ စုပုံနေမှု၊ ကဝမြို့နယ် တံတားဦးကျေးရွာအနီး ပင်လယ်ရေငန်များကို စက်များဖြင့် ရေလှောင်ကန် အတွင်းသို့ ထည့်သွင်းနေမှုနှင့် ဆားကျုံးခွက်အတွင်းမှ ဆားများကို စုပုံ၍ ဂိုဒေါင်အတွင်းသို့ သယ်ယူနေမှု၊ နေလှန်းဆားများ သိုလှောင်ရန် ဂိုဒေါင်များ တည်ဆောက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ဝန်ကြီးအား ကဝမြို့နယ် တံတားဦးကျေးရွာအနီးရှိ နေလှန်းဆားလုပ်ငန်း ရှင်းလင်းဆောင်၌ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဦးစီးအရာရှိက နေလှန်းဆား ဖော်ထုတ်ဆောင်ရွက်နေမှုကို လည်းကောင်း၊ ဆားလုပ်ငန်းရှင်များက လုပ်ငန်းဆောင်ရွက်ထားရှိမှုကို လည်းကောင်း ရှင်းလင်းတင်ပြကြရာ

ဝန်ကြီးက
မှာကြားသ
ပဲခူး
ချက်လုပ်
ရွက်ခဲ့ပြီး
စောင့်ရော
လုပ်ငန်းမှု
ခဲ့သည်။

၂၀
၈ဂ ၅၀
အောင်မြင်

မြန်မာ့ရုပ်မြင်သံကြား

၁၃၇၁ခုနှစ် တန်ခူးလကွယ်နေ့
(ဥပုသ်နေ့)
၁၂-၄-၂၀၁၀ (တနင်္လာနေ့)

နံနက်ပိုင်း

၇း၀၀ ၁။ မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
၇း၂၅ ၂။ ကျန်းမာဖို့အတူကစားစို့
၇း၃၀ ၃။ နံနက်ခင်းသတင်း
၇း၄၀ ၄။ မြတ်ဂုဏ်တော်သခင် (သန်းမြတ်စိုး၊ တေးရေး-မောင်မောင်လတ်)
၇း၅၀ ၅။ သံသာချိုအေး မင်္ဂလာတေး
၈း၀၀ ၆။ ခါသကြ်န် အဆို၊ အကများ
၈း၂၀ ၇။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာ တေးသံသာ
၈း၂၅ ၈။ ခါသကြ်န် အဆို၊ အကများ
၈း၄၀ ၉။ International News
၈း၄၅ ၁၀။ ခါသကြ်န် အဆို၊ အကများ
၉း၀၀ ၁၁။ အစီအစဉ်ပြီး၏။

ညပိုင်း

၄း၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
၄း၁၀ ၂။ ခါသကြ်န် အဆို၊ အကများ
၄း၃၀ ၃။ အဝေးသင်တက္ကသိုလ် ပညာရေး ရုပ်မြင်သံကြား သင်ခန်းစာ တတိယနှစ် (ရုသစာပေ အရေးအသားအထူးပြု) (ရုသစာပေ အရေးအသား)
၄း၄၅ ၄။ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး တေးများ
၄း၅၅ ၅။ ခါသကြ်န် အဆို၊ အကများ
၅း၁၀ ၆။ တေးဂီတအစီအစဉ် (မြန်မာ့အသံခေတ်ပေါ် တေးဂီတအဖွဲ့ဖျော်ဖြေခြင်း)
၅း၂၀ ၇။ ခါသကြ်န် အဆို၊ အကများ
၅း၃၅ ၈။
၅း၄၅ ၉။
၆း၀၀ ၁၀။
၆း၁၅ ၁၁။
၆း၂၀ ၁၂။
၇း၁၀ ၁၃။
၇း၂၅ ၁၄။
၇း၃၅ ၁၅။
၈း၀၀ ၁၆။
၁၇။
၁၈။
၁၉။
၂၀။
၂၁။

မြောက်ပိုင်းဒေသများ၌ မိုးဆက်လက်ထစ်

နေပြည်တော် ဧပြီ ၁၁

ယနေ့နံနက် ၉ နာရီခွဲအထိ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်မှာ လွန်ခဲ့သော ၂၄နာရီအတွ
နေရာကွက်ကျား မိုးအနည်းငယ်ထစ်ချုန်းရွာခဲ့ပြီး မွန်ပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊
တိုင်းတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့ကာ ကျန်ပြည်နယ်နှင့် တိုင်းတို့တွင် အများအားဖြင့် သာယ
စစ်ကိုင်းတိုင်းအထက်ပိုင်းတွင် ဧပြီလ၏ ပျမ်းမျှအပူချိန်တို့ထက် ၇ဒီဂရီစင်တီဂရိတ်၊ ကချင်ပြည်နယ်
မန္တလေးတိုင်း၊ မကွေးတိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် ဧပြီလ၏ ပျမ်းမျှအပူချိန်တို့ထက် ၅ဒီဂရီစ
ဂရိတ်အထိ၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်၊ ကရင်ပြည်နယ်၊ ကယားပြည်နယ်၊ မွန်ပြည်နယ်၊ ပဲခူးတိုင်း၊ ရ
တို့တွင် ဧပြီလ၏ ပျမ်းမျှအပူချိန်တို့ထက် ၃ ဒီဂရီစင်တီဂရိတ်မှ ၄ ဒီဂရီစင်တီ ဂရိတ်အထိပိုခဲ့ပြီး က
ဧပြီလ၏ ပျမ်းမျှအပူချိန်ခန့်သာ ရှိခဲ့သည်။ မှတ်သားဖွယ်ရာမိုးရေချိန်များမှာ ပူတာအိုမြို့တွင် ဝဒသမ ၃
တွင် ဝဒသမ ၂၄လက်မတို့ ဖြစ်ကြသည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်း
ဖြစ်ထွန်းနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် အများအားဖြင့် သာယာနေသည်။

ဧပြီ ၁၂ ရက် ညနေအထိ ခန့်မှန်းချက်မှာ ကချင်ပြည်နယ်၊ စစ်ကိုင်းတိုင်းအထက်ပိုင်း
နေရာကွက်ကျား မိုးအနည်းငယ် ထစ်ချုန်းရွာနိုင်ပြီး ကျန်ဒေသများတွင် တိမ်အသင့်အတင့်ဖြစ်ထွ
ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ မြန်မာနိုင်ငံမြောက်ပိုင်းဒေသများတွင် နေရာကွက်က
ရွာနိုင်သည်။

နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့် ဖြ

ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်အောင်မင်း ကဝမြို့နယ် မမောက်ကျေးရွာရှိ နေလှန်းဆားလုပ်ငန်းခွင်၌ ဆားကျုံးခွက်မှ ထွက်ရှိလာသည့် ...ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

...ပဲခူးတိုင်းတွင် နေလှန်းဆားဧက ၅၀ စမ်းသပ်အောင်မြင် ...၌ နေလှန်းဆား ဧက ၂၀၀၀ တိုးချဲ့ဆောင်ရွက်လျက်ရှိ

နေပြည်တော် ဧပြီ ၁၁

...ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်အောင်မင်းသည် ဧပြီ ၁၀ရက် နံနက်ပိုင်းက ပဲခူးတိုင်း ကဝမြို့နယ် မမောက်ကျေးရွာရှိ ဆားလုပ်ငန်းရှင် ...လုပ်ငန်းခွင်သို့ ရောက်ရှိပြီး မုတ္တမပင်လယ်မှ ပင်လယ်ဆားငန်းရည်များကို ရေခေါ်မြောင်းမှတစ်ဆင့် စက်များဖြင့် ရေလှောင်ကန် ...ရေလှောင်ကန်မှ ရေလှည့်ကွင်းကို ဖြတ်၍ ဆားကျုံးခွက်အတွင်းသို့ အဆင့်ဆင့်တင်ပို့နေမှုနှင့် ဆားကျုံးခွက်မှ ထွက်ရှိလာသည့် ...လှောင်ရန် ဂိုဒေါင်အတွင်းသို့ သယ်ယူနေမှုတို့ကို လိုက်လံကြည့်ရှုစစ်ဆေးသည်။

...မြို့နယ် ...လုပ်ငန်း ...လုပ်ငန်း ...ယ်ရေငန် ...ယူနေမှု၊ ...အဖြစ်သို့ ...စုပုံနေမှု၊ ...ရွာအနီး ...များဖြင့် ...ည့်သွင်း ...မှ ဆား ...တွင်းသို့

သယ်ယူနေမှု၊ နေလှန်းဆားများ သိုလှောင်ရန် ဂိုဒေါင်များ တည်ဆောက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ဝန်ကြီးအား ကဝမြို့နယ် တံတားဦးကျေးရွာအနီးရှိ နေလှန်းဆားလုပ်ငန်း ရှင်းလင်းဆောင်၌ အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန ဦးစီးအရာရှိက နေလှန်းဆားဖော်ထုတ်ဆောင်ရွက်နေမှုကို လည်းကောင်း၊ ဆားလုပ်ငန်းရှင်များက လုပ်ငန်းဆောင် ရွက်ထားရှိမှုကို လည်းကောင်း ရှင်းလင်းတင်ပြကြရာ ဝန်ကြီးက လိုအပ်သည်များဖြည့်ဆည်းမှာကြားသည်။

ပဲခူးတိုင်းတွင် ယခင်က ဆားချက်လုပ်ငန်းကို ထင်းမီးဖြင့် ဆောင်ရွက်ခဲ့ပြီး သစ်တောသစ်ပင် ကာကွယ်စောင့်ရှောက်ရေးကြောင့် ဆားချက်လုပ်ငန်းများ မေးမှိန် ပျောက်ကွယ်ခဲ့သည်။

တိုးချဲ့ဆောင်ရွက်

၂၀၀၉ခုနှစ်တွင် နေလှန်းဆားဧက ၅၀ကို စမ်းသပ်ဆောင်ရွက်ခဲ့ရာ အောင်မြင်မှုရရှိသဖြင့် ယခု ၂၀၁၀ ခုနှစ်တွင် ဧက၂၀၀၀ တိုးချဲ့ဆောင်ရွက်လျက်ရှိသည်။

ပဲခူးတိုင်းအတွင်း နေလှန်းဆားလုပ်ငန်းများကို နှစ်စဉ် တိုးချဲ့ဆောင်ရွက်သွားရန်လည်း စီစဉ်လျက်ရှိသည်။

ထို့နောက် ဝန်ကြီးသည် ကဝမြို့နယ် ကျေးရွာချင်းဆက်လမ်းဖြစ်သည့် သက္ကလ-သရက်ကုန်း-အေးမွန် ၁၁မိုင်အား စက်ယန္တရားများဖြင့် မြေသားလမ်း ဖောက်လုပ်နေမှုကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ပိတောက်အားမာန် မြန်မာ့ဟန်

* သံသာဝေ ကဗျာတွေ ညွန်းကာကွဲ့
ထံတျာခြေ သဟာဆွေ ခွန်းဖြာလို့
သင်္ကြန်ခါလေ တာရေသွန်းပါပေါ့
မြန်မာပြည်တစ်ဝန်း သာလွန်းသည်။

* နေအပူ ရဲချင်ရဲ
လေအပူ သဲချင်သဲ
နွေအပူ ကဲချင်ကဲ
မာန်ဖွဲ့ကို ဘယ်မလျှော့လေဘဲ
ခေါင်းမော့ကာ ရင်ဆိုင်လို့
လောကဒဏ် ခံနိုင်စွမ်းလေတော့
ဆန်းသလောက်ကွယ် သိန်သရေဝင့်
လမ်းတစ်လျှောက်ဝယ် စိန်ရွှေဆင့်
ပန်းပိတောက်ရယ် ထိန်ဝေတင့်
ကြွားဝင့်ခဲ့ပြီ။

* သြော်- တစ်နှစ်တစ်ခါပေါ့
သချစ်သဒ္ဒါမပျက် ကျော်လွှားခဲ့လေတဲ့
သစ္စာဘက်တော်သားပေမို့
ပန်းများအလယ် ထိန်ထိန်တောက်ရှော့ထင့်
ပိတောက်ဟာ မြန်မာလူမျိုးတို့ရဲ့
"မညှိုးတဲ့ ဇာတိမာန်
ညှို့မခံတဲ့ သတ္တိဖွဲ့
မလှဲမလံ အောင်အတိတ်ရယ်နှင့်
အောင်စိတ်ကို လှစ်ဖော်ကျူးသည်"မို့
နှစ်ဦးမွန် အလှဆန်းလေတဲ့
မြန်မာ့ပန်းလို့ ခေါ်ထိုက်သည်
ဆင်းသီဂီ ရွှေရည်ပို။

* ပန်းပိတောက် ပမာလေ
လျှမ်းမောက်စွာ ဘဝအမြင်နှင့်
အလှအယဉ်တွေ အစဉ်ခြေသွားပါလို့
ဒို့များ ဆိုချင်ပါရဲ့
ကဲ လာလေ သဟာဆွေတစ်စုတို့ရဲ့
ရွှဲပါစေ အတာရေမမှုပါနဲ့
သူ့ရင်ကို အေးစေကြောင်း
ကိုယ့်ရင်ကို အေးစေကြောင်း
နှစ်ဟောင်းခါ အညစ်အကြေးကိုဖြင့်
နှစ်သစ်ခါ အသစ်အတွေးရယ်နဲ့
ဆေးကြောကာ အတာပွဲကို
နွှဲလိုက်ကြစို့။ ။

မြင်းမူမောင်နိုင်မိုး

မြန်မာသက္ကရာဇ် ၁၃၇၁ ခုနှစ် မဟာသင်္ကြန်ပွဲတော်နှင့်စပ်လျဉ်း၍ ယဉ်ကျေးမှုဝန်ကြီးဌာန၏ နှိုးဆော်ချက်

မြန်မာသက္ကရာဇ် ၁၃၇၁ခုနှစ် ကဆုန်လဆန်း ၂ရက်မှ ၄ရက်နေ့သည် နှစ်ဟောင်းမှ နှစ်သစ်သို့ ကူးပြောင်းသည့် မဟာသင်္ကြန်အခါတော် ဖြစ်ပါသည်။

ဤအခါသမယတွင် မြန်မာတို့သည် သက်ကြီးဝါကြီးများအား ပူဇော်သက္ကာရပြုခြင်း၊ ရှင်ပြုရဟန်းခံ အလှူမင်္ဂလာများ ကျင်းပခြင်းနှင့် တိရစ္ဆာန်များ ဘေးမဲ့လွှတ်ခြင်းစသော မင်္ဂလာအမှုတို့ကို ပြုမြဲဖြစ်ပါသည်။

ဓလေ့အစဉ်အလာ

ထို့အပြင် နှစ်ဟောင်းတွင် အညစ်အကြေးများရှိခဲ့ပါက ဆေးကြောသန့်စင်သည့်အနေဖြင့် တစ်ဦးနှင့်တစ်ဦး ကြည်လင်သန့်ရှင်း မွှေးပျံ့သင်းသည့် နံ့သာရည်များကို သပြေခက်ဖြင့် ပက်ဖျန်းကြသည့် ဓလေ့အစဉ်အလာလည်း ရှိပါသည်။

သို့သော် လူငယ်တို့သဘာဝ အပျော်လွန်ရာမှ ကြမ်းတမ်းစွာ ရေကစားခြင်းဖြင့် တစ်ဖက်သားကို အနာတရဖြစ်စေခြင်း၊ တစ်ဖက်သားမခံချင်အောင် နောက်ပြောင်မိခြင်း၊ ခိုက်ရန်ဖြစ်ပွားခြင်း၊ ယာဉ်အန္တရာယ်ကျရောက်ခြင်း စသည့် အမင်္ဂလာများလည်း သက်ရောက်တတ်ပါသည်။

ရည်ရွယ်ချက်များ

၁၃၇၁ခုနှစ် မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော်ကို အောက်ပါ ရည်ရွယ်ချက်များနှင့်အညီ ကျင်းပသွားရန် ဖြစ်ပါသည်-

(က) ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော်ကို မြန်မာ့ဓလေ့ထုံးတမ်းအစဉ်အလာနှင့်အညီ ရိုးရာမပျက် ဆက်လက်ထိန်းသိမ်းရန်၊

(ခ) ပြည်သူများ စိတ်ရွှင်လန်းချမ်းမြေ့စွာဖြင့် ရေသဘင်ပွဲတော်တွင် ယဉ်ကျေးသိမ်မွေ့စွာ ပါဝင်ဆင်နွှဲနိုင်ရန်၊

(ဂ) ပြည်သူများသည် မိမိတို့ပင်ပန်းနွမ်းနယ်သမျှကို အတာရေပက်ဖျန်း လန်းဆန်းစေပြီး နိုင်ငံတော်၏ တာဝန်များကို နှစ်သစ်တွင် စွမ်းအားအပြည့်ဖြင့် ဆောင်ရွက်နိုင်ကြစေရန်၊

(ဃ) မြန်မာမှု မြန်မာ့ဟန် မြန်မာ့ရိုးရာယဉ်ကျေးမှု အနှစ်သာရများ၊ အမျိုးသားရေး စရိုက်လက္ခဏာများကို ဆက်လက်ထိန်းသိမ်းစောင့်ရှောက်တတ်ကြစေရန်။

နှိုးဆော်

သို့ပါ၍ မြန်မာ့ရိုးရာယဉ်ကျေးမှုမဟာသင်္ကြန်ပွဲတော်၏ မွန်မြတ်သော ရည်ရွယ်ချက်များကို မထိခိုက်စေရန်အတွက် အောက်ပါတို့ကို ရှောင်ကြဉ်ကြပါရန် နှိုးဆော်အပ်ပါသည် -

(က) မြန်မာ့ရိုးရာယဉ်ကျေးမှု ဓလေ့စရိုက်နှင့် ဖီလာဆန့်ကျင်ပြီး မြန်မာလူမျိုးများ၏ အမြင်တွင် မတင့်တယ်သည့် ဝတ်စားဆင်ယင်မှု၊ နေထိုင်မှု၊ ပြုမူမှုများ၊

(ခ) ဘာသာတရား၏ အဆုံးအမနှင့် မလျော်ညီသည့် ရုန့်ရင်းကြမ်းတမ်းစွာ ပြောဆိုမှုများ၊

(ဂ) သူတစ်ပါးအား ဒဏ်ရာအနာတရဖြစ်စေပြီး အန္တရာယ်ဖြစ်စေမည့် ကြမ်းတမ်းသည့် ရေကစားမှု၊ ထိပါးနှောင့်ယှက်မှုများ၊

(ဃ) တစ်ပါးသူ၏ ဂုဏ်သိက္ခာ ပျက်ပြားထိခိုက်စေရန် တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ၊ ပြောဆိုခြင်း၊ သံချပ်ထိုးခြင်း၊ သီဆိုခြင်း၊ လှုပ်ရှားဆောင်ရွက်ခြင်းစသည့် အပြုအမူများ။

...ကြား

...နေ့

၈း၂၅	၈။	ခါသင်္ကြန် အဆို၊ အကများ
၈း၄၀	၉။	International News
၈း၄၅	၁၀။	ခါသင်္ကြန် အဆို၊ အကများ
၉း၀၀	၁၁။	အစီအစဉ်ပြီး၏။

ညပိုင်း

၄း၀၀	၁။	စစ်ချီတေး၊ စစ်သည်တေး
၄း၁၀	၂။	ခါသင်္ကြန် အဆို၊ အကများ
၄း၃၀	၃။	အဝေးသင်တက္ကသိုလ် ပညာရေး ရုပ်မြင်သံကြား သင်ခန်းစာ တတိယနှစ် (ရသစာပေ အရေးအသား အထူးပြု) (ရသစာပေ အရေးအသား)
၄း၄၅	၄။	မျိုးချစ်စိတ်ဓာတ် ရှင်သန် ထက်မြက်ရေး တေးများ
၄း၅၅	၅။	ခါသင်္ကြန် အဆို၊ အကများ
၅း၁၀	၆။	တေးဂီတအစီအစဉ် (မြန်မာ့အသံခေတ်ပေါ် တေးဂီတအဖွဲ့ဖျော်ဖြေခန်း)
၅း၂၀	၇။	ခါသင်္ကြန် အဆို၊ အကများ
၅း၃၅	၈။	သူ့လက်သံ
၅း၄၅	၉။	ခါသင်္ကြန် အဆို၊ အကများ
၆း၀၀	၁၀။	ညနေခင်းသတင်း
၆း၁၅	၁၁။	မိုးလေဝသအခြေအနေ
၆း၂၀	၁၂။	ဆိုကြမယ်၊ ပျော်ကြမယ်
၇း၁၀	၁၃။	ခါသင်္ကြန် အဆို၊ အကများ
၇း၂၅	၁၄။	**နွမ်းသမျှပြေ လန်းကြစေ အဆင့်မြင့်အောင်သပြေ**
၇း၃၅	၁၅။	ခါသင်္ကြန် အဆို၊ အကများ
၈း၀၀	၁၆။	ပြည်တွင်းသတင်း
	၁၇။	နိုင်ငံတကာသတင်းများ
	၁၈။	မိုးလေဝသအခြေအနေ
	၁၉။	**ကျွန်စစ်မင်း** (အပိုင်း-၁) လူမင်း၊ မေသန်းနု၊ ပန်းဖြူ၊ ထက်ထက်မိုးဦး၊ စိုးမြတ်နန္ဒာ (ဒါရိုက်တာ-လူမင်း)
	၂၀။	**သုခုမရင်ပြင်**
	၂၁။	မင်းကွန်းဆရာတော်ကြီး၏ အရပ်ဆယ်မျက်နှာမေတ္တာ ဘာဝနာပွားများခြင်း တရားတော်

...ိုင်းဒေသများ၌ မိုးဆက်လက်ထစ်ချုန်းနိုင်

နေပြည်တော် ဧပြီ ၁၁

...အထိ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်မှာ လွန်ခဲ့သော ၂၄နာရီအတွင်းက ကချင်ပြည်နယ်တွင် ...ယ်ထစ်ချုန်းရွာခဲ့ပြီး မွန်ပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် တနင်္သာရီ ...င့်ဖြစ်ထွန်းခဲ့ကာ ကျန်ပြည်နယ်နှင့် တိုင်းတို့တွင် အများအားဖြင့် သာယာခဲ့သည်။ နေ့အပူချိန်များမှာ ...် ဧပြီလ၏ ပျမ်းမျှအပူချိန်တို့ထက် ၇ဒီဂရီစင်တီဂရိတ်၊ ကချင်ပြည်နယ်၊ စစ်ကိုင်းတိုင်းအောက်ပိုင်း၊ ...င့် တနင်္သာရီတိုင်းတို့တွင် ဧပြီလ၏ ပျမ်းမျှအပူချိန်တို့ထက် ၅ဒီဂရီစင်တီဂရိတ်မှ ၆ ဒီဂရီစင်တီ ...းပြည်နယ်၊ ကရင်ပြည်နယ်၊ ကယားပြည်နယ်၊ မွန်ပြည်နယ်၊ ပဲခူးတိုင်း၊ ရန်ကုန်တိုင်းနှင့် ဧရာဝတီတိုင်း ...ချိန်တို့ထက် ၃ ဒီဂရီစင်တီဂရိတ်မှ ၄ ဒီဂရီစင်တီ ဂရိတ်အထိပိုခဲ့ပြီး ကျန်ပြည်နယ်နှင့်တိုင်းတို့တွင် ...၁ ရှိခဲ့သည်။ မှတ်သားဖွယ်ရာမိုးရေချိန်များမှာ ပူတာအိုမြို့တွင် ၀ဒသမ ၃၁လက်မနှင့် မချမ်းဘောမြို့ ...ဖြစ်ကြသည်။

...ခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် တိမ်အသင့်အတင့် ...ပင်လယ်အော်တွင် အများအားဖြင့် သာယာနေသည်။

...အထိ ခန့်မှန်းချက်မှာ ကချင်ပြည်နယ်၊ စစ်ကိုင်းတိုင်းအထက်ပိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် ...ယ် ထစ်ချုန်းရွာနိုင်ပြီး ကျန်ဒေသများတွင် တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။ ရွာရန်ရာနှုန်း ၆၀ ... လှိုင်းအသင့်အတင့်ရှိမည်။

...န့်မှန်းချက်မှာ မြန်မာနိုင်ငံမြောက်ပိုင်းဒေသများတွင် နေရာကွက်ကျား မိုးဆက်လက်ထစ်ချုန်း ...

...မြို့နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

ဥတုရာသီ တောကိုမှီ၏

စစ်တက္ကသိုလ် အမှတ်စဉ် (၃၉) ဗိုလ်လောင်းသင်တန်း၏ (၁၂)နှစ်မြောက် ကျောင်းဆင်းနှစ်ပတ်လည်နေ့အထိမ်းအမှတ် အဖြစ်ဧပြီ၁၀ရက်က ရန်ကုန်မြို့ရှိ လူမှုဝန်ထမ်းဦးစီးဌာန ကျိုက်ဝိုင်းလူငယ်သင်တန်းကျောင်းသို့အထွေထွေ ငွေပဒေသာပင်အတွက် ငွေကျပ် သုံးသိန်းကိုးသောင်း ပေးအပ်လှူဒါန်းရာ ကျိုက်ဝိုင်းလူငယ်သင်တန်းကျောင်း ကျောင်းအုပ်က အလှူငွေ လက်ခံယူစဉ်။ (လူမှုဝန်ထမ်း)

ကျောက်ကြီးမြို့နယ်၌ သောင်းကျန်းသူများ ထောင်ထားသည့် မိုင်းနှစ်လုံး နင်းမိပေါက်ကွဲခဲ့သဖြင့် အပြစ်မဲ့ပြည်သူနှစ်ဦး ထိခိုက်ဒဏ်ရာများရရှိ

နေပြည်တော် ဧပြီ ၁၁

ပဲခူးတိုင်း ကျောက်ကြီးမြို့နယ် သစ်ချဆိပ်ကျေးရွာအရှေ့ဘက် သုံးမိုင်ခန့်အကွာ တောတွင်း၌ ဧပြီ ၆ ရက် နံနက် ၉နာရီခန့်တွင် ကျောက်ကြီးမြို့နယ် တိုင်ပင်ကျေးရွာနေ စောဝါးတာပလဲသည် အဖော်တစ်ဦးနှင့်အတူ ဝါးခုတ်ရန် သွားရောက်စဉ် သောင်းကျန်းသူများ ထောင်ထားသည့် မိုင်းတစ်လုံးအား နင်းမိပေါက်ကွဲခဲ့သဖြင့် ယာခြေချင်းဝတ်ပြတ် ဒဏ်ရာရရှိခဲ့ကြောင်း၊ စောဝါးတာပလဲအား ကျောက်ကြီးမြို့နယ်ဆေးရုံသို့ ပို့ဆောင်ကုသပေးလျက်ရှိကြောင်း သိရှိရသည်။

ပို့ဆောင်ကုသ

အလားတူ ဧပြီ ၈ရက် မွန်းလွဲ ၁၂နာရီခွဲခန့်တွင် ကျောက်ကြီးမြို့နယ် ကပ်ပယ်ကျေးရွာ အရှေ့ဘက် ကိုက် ၅၀ခန့်အကွာ ပန်းတင်တောင်အတက်လမ်းဆုံ၌ ကျောက်ကြီးမြို့နယ် သံဘိုကျေးရွာနေ ကျော်နိုင်ဦးသည် ညီမဖြစ်သူနှင့်အတူ ထင်းခုတ်ရန် ရောက်ရှိစဉ် သောင်းကျန်းသူများ ထောင်ထားသည့်မိုင်းတစ်လုံးအား နင်းမိပေါက်ကွဲခဲ့သဖြင့် ဝဲခြေချင်းဝတ်ပြတ် ဒဏ်ရာ၊ ယာခြေချင်းဝတ် မိုင်းစထိမှန် ဒဏ်ရာများ ရရှိခဲ့ကြောင်း၊ ကျော်နိုင်ဦးအား ကျောက်ကြီးမြို့နယ် ဆေးရုံသို့ ပို့ဆောင် ကုသပေးလျက်ရှိကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ထူးခြားသည့် နေ့အပူချိန်

၁၁-၄-၂၀၁၀

ချောက်မြို့	၄၅ ဒသမ ၇ ဒီဂရီစင်တီဂရိတ်
မင်းဘူးမြို့	၄၅ ဒသမ ၄ ဒီဂရီစင်တီဂရိတ်
မြင်းခြံမြို့	၄၄ ဒီဂရီစင်တီဂရိတ်
ညောင်ဦးမြို့	၄၄ ဒီဂရီစင်တီဂရိတ်

အင်အားအသင့်အတင့်ရှိ မြေငလျင်တစ်ခုလှုပ်

နေပြည်တော် ဧပြီ ၁၁

ဧပြီ၁၁ရက် မွန်းလွဲ ၁၂နာရီ ၂၉မိနစ် ၂၈စက္ကန့်တွင် ကမ္ဘာအေး မြေငလျင်စခန်းမှ အရှေ့တောင်ဘက် မိုင် ၁၆၀၀ခန့် ကွာဝေးသော မြန်မာနိုင်ငံပြင်ပ (အင်ဒိုနီးရှားနိုင်ငံ၊ ဆူမတြား)ကို ဗဟိုပြု၍ အင်အား ရစ်ချ်တာစကေး ၅ဒသမ၅ အဆင့်ရှိ အင်အားအသင့်အတင့်ရှိသော မြေငလျင်တစ်ခု လှုပ်သွားသည်ဟု တိုင်းထွာရရှိကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ သတင်းရရှိသည်။ (သတင်းစဉ်)

စိတ်သစ် လူသစ်

ချစ်နိုင် (စိတ်ပညာ)

အညာမြေလတ်ဒေသ၊ ဇာတိကျေးရွာ။

ကျွန်တော်တို့ရွာမှာတော့ ဘကြီးဟန်က သူကြီးဦးလှမောင်ကလွဲရင် ဩဇာအကြီးဆုံး ရွာလူကြီးပါ။ သူကြီးဦးလှမောင်က အသက်သုံးဆယ်။ မဲနဲ့ရွေးကောက်တင်မြှောက်ခံထားရတယ်ဆိုပေမယ့် ရပ်ရွာက လေးစားကြတဲ့ ဦးဘိုးဟန်၊ ဦးဘိုးစု၊ ဦးထွန်းဆိုင်၊ ဦးညီပုတို့ရဲ့ အကြံဉာဏ်ကိုတော့ ယူလေ့ရှိပါတယ်။ ဦးကြီးဦးလေး တော်စပ်သူများ၊ အစ်ကိုဝမ်းကွဲတော်ကြသူများလည်း ဖြစ်ကြပါတယ်။ ဒီရွာမှာတော့ တစ်ယောက်နဲ့တစ်ယောက်က ဆွေမျိုးကင်းသူ မရှိပေါင်။ တစ်ရွာလုံး ဆွေမျိုးချည်းရယ်။

ဘကြီးဟန်က စကားနည်းတယ်။ ပြောရင်တိုတိတိပဲ။

ဘကြီးဟန် စကားနည်းလို့လည်း သူတစ်ခွန်းပြောရင် တစ်ခွန်း ဆိုသလောက် ထိရောက်တယ်။ ဩဇာရှိတယ်။

သူ့မြေးတွေလှူတဲ့ အလှူပွဲမှာ ဆိုင်းဆရာနဲ့ မင်းသမီးကို သူကိုယ်တိုင် သေသေချာချာမှာပါတယ်။ သူများနဲ့ တစ်ဆင့်စကားပါးတာ မဟုတ်ဘူး။ "အလှူအဝင်နေ့ကို စောစောရောက်အောင်လာပါ။ ဒီတစ်ချက်ပါပဲ။ ဆိုင်းခ၊ မင်းသမီးခ၊ ဘာမှ ဈေးမဆစ်ဘူး။ ဆိုတဲ့အတိုင်းပေးမယ်။ စရန်လည်း တစ်ဝက်ချေပေးမယ်။ အလှူဝင်တဲ့နေ့မှာ ဆိုင်းစောစောဆင်ပြီး ဗျော စောစောတီးထားချင်တယ်။ ပြီးမှ ဆရာတို့ နားချင်နား။ အိပ်ချင်အိပ် ရတယ်"။ ဇာတ်သမား ဆိုင်းသမားကလည်း "ဖြစ်စေရပါမယ်၊ စိတ်ချပါ၊ စောစောလာမယ်" ပြောခဲ့တာပဲ။

တကယ့်အလှူဝင်တဲ့နေ့မှာတော့ ဆိုင်းအဖွဲ့က တစ်နေကုန်မျှော်ပေမယ့် မလာဘူးဗျို့။ မရောက်လာပါဘူး။ မနက်ကတည်းက ကားလမ်းမှာ လှည်း လေးငါးစီး ကြိုဖို့လွှတ်ထားတာ၊ တစ်နေကုန် တစ်နေသာဝင်သွားရော၊ မပေါ်လာပါ။ ခရီးဖင့်တာအကြောင်းတော့ရှိပါလိမ့်မယ်။ ည ရှနာရီခွဲလောက် မှ မဏ္ဍပ်ထဲ ဆိုင်းပစ္စည်းတင်တဲ့လှည်း ရောက်ချလာပါတယ်။ ဘကြီးဟန်က "ဆိုင်းပစ္စည်းတွေကို မချပါနဲ့တော့။ ပြန်ပါ။ စရန်အဆုံးခံမယ်။ ဆိုင်းမခွေနဲ့၊ မတီးနဲ့" ပြတ်ပြတ်သားသား ငြင်းပါလေရော။

ဟုတ်တာပေါ့။ တစ်ရွာလုံးက ပရိသတ်ကလည်း ဆိုင်းသမားတွေကို အစိမ်းလိုက်စားပြီး ဝိုင်းရိုက်ကြတော့မတတ်ပဲ။ ဒေါသတွေထွက်၊ စိတ်တွေ ဆိုး။ အခုချိန်မှလာရသလား။ သေသေချာချာ စောစောရောက်စေချင်ပါတယ် မှာထားပါလျက်နဲ့။ တစ်ယောက်တစ်ပေါက် မြည်တွန်တောက်တီးလိုက်တာ ဆိုင်းသမားတွေ မျက်နှာငယ်လေးတွေနဲ့ ငြိမ်ကုပ်နေကြရပါတယ်။ ရွာသူ ရွာသားဟာ နဂါးသာဆိုရင် မျက်စောင်းဝိုင်းထိုးတာနဲ့ ပြာကျလောက်သဗျို့။

သူကြီးကိုလှမောင် မဏ္ဍပ်ထဲဝင်လာတယ်။ ဝိုင်းအုံနေတဲ့ လူတွေ ဘေးကို ချဲသွားတယ်။ အားလုံးငြိမ်သက်သွား။

ဆိုင်းဆရာက ချောက်မြို့က စိန်ကုလား။

ဆိုင်းဆရာဦးစိန်ကုလားက သူကြီးနဲ့ အရင်ကတည်းက သိကျွမ်းခင်မင် ပါတယ်။ မျက်နှာနာတဲ့လူချင်းပေါ့။ "ဆိုင်းတီးပါရစေ၊ အလှူရှင်ကို ပြောပေးပါ" အသနားခံတယ်။ တိုတိုပြောရရင် "ကျန်တဲ့ဆိုင်းဖိုးငွေ တစ်ဝက်ကို ကျေနပ်မှပေးပါ။ မကျေနပ်ရင် မပေးပါနဲ့တော့။ အလှူမှာ ပါရမီဖြည့်တဲ့အနေနဲ့ စရန်ကြေး (ဆိုင်းဖိုးတစ်ဝက်)နဲ့ တီးခွင့်ပြုပါ" ဆိုနေ ပါရော။

"နေဦး၊ ကာယကံရှင်ကို ကျုပ်တောင်းပန်ပြောကြည့်ဦးမယ်" ဆိုပြီး သူကြီး ဦးလှမောင်က ဘကြီးဟန်ကို နားဝင်အောင် ပြောပါတယ်။ တောင်းပန် တိုးလျှိုးတာရယ်၊ "ဆိုင်းမပါဘဲ ငါ့မြေးတွေ ခြောက်ကပ်ကပ် လှူလိုက်ရတယ် ဆိုတဲ့အဖြစ်က ရာဇဝင်ရိုင်းလှတယ်။ ပြောစမှတ်ဖြစ်သွားမယ်။ သည်းခံ ခွင့်လွှတ်တာပဲ ကောင်းပါတယ်" ဆိုပြီး လက်ခံလိုက်တယ်။

"ကဲ တီးကြပေါ့"တဲ့။ ပရိသတ်က နားထောင်ချင်ကြတာမို့ ဝမ်းသာ သွားကြရဲ့။

စိန်ကုလားဆိုင်းက ချောက် မြို့ခံဆိုင်းပါ။

မြင်းခြံစိန်ညွှန့်အောင်၊ စလေကောလိပ်ရွှေ၊ ကျောက်ပန်းတောင်း စိန်လက်သန်း စသဖြင့် သူ့မြို့နဲ့သူ့ဆိုင်း ထင်ပေါ်ကျော်ကြားကြတာ ရှိပါ တယ်။ ဆင်ဖြူကျွန်းကိုတင်မောင်ဆိုပါစို့။

ချောက်မြို့မှာတော့ ဦးစိန်ကုလားကို ယှဉ်နိုင်တဲ့ဆိုင်းမရှိပါ။ ချောက်မြို့မှာ ဆိုင်းအဖွဲ့ သုံးလေးဖွဲ့ရှိခဲ့ပါတယ်။ ချောက်မြို့ကျက်သရေဆောင် အကောင်း ဆုံး ဆိုင်းကတော့ စိန်ကုလားပါပဲ။ တစ်နယ်လုံးသိထားတာပ။ ဦးစိန်ကုလားက ပညာမာနလည်းရှိတယ်။ ခပ်တည်တည်ပဲ။ ပြုံးခဲတယ်။ ရယ်ခဲတယ်။ ရှုတင်းတင်းနဲ့ပဲ ဆိုင်းတီးတယ်။ ပီယဝါစာလည်း သိပ်မပြောတတ်ပါဘူး။ သို့သော် ဆိုင်းကို သေသေချာချာတီးလို့ ပရိသတ်က သဘောကျကြတာပါ။

ဦးဘိုးဟန်က သူကြီးဦးလှမောင်ပြောတာ လက်ခံလိုက်ပါပြီ။ ဆိုင်းလှည်း တွေ မဏ္ဍပ်ထဲဝင်စေ။ ဆိုင်းပစ္စည်းတွေချ။ ဆိုင်းတွေ၊ ဝိုင်းတွေ၊ မှန်စီရွှေချ ထားတဲ့ ပဉ္စရူပရုပ်တွေ ဆင်ကြ။ တစ်ရွာလုံးသာမက လေးငါးမိုင် ရွာနီးချုပ်စပ် က ဆိုင်းလာနားထောင်တဲ့ ပရိသတ်က မဏ္ဍပ်တစ်ခုလုံး ပြည့်လျှံနေပြီ။ ဘိုကုန်း၊ မြေနီ၊ အုံမြား၊ ဆင်က၊ ထိန်ကန်၊ အုန်းပင်တွင်း။

"ဆိုင်းဆရာတွေကို ထမင်းကျွေးပါဟ"လို့ သူကြီးကပြောလိုက်တယ်၊ ညစာမပြောနဲ့ ပွဲကူးကြမ်းလို့ နေ့လယ်စာတောင် မစားခဲ့ရတဲ့ ဆိုင်းသမားတွေ ဆာလောင်မွတ်သိပ်နေတဲ့ ညှိုးငယ်နွမ်းလျ မျက်နှာတွေဟာ တစ်ခါတည်း ပြုံးရိပ်ပေါ်သွားတယ်။ အစားအစာဟာ လူနဲ့တည့်တယ်၊ ဆာတဲ့အချိန်စားချင် တာပေါ့။ တောင့်တမိမှာပေါ့ "ကျွန်တော်တို့မစားဘူး။ ဆိုင်းဧည့်ခံပွဲတီးပြီးမှ စားကြပါမယ်။ အဲဒီကျရင် သဒ္ဓါရင်ကျွေးပါ"တဲ့ ဆိုင်းဆရာစိန်ကုလားက တောင်းပန်တဲ့လေသံနဲ့ ပြောရှာတယ်။ သနားစရာပဲ။ ဆိုင်းသမားအားလုံး တံတွေးကို မြိုချနေရှာပြီ။

အနုပညာဆိုတာ နှလုံးသားချင်းထိတွေ့တာ။

အဲဒီညက ရွာစားကျော်ဦးစိန်ကုလားဆိုင်းအဖွဲ့ရဲ့ အလှူမင်္ဂလာ ဧည့်ခံပွဲ ကတော့ ကြီးနီရွာသာမက ချောက်မြို့နယ်တစ်ခွင်လုံးအထိ သိမ့်သိမ့်တုန်အောင် ကောင်းသတင်းတွေ မွှေးသွားစေပါတယ်။ အနုပညာသမား မခိုမကတ်တီးရင် ပရိသတ်က ကျေနပ်တာ။ အကောင်းဆုံးလုပ်ရင် ပရိသတ်ကလည်း နားနဲ့ပဲ။ နှလုံးသားနဲ့ ဦးနှောက်နဲ့ခံစားတာ။ နားထောင်နေတာ။ သိတာပေါ့။ အကောင်း တကာ့ အကောင်းဆုံးဖြစ်စေရမယ်ဆိုတဲ့ မာန်နဲ့ စိတ်အားထက်သန်မှုနဲ့ အလုပ် လုပ်ပြီဆိုရင်လည်း ပြည်သူပရိသတ်က ပြောစရာမလိုဘဲ သိနိုင်တာပါပဲ။ ဟုတ်တယ်နော်။

လူထုပရိသတ်ဆိုတာ သိပ်အကင်းပါးတာ။ လူထုကို အထင်မသေးလေနဲ့။

လူတွေကမပြောရင်သာ မပြောဘဲနေကြမယ်။ အဖြူအမည်း ဘာမဆို ရင်ထဲ အသည်းထဲကတော့ အတိုင်းအဆကို သိကြရဲ့။

ဟာ-ကောင်းလိုက်တဲ့ဆိုင်းဗျာ။ လက်ဖျားခါကြတယ်။

ဦးစိန်ကုလားဟာ အဲဒီညက အကောင်းတကာ့ အကောင်းဆုံးတွေ တီးပြီး ဖျော်ဖြေတင်ဆက်သွားခဲ့တယ်ဆိုတာ နောင်အရှည် ရာဇဝင်တွင်ပါလေရော။ ပတ်မ ချောင်က ခပ်ပိန်ပိန် လက်ပြင်ကုန်းကုန်းနဲ့လူက မျက်နှာကို ပဝါစည်းပြီး တီးပြ။ ပတ်မကြီးကို နောက်ပြန်တီးပြ။ နှဲဆရာက နှဲနှစ်လက်ကို တစ်ပြိုင်တည်း မှုတ်ပြ။ ကြေးနောင်ဆရာက လက်ခတ်လေးချောင်းနဲ့ မွှေပြီး တီးပြ။ ဟာ- တစ်ဦးချင်းလက်စွမ်းတွေပြလိုက်ကြတာကလည်း တကယ့်အံ့မခန်းပါပဲ။

ကျွန်တော်ဆယ်နှစ်သားသာသာ အရွယ်ကပါ။ အမှတ်တရ။

ဘကြီးဟန်ကလည်း ကိုစိန်ကုလားကို ဆိုင်းဖိုးငွေ အကျေချေပေးလိုက်တဲ့ အပြင် ပရိသတ်က တစ်ယောက်ပြီးတစ်ယောက် ဆုငွေတွေချကြလို့ ရသွားတာ မနည်းပေါင်ဗျာ။ စေတနာဆိုတာ ရောင်ပြန်ဟပ်တဲ့သဘောပေါ့ဗျာ။

စာရေးသူပြောချင်တဲ့စကားက အခုမှ ဆိုက်တာဗျို့။

အကောင်းတကာ့အကောင်းဆုံး လုပ်ဆောင်မယ်ဆိုတဲ့ စိတ်နေသဘောထား Mindset ရှိဖို့ အရေးကြီးပုံပါလေ။

တော်ရိလျော်ရိတွေလုပ်နေပြီး ရာထူးတက်ချင်တယ်။ ဘာသိဘာသာနေပြီး လုပ်ပိုင်ခွင့်ကျတော့ လိုချင်တယ်။ ဗရွတ်ရွှတ်တနေထိုင်ပြီး သံဃာစင်ပေါ် တက်ချင်တယ်။ သာမန်ကာလျှံကာလုပ်ပြီး ဆုတွေတံဆိပ်တွေ ရချင်တယ်။ သူများ ရာထူးတက်ရင် မေးငေါ့ချင်တယ်။ တာဝန်ပေးရင် ငြင်းချင်တယ်။ စည်းကမ်း ကောင်းသူ နေရာယူရင် မျက်စောင်းထိုးရဲ့။ ထူးထူးချွန်ချွန်လုပ်ပြလို့ ဆုရရင် အတင်းပြောချင်သေး။

တကယ်တော့ ရောက်ရာနေရာ ကျရာဘဝ မိမိကစတင်ပြီး အကောင်းဆုံး အမွန်ဆုံး လုပ်ဆောင်နေမယ်ဆိုတဲ့ သဘောထားစေတနာရှိကြရမှာ။ Brighten your corner ဆိုတဲ့ စကားလေးကို ကျွန်တော်တို့ တက္ကသိုလ်ဝင်တန်း ကျောင်းသားဘဝမှာ ဆရာမတစ်ဦးက မကြာခဏ ပြောဆိုဆုံးမလေ့ရှိခဲ့ပါ တယ်။ အဲဒီတိုက်တွန်းချက်စကားကို နားစွဲပြီး ကိုယ်လုပ်ရတဲ့တာဝန်ကို စိတ်ပါ လက်ပါနဲ့ အကောင်းဆုံးလက်ရာပေါ်ထွက်အောင် အားထုတ်ခဲ့ပါတယ်။

မိမိဖြတ်သန်းခဲ့တဲ့နေရာတိုင်းမှာ အရိပ်ရသစ်ပင် သီးပင်စားပင်တွေ ဝေဝေ ဆာဆာ မြိုင်မြိုင်ဆိုင်ဆိုင် စိုက်ပျိုးနိုင်ခဲ့လို့ အတိတ်ကို သမင်လည်ပြန် ငေးမျှော်ကြည့်ရင်း ကျေနပ်ကြည်နူးစိတ်နဲ့ ပီတိဖြစ်မိပါတယ်။ ဥပမာ-မြဝတီ စာပေတိုက်မှာ နေခဲ့ရစဉ် ထုတ်သမျှ မဂ္ဂဇင်းစာစောင်တွေကို အသွင်သဏ္ဌာန် ရော အနှစ်သာရပါ တိုးတက်အောင် ကြိုးစားနိုင်ခဲ့တယ်။ ကုန်းဘောင် ရှာပုံတော်၊ ဇာတိနဲ့ အစဉ်အလာ၊ ရာဇာဓိရာဇ်အရေးတော်ပုံ၊ မြတ်ဗုဒ္ဓဒေသနာ စတဲ့ စာအုပ်ကောင်း (၅၀)ကျော် ထုတ်ဝေနိုင်ခဲ့တယ်။ ဈေးချိုချို၊ မင်ကျမင်န ကောင်းကောင်း။

ပြန်ကြားရေးနဲ့ ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှာ တာဝန်ယူခဲ့စဉ် ကျေးလက်စာကြည့်တိုက်များ အရေအတွက်တိုးပွားအောင် တောစွန်တောင်ဖျား အထိ သွားရောက်စည်းရုံးပြီး အပင်ပန်းခံ ကြိုးစားခဲ့မိတယ်။

ပြည်သူအများ စာပေဖတ်ရှုတဲ့အလေ့အထ ရှိကြရအောင် စာပေ ဟောပြောပွဲများစွာ လိုက်ပါဟောပြောခဲ့တယ်။ မလုပ်တာနဲ့စာရင် အလုပ်လုပ် တာဟာ အကျိုးကျေးဇူး ထူးခြားပါတယ်။ အလုပ်လုပ်တာချင်းတူရင် စေတနာ ပါပါ စိတ်အားထက်သန်စွာ အကောင်းဆုံးလုပ်မယ်ဆိုတဲ့ စိတ်နဲ့လုပ်ရင် သိသိသာသာ တိုးတက်ပြောင်းလဲနိုင်ပါတယ်။

ချွတ်ယွင်းချက်၊ အားနည်းချက်၊ မပြည့်စုံသေးတာတွေ ရှိကောင်းရှိမယ်။ အဲဒါတွေက အရေးမကြီးလှပါဘူး။ လုပ်သွားရင်းက ပြုပြင်၊ ဖာထေး၊ ပြောင်းလဲ၊ ပိုကောင်းအောင် ကောင်းသထက်ကောင်းအောင် လုပ်ရုံပါပဲ။

အကောင်းဆုံးလုပ်မယ်၊ တိုင်းပြည်နဲ့ လူမျိုးကို ၂၁ရာစုထဲတွင် နိုင်ငံ တကာနဲ့ အဘက်ဘက်က ယှဉ်နိုင်အောင်၊ ခေတ်နောက်မကျအောင်၊ အောက်ကျနောက်ကျ မကျန်ရစ်ခဲ့အောင် တစ်ထောင့်တစ်နေရာက ပါဝင် ကြိုးစားလိုက်မယ် ဆိုတဲ့စိတ် ကျွန်တော်တို့အားလုံးမှာ ရှိကြဖို့လိုပါပြီ။

ဖွတ်ရှော လွတ်ရှောပဲ လုပ်ကြတာပေါ့ဆိုတဲ့ အမြင်မျိုး၊ သဘောထား မျိုးနဲ့ မတိုးတက်နိုင်ပါဘူး။ ပြုပြင်ကြပါစို့။ လမ်းဖောက်တာမှာလည်း ဒီထက်ကောင်းအောင် အရှည်အသွေးပိုကောင်းအောင် လုပ်ကြရဦးမှာပါပဲ။

ချွတ်ယွင်းချက်ပဲ ရွေးကြည့်ပြီး အပြစ်ပြောမနေနဲ့၊ လမ်းမပေါက်ခင်က ဘယ်လောက်ဒုက္ခရောက်ခဲ့ကြသလဲ၊ ဘယ်လောက်နှောင့်နှေးခဲ့ရသလဲ။ အခု လမ်းတွေပေါက်လာတော့ ဘယ်လောက်သက်သာ လွယ်ကူသလဲ။ ဘယ်လောက် မြန်ဆန်သလဲ။ ဟန်ကျတာတွေလည်း ပြောဦးမှပေါ့။ ဟုတ်တယ် မဟုတ်လား။

အဆောက်အအုံ ဆောက်တာတွေလည်း ယခင်ကထက် ပိုကောင်း လာတာ မှန်ပေမယ့် နိုင်ငံတကာ အဆောက်အအုံတွေနဲ့စာရင် ပိုမိုပြီး လှပ ခံ့ညားအောင် ပိုမိုပြီးအလင်းရောင်၊ လေဝင်လေထွက်၊ ရေစီးရေလာ၊ မြေပြင် ရှုခင်းပြင်ဆင်မှု စသည်တို့မှာ လုပ်စရာတွေ အများကြီးရှိပါသေးရဲ့။ ဟုတ်တယ်။ အလုမ်းကျယ်ပြီး အလယ်လပ်လို့မရဘူး။ အကောင်းဆုံးတွေကို ကြည့်မြင်ထားရမယ်။ ကိုယ်လုပ်နိုင်တာကစပြီးသာ အကောင်းဆုံးလုပ်ရမှာပါ။ ထိုင်ပြီး ဘုပြောနေရုံနဲ့တော့ ခရီးမရောက်ဘူး။ ဘေးထိုင်ဘုပြောတဲ့ အုပ်စု ကတော့ သူ့စေတနာသူ့ကို အကျိုးပေးပြီး လမ်းဘေးဆင်းသွားမှာပဲ။ ရှိပါစေလေ။ သူများကို သိပ်ပြီး ဝေဖန်လေကန်မနေသင့်ပါ။

မိမိတို့ တစ်ဦးချင်းက နှစ်သစ်မှာ လူသစ်စိတ်သစ်နဲ့ ကျရာနေရာ ရရာတာဝန်ကို အကောင်းဆုံး အစွမ်းကုန်ကြိုးစား လုပ်မယ်ဆိုတဲ့ (Mindset) စိတ်ထား မွေးမြူနိုင်ကြပါစေ…အားလုံးရွှင်လန်းချမ်းမြေ့ကြပါစေ….။

အကောင်းဆုံးလုပ်မယ်၊ တိုင်းပြည်နဲ့ လူမျိုးကို ၂၁ရာစုထဲတွင် နိုင်ငံတကာနဲ့ အဘက်ဘက်က ယှဉ်နိုင်အောင်၊ ခေတ်နောက်မကျအောင်၊ အောက်ကျနောက်ကျ မကျန်ရစ်ခဲ့အောင် တစ်ထောင့်တစ်နေရာက ပါဝင်ကြိုးစားလိုက်မယ်ဆိုတဲ့စိတ် ကျွန်တော်တို့အားလုံးမှာ ရှိကြဖို့လိုပါပြီ။

ချွတ်ယွင်းချက်ပဲ ရွေးကြည့်ပြီး အပြစ်ပြောမနေနဲ့၊ လမ်းမပေါက်ခင်က ဘယ်လောက်ဒုက္ခရောက်ခဲ့ကြသလဲ၊ ဘယ်လောက်နှောင့်နှေးခဲ့ရသလဲ။ အခု လမ်းတွေပေါက်လာတော့ ဘယ်လောက်သက်သာ လွယ်ကူသလဲ။ ဘယ်လောက် မြန်ဆန်သလဲ။ ဟန်ကျတာတွေလည်း ပြောဦးမှပေါ့။ ဟုတ်တယ် မဟုတ်လား။

သင်္ကြန်မိုးနှင့် နှစ်ကူးသင်္ကြန်

* သင်္ကြန်လက်ဆေး၊ မိုးပြေးဖျန်းဆွတ်လျှင်
ပိတောက်ပွင့်ဦး၊ သစ်ထူးလှသွေးဆင်
ရပ်ရှစ်ဝန်းကျင်၊ ရွှေစင်မြနန်း
ပိတောက်ဝါရွှေ၊ ငုဝါရွှေ
ထိန်ဝေ ရွှေရည်လျှမ်းသည့်နှင့်လေး။

* ရေစင်ပက်ဖျန်း၊ အေးချမ်းမေတ္တာရည်
တာသဘင်ပွဲ၊ ဆင်နွှဲပျော်ကြသည်
မြန်မာပီပီ၊ မွန်ရည်ယဉ်ကျေး
ချမ်းမြကြည်လင်၊ သွန်းရေစင်
လန်းရွှင် ပြည်လုံးအေးသည်နှင့်လေး။

* လှူတန်းမနေး၊ ကျွေးမွေးစတုဒိသာ
ခေါင်းလျှော်ရေချိုး၊ ဘိုးဘွားပူဇော
ဘုန်းကျောင်းဝိဟာ၊ ရိပ်သာခိုနား
သီလစင်ဖြူ၊ ကုသိုလ်မှု
ဆုယူ ဘာဝနာပွားသည်နှင့်လေး။

* သတ္တဝါတို့အား၊ သနားချစ်ခင်
ဘေးမဲ့လွှတ်ပွဲ၊ ခြိမ့်သဲဒိုးသံလွှင်
"ရွှေရိုး"ကရွှင်၊ မြင်သူပါပြုံး
ကိုယ်နှင့်ထပ်တူ၊ အသက်လှူ
များလူ ပျော်မဆုံးသည်နှင့်လေး။

* ပြည်တစ်ခွင်လုံး၊ လွှမ်းဖုံး"တူးပို့"သံ
ဆိုကြကကြ၊ မြူးကြွတေးချင်းညံ
နှစ်ကူးသင်္ကြန်၊ သွင်ဟန်မရိုး
မလေ့ရိုးရာ၊ စဉ်အလာ
တွယ်တာ ချစ်မြတ်နိုးသည်တည့်လေး။

* သင်္ကြန်မိုးနှင့်၊ ဖွင့်လှစ်မင်္ဂလာ နှစ်သစ်ဦးခရီးနှောင်အစချီ။
အလျှံတန်ခိုးဆင့်၊ ပွင့်သစ်ပြည်မြန်မာ
ခေတ်တစ်ခေတ်အကူး အပြီးအောင်ရမည်။ ။

ဇော်မင်းမင်းဦး

နိုင်ငံတော်မှ ဒစ်ဂျစ်တယ်အော်တိုဖုန်းလိုင်းများ၊ ဆယ်လူလာမိုဘိုင်းလ်ဖုန်းများ၊ စီဒီအမ်အေဖုန်း၊ ရေဒီယိုစခန်းများကို ဖွင့်လှစ်ပေးထားပြီဖြစ်၍လည်း မြို့နယ်အတွင်း မြို့ပြ၊ ကျေးလက်နှင့် အခြားမြို့၊ ရွာများသို့ ပြည်သူများ အလွယ်တကူ ဆက်သွယ်နိုင်ကြပြီ။

တပ်မတော်အစိုးရလက်ထက် တည်ငြိမ်အေးချမ်းမှုကြောင့် ပြည်သူအကျိုးပြုလုပ်ငန်းများ မြို့ပြ၊ ကျေးရွာ ဒေသအသီးသီးတွင် ဖွံ့ဖြိုးတိုးတက်သာယာလျက်ရှိနေသည်ကို မျက်ဝါးထင်ထင် မြင်တွေ့ရပေပြီ။ ဖွံ့ဖြိုးတိုးတက်နေမှုများမှ မိုးညှင်းမြို့နယ်၏ ပြည်သူ့အကျိုးပြု မြင်ကွင်းအချို့ကို မှတ်တမ်းပြုလိုက်ရပါကြောင်း။ ။

အရှည် ၂၁၂ပေရှိ၍ တန်ဖိုးငွေကျပ် ၁၂၀၆၂၄၀ အကုန်အကျခံခဲ့ကာ ကိုယ့်အားကိုယ်ကိုး တည်ဆောက်ခဲ့၍ လမ်းပန်းဆက်သွယ်ရေး ချောမွေ့နေသည့် မိုးညှင်းမြို့နယ် မော်ဟန်ကျေးရွာ လေးတန်ချောင်းကူးတံတား။

● *ကျော်ဖုံးမှ*

ယင်းကဲ့သို့ တည်ငြိမ်အေးချမ်းခြင်းနှင့်အတူ ဖွံ့ဖြိုးတိုးတက်သော မြို့၊ ရွာဒေသများတွင် ကချင်ပြည်နယ်အတွင်း၌ တည်ရှိသည့် မိုးညှင်းခရိုင်အဆင့်သို့ တိုးမြှင့်ဖွဲ့စည်းထားသော မိုးညှင်းမြို့နယ်သည်လည်း အပါအဝင်ဖြစ်ပေသည်။

ကျေးရွာစာကြည့်တိုက်များ မြို့ပြနှင့် ကျေးလက်မြင်ကွင်းအဖုံဖုံမှ အချို့ကိုရေးရလျှင် နိုင်ငံတော်မှ ငွေကျပ် ၁၀သိန်းမတည်၍ ပြည်သူများထည့်ဝင် စုပေါင်းစေတနာအားဖြင့် မိုးညှင်းမြို့နယ် မြိုင်သာယာကျေးရွာ လမင်းအိမ်စာကြည့်တိုက် အဆောက်အအုံကို ဖော်ဆောင်နေကြပြီဖြစ်သည်။ မိုးညှင်းမြို့နယ်တွင် ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက် ၁၀၈ခုအနက် မြေနေရာ အဆောက်အအုံပိုင်ဖြင့် ကျေးရွာ ၃၇ရွာဖြင့် ဖွင့်လှစ်ထားနိုင်ပြီဖြစ်သည်။ ကျေးရွာတိုင်းမှ ပြည်သူများ သုတ၊ ရသ စာအုပ်မျိုးစုံကို ဖတ်ရှုအားကောင်းလျက်ရှိကြပေပြီ။

ဆက်သွယ်ရေးများ

နိုင်ငံတော်မှ ဒစ်ဂျစ်တယ်အော်တိုဖုန်းလိုင်းများ၊ ဆယ်လူလာမိုဘိုင်းလ်ဖုန်းများ၊ စီဒီအမ်အေဖုန်း၊ ရေဒီယိုစခန်းများကို ဖွင့်လှစ်ပေးထားပြီဖြစ်၍လည်း မြို့နယ်အတွင်း မြို့ပြ၊ ကျေးလက်နှင့် အခြားမြို့ရွာများသို့ ပြည်သူများ အလွယ်တကူ ဆက်သွယ်နိုင်ကြပြီဖြစ်သည်။

ကိုယ့်အားကိုယ်ကိုး ၂၁၂ပေတံတား

ကိုယ့်အားကိုယ်ကိုး ချောင်းကူးတံတားကြီးကို မိုးညှင်းမြို့နယ် မော်ဟန်ကျေးရွာအုပ်စုနှင့် ပြည်ထောင်စုကားလမ်းမကြီး ဆက်သွယ်ရာ လေးတန်ချောင်းကို ဖြတ်သန်းတည်ဆောက်ထားခြင်းဖြစ်ရာ တံတားအရှည် ၂၁၂ပေ၊ အကျယ် ၁၂ဒသမ ၅ပေ၊ အမြင့် ၁၂ပေဖြစ်သည်။ ယခင်သွားလာရေး အလွန်ပင် ခက်ခဲခဲ့ရာမှ ယခုအခါ ရာသီမရွေး သွားလာနိုင်ပေပြီ။

နိုင်ငံတော်မှ ဖွင့်လှစ်ထားသော မိုးညှင်းမြို့ ဒစ်ဂျစ်တယ်အော်တို၊ မိုဘိုင်းလ်၊ စီဒီအမ်အေဖုန်း ရေဒီယိုစခန်း။



လင်းလက်တောက်ပနေသော တောင်ကိုရီးယား အနုပညာငွေကြယ်ပွင့်များ

ပြည်ပအနုပညာသတင်း
မိုးမြင့်လင်းလက်

စာမျက်နှာဖွဲ့စည်းမှု
မာမာစိုး(မြန်မာ့အလင်း)

ဆိုးလ် ဧပြီ ၁၁

နှစ်လိုဖွယ် အမူအရာများနှင့် သဘာဝကျကျ သရုပ်ဆောင်မှုကြောင့် အောင်မြင်မှုရရှိနေကြသည့် တောင်ကိုရီးယား အနုပညာရှင်များက ပရိသတ်အာရုံကို လွှမ်းမိုးနိုင်စွမ်းရှိကြသည်။ ပရိသတ်နှစ်သက်သဘောကျစေမည့် အနုပညာလှုပ်ရှားမှုများကိုလည်း ပြုလုပ်နေကြသည်ဖြစ်ရာ အာရှပရိသတ်သာမက ကမ္ဘာ့ပရိသတ်များကလည်း စိတ်ဝင်စားလျက်ရှိကြသည်။ ပရိသတ်များ စိတ်ဝင်စားကြသည့် တောင်ကိုရီးယားရုပ်ရှင်သရုပ်ဆောင် အနုပညာရှင်အချို့၏ လှုပ်ရှားမှုများကို ဖော်ပြရပါလျှင်-

ချိုဆောင်ဝူး

ပြီးခဲ့သည့် မတ် ၂၈ရက်က အသက် ၃၀ပြည့်ခဲ့သည့် ချိုဆောင်ဝူးသည် ဆိုးလ်မြို့၌ သူ၏ရင်းနှီးသော မိတ်ဆွေများနှင့်အတူ မွေးနေ့ပွဲ ကျင်းပခဲ့သည်။ ဖခင်ဖြစ်သူ ချိုဂျောင်ဆိုးနှင့် အစ်မဖြစ်သူ ချိုဆိုယွမ်တို့က အဆိုတော်နှင့် တေးဂီတပညာရှင်များဖြစ်ရာ မိသားစုဝင်များ ပါဝင်သည့် ရုပ်မြင်သံကြားဇာတ်လမ်း ရိုက်ကူးရန် စီစဉ်လျက်ရှိသည်။ ချိုဆောင်ဝူးသည် ၂၀၀၅ခုနှစ်က သူပါဝင်သရုပ်ဆောင်ခဲ့သည့် 'Marathon' ရုပ်ရှင်ကားကဲ့သို့ လက်မှတ်စောင်ရေ ငါးသန်းကျော် ရောင်းရသော ဇာတ်ကားမျိုး၌ ပါဝင်သရုပ်ဆောင်ရန် ဒါရိုက်တာ ချိုဒေါင်ဟွမ်းနှင့် ဆွေးနွေးလျက်ရှိသည်။

တစ်ဖန် ဧပြီလကုန်တွင် တရုတ်နိုင်ငံ ပေကျင်းမြို့သို့ သွားရောက်ကာ ရာဇဝင်ဇာတ်ကားတစ်ကား ရိုက်ကူးရန်အတွက် တရုတ်ရုပ်ရှင်ကုမ္ပဏီ စင်ဝေးလ်နှင့် ဆွေးနွေးမည်ဖြစ်သည်။ တောင်ကိုရီးယားနိုင်ငံတွင် ၂၀၁၀ခုနှစ်အတွက် ပရိသတ်အနှစ်သက်ဆုံး အမျိုးသားသရုပ်ဆောင်များတွင် ချိုဆောင်ဝူးက စတုတ္ထနေရာ၌ ပါဝင်လျက်ရှိသည်။

တရုတ်၌ ရုပ်ရှင်သွားရောက်ရိုက်ကူးမည့် ချိုဆောင်ဝူး။

ဆန်းဆောင်ဟွန်း (ဂျွန်စော)

အသက် ၃၄နှစ် ရှိပြီဖြစ်သည့် ဆန်းဆောင်ဟွန်း(ဂျွန်စော)ကို အာရှပရိသတ်များက ၂၀၁၀ခုနှစ်အတွက် အနှစ်သက်ဆုံး တောင်ကိုရီးယား အမျိုးသားသရုပ်ဆောင်တစ်ဦးအဖြစ် ဆန္ဒပြုခဲ့ကြသည်ဟု တောင်ကိုရီးယားနိုင်ငံထုတ် စတားအနုပညာမဂ္ဂဇင်း၌ ဖော်ပြခဲ့သည်။

ဆန်းဆောင်ဟွန်း (ဂျွန်စော)ကို ဟောင်ကောင်သရုပ်ဆောင် ကာရင်မို့ခ်၊ စူကျီ၊ ကျောင်ဝေတို့နှင့်တွဲဖက်ပြီး ရုပ်ရှင်ဇာတ်ကားတစ်ကားရိုက်ကူးရန် စီစဉ်လျက်ရှိသည်။ ထို့အတူ တောင်ကိုရီးယား၌လည်း ဒါရိုက်တာ ချိုရီဆော့ခ်က မေတ္တာဖွဲ့ ရုပ်မြင်သံကြားဇာတ်လမ်းတစ်ခု ရိုက်ကူးတော့မည်ဖြစ်သည်။ အာရှပရိသတ်များ၏ တောင်းဆိုမှုအရ တောင်ကိုရီးယား အမျိုးသမီး သရုပ်ဆောင် ဆောင်းဟေကို (အွန်စော)နှင့်တွဲဖက်ပြီး အချစ်မေတ္တာဖွဲ့ ရုပ်မြင်သံကြားဇာတ်လမ်းတွဲ ရိုက်ကူးရန်လည်း စီစဉ်နေပြီဖြစ်သည်။ တည်ငြိမ်ပြီး ဆွဲဆောင်မှုရှိသည့် ဆန်းဆောင်ဟွန်း (ဂျွန်စော)ကို အရှေ့တောင်အာရှနိုင်ငံများဖြစ်သည့် စင်ကာပူ၊ မလေးရှားနှင့် ဗီယက်နမ်နိုင်ငံတို့မှလည်း ရုပ်ရှင်ရိုက်ကူးရန် ကမ်းလှမ်းနေသဖြင့် မေလ ပထမသီတင်းပတ်၌ ယင်းနိုင်ငံများသို့ ခရီးထွက်ရန်ရှိကြောင်း သိရသည်။

အာရှပရိသတ် အသည်းစွဲ ဂျွန်စော။

ဆန်ယီကျင်း

၂၀၀၀ပြည့်နှစ်က 'Secret Tears' ရုပ်ရှင်ဇာတ်ကားဖြင့် တစ်ရှိန်ထိုး ကျော်ကြားခဲ့သည့် ဆန်ယီကျင်းသည် ၂၀၁၀ခုနှစ် ရေပန်းအစားဆုံး အမျိုးသမီးသရုပ်ဆောင်တစ်ဦးဖြစ်သည်။ တောင်ကိုရီးယား အမျိုးသမီးဒါရိုက်တာ ဝပ်ခ်ဂျေယောင်နှင့် ရုပ်ရှင်ရိုက်ကူးရန် တရုတ်နှင့် စင်ကာပူနိုင်ငံများသို့ သွားရောက်မည်ဖြစ်သည်။

ဂျပန်နိုင်ငံရှိ သူမ၏ အနုပညာပရိသတ်များနှင့်တွေ့ဆုံရန်၊ ကလေးငယ်များ ပြုစုစောင့်ရှောက်မှု လက်တွေ့အကောင်အထည်ဖော်ရန်အတွက် မကြာမီ ဂျပန်နိုင်ငံသို့လည်း ခရီးထွက်မည်ဖြစ်သည်။ လက်ရှိအချိန်တွင် ဘေယောင်ဂျွန်(ရှင်ဒေါင်ဟန့်)နှင့် ရုပ်မြင်သံကြားဇာတ်လမ်းတွဲ၌ ပါဝင်သရုပ်ဆောင်ရန် အချို့ဇာတ်ဝင်ခန်းများကို လေ့ကျင့်နေကြောင်း သိရသည်။ ဆန်ယီကျင်းသည် လက်ရှိအချိန်၌ ရုပ်ရှင်နှင့် ရုပ်မြင်သံကြားဇာတ်လမ်းတွဲများ ရိုက်ကူးလျက်ရှိရာ အချို့ဇာတ်လမ်းတွဲများကို ဟောင်ကောင်သို့ သွားရောက်ရိုက်ကူးလျက်ရှိသည်။ ဆန်ယီကျင်းသည် အာရှပရိသတ် အကြိုက်ဆုံး တောင်ကိုရီးယား အနုပညာရှင်များတွင် တတိယနေရာ၌ ရပ်တည်နေသူ ဖြစ်သည်။ လာမည့် မေလဆန်းတွင် ဆန်ယီကျင်း ပါဝင်သရုပ်ဆောင်ထားသည့် ရုပ်မြင်သံကြားဇာတ်လမ်းကို တောင်ကိုရီးယား၌ ထုတ်လွှင့်ရန် စီစဉ်လျက်ရှိသည်။

တောင်ကိုရီးယားနိုင်ငံ၌ ရေပန်းအစားဆုံး သရုပ်ဆောင်တစ်ဦးဖြစ်သည့် ဆန်ယီကျင်း။

ဘေဒူးနာ

ထူးခြားသော မျက်နှာအမူအရာဖြင့် ပီပြင်စွာ သရုပ်ဆောင်နိုင်သည့် ဘေဒူးနာကို အာရှ၌ ဂျပန်ပရိသတ်များ နှစ်သက်အားပေးကြသည်။ ဘေဒူးနာ ပါဝင်သရုပ်ဆောင်ထားသည့် Air Do ရုပ်ရှင်ဇာတ်ကားကို ဂျပန်နိုင်ငံတစ်ဝန်းတွင် ဧပြီ ၁၀ရက်မှ စတင်ပြသလျက်ရှိရာ ပရိသတ်များ အကြိုက်တွေ့လျက်ရှိသည်။

Take Care of my Cat၊ Sympathy for Mr. Vengeance နှင့် The Host ရုပ်ရှင်ဇာတ်ကားများဖြင့် နာမည်ကြီးခဲ့သူ ဘေဒူးနာကို အာရှပရိသတ်များက ချစ်ခင်အားပေးလျက်ရှိရာ အာရှနိုင်ငံအချို့ဖြစ်သည့် စင်ကာပူ၊ တရုတ်၊ ဂျပန်နှင့် ဗီယက်နမ်နိုင်ငံများသို့ သူမ၏ပရိသတ်များနှင့်တွေ့ဆုံပွဲ ပြုလုပ်ရန် ခရီးထွက်ဦးမည်ဖြစ်သည်။

ဘေဒူးနာ၏ Air Do ရုပ်ရှင်ဇာတ်ကားကို ဂျပန်ရုပ်ရှင်ကုမ္ပဏီ စီဂျေက ရိုက်ကူးထုတ်လုပ်ခဲ့ခြင်းဖြစ်သည်။ Air Do ရုပ်ရှင်ဇာတ်ကားကို ဗြိတိန်နှင့် ပြင်သစ်နိုင်ငံတို့၌လည်း ထုတ်လွှင့်ပြသတော့မည် ဖြစ်သည်။ ဂျပန်ရုပ်ရှင်ကုမ္ပဏီများက ဘေဒူးနာနှင့် ရုပ်ရှင်ဇာတ်ကားသစ်များကို ရိုက်ကူးရန်စီစဉ်နေရာ လောလောဆယ်၌မူ ဘေဒူးနာ ဂျပန်စကားပြောသင်နေပါကြောင်း။ ။ **(အင်တာနက်)**

ဂျပန်စကားပြော သင်နေသည့် ဘေဒူးနာ။

မြဝတီရုပ်မြင်သံကြား

၁၂-၄-၂၀၁၀ (တနင်္လာနေ့)

နံနက်ပိုင်း

၇:၀၀	၁။	မြဝတီအဖွင့်
၇:၀၅	၂။	တရားတော်
၇:၁၀	၃။	ဓမ္မပူဇာတေး
၇:၂၀	၄။	မျိုးချစ်တပ်မတော်
၇:၂၅	၅။	မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇:၃၀	၆။	မြန်မာသံစဉ် ချိုနားဝင်
၇:၄၀	၇။	သာယာသီကြွေး ခေတ်ဆန်းတေး
၇:၅၅	၈။	အမျိုးသားရေးတေးကဗျာ
၈:၀၀	၉။	မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀	၁၀။	အမျိုးသားရေးတေးကဗျာ

ညပိုင်း

၄:၀၀	၁။	မြဝတီအဖွင့်
၄:၀၅	၂။	အဖွင့်သီချင်း
၄:၁၅	၃။	အမျိုးသားရေးတေးကဗျာ
၄:၂၀	၄။	ရင်မှာစွဲလမ်းတော်ဝင်ပန်း
၄:၃၀	၅။	မျိုးချစ်တပ်မတော်
၄:၄၀	၆။	စိုက်ပျိုးသုတ
၄:၅၀	၇။	မြတ်နိုးကြစေ အမျိုးသားအမွေ
၅:၂၀	၈။	ဗွီစီဒီကျော်ကြားတေးများ
၅:၄၅	၉။	သာယာသီကြွေး ခေတ်ဆန်းတေး
၆:၀၀	၁၀။	မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀	၁၁။	အမျိုးသားရေးတေးကဗျာ
၆:၂၀	၁၂။	လှုပ်တစ်ပြက်
၆:၄၀	၁၃။	သံစဉ်လမ်းက လင်းလက်ကြယ်
၇:၀၀	၁၄။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **မုန်းမုန်းမေ့မေ့** (အပိုင်း-၆၈)
၈:၀၀	၁၅။	မြဝတီရုပ်မြင်သံကြားသတင်း
	၁၆။	နိုင်ငံတကာသတင်း
	၁၇။	မိုးလေဝသသတင်း
	၁၈။	အမျိုးသားရေးတေးကဗျာ
	၁၉။	Talk of The Town
	၂၀။	မေးမြန်းစူးစမ်း
	၂၁။	သီဆိုဖြေဖျော်တစ်ကိုယ်တော်
	၂၂။	ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင်
	၂၃။	ရသစုံလင် ရုပ်မြင်ဇာတ်လမ်း **ကြည်နူးဖွယ်ရာ ပျိုကညာ** (အပိုင်း-၂၇)

နှစ်သစ်အကြို အတာရေပက်ဖျန်း Air Bagan Myanmar Open 2010 ပြိုင်ပွဲပြီးစီး

တွေ့ဆုံမေးမြန်းသူ - ဝင်းကျော် ❖ ဓာတ်ပုံမှတ်တမ်း - တင်စိုး(မြန်မာ့အလင်း) ❖ စာမျက်နှာဖွဲ့စည်းမှု - ဝင်းချို(မြန်မာ့အလင်း)

ရန်ကုန် ဧပြီ ၁၁

မြန်မာပီဂျီအေနှင့် Asian Tour တို့ ပူးပေါင်းကျင်းပပြီး Air Bagan Ltd. က အဓိကကူညီပံ့ပိုးကာ IBTC က ထပ်မံပံ့ပိုးကူညီသော Air Bagan Myanmar Open 2010 ဂေါက်ရိုက်ပြိုင်ပွဲကို ဧပြီ ၈ရက်က စတင်ကျင်းပခဲ့ရာ ယနေ့ ညနေတွင် ပြိုင်ပွဲများပြီးဆုံးခဲ့သည်။

ပြိုင်ပွဲများအပြီးတွင် ဆုချီးမြှင့်ပွဲကျင်းပရာ ပထမဆုကို ဂျပန်နိုင်ငံမှ Tetsuji Hiratsuka က လေးရက်ပေါင်းရိုက်ချက် ၆၄-၆၅-၆၉-၆၆ စုစုပေါင်း ရိုက်ချက် ၂၆၄ချက်ဖြင့် ဗိုလ်စွဲပြီး၊ ဒုတိယဆုကို ထိုင်းနိုင်ငံမှ Prayad Marksaeng က စုစုပေါင်းရိုက်ချက် ၂၇၄ချက်ဖြင့် ရရှိခဲ့သည်။ ပူးတွဲတတိယဆုကို သြစတြေးလျမှ Andrew Dodt နှင့် ထိုင်းမှ Thaworn Wiratchant တို့က စုစုပေါင်းရိုက်ချက် ၂၇၅ချက်ဖြင့် ရရှိခဲ့သည်။

ဆက်တိုက်ဦးဆောင်

အနိုင်ရဗိုလ်စွဲခဲ့သူ Hiratsuka သည် ပြိုင်ပွဲဝင်သည့် လေးရက်တွင် ရှေ့ဆုံးမှ ဆက်တိုက်ဦးဆောင်ခဲ့သည်။ ပထမရရှိသူ ၎င်းအား အမေရိကန်ဒေါ်လာ ၅၀၀၀၀ ချီးမြှင့်ခဲ့သည်။

တွေ့ဆုံ

ပြိုင်ပွဲအပြီးတွင် ပထမရရှိသူ Hiratsuka အား မြန်မာ့အလင်းသတင်းအဖွဲ့မှ တွေ့ဆုံ၍ ပြိုင်ပွဲနှင့်ပတ်သက်ပြီး မေးမြန်းခဲ့ရာ -

"ကျွန်တော့်အနေနဲ့ အရင် Asian Tour ပြိုင်ပွဲတွေမှာ တစ်ခါမှ ဗိုလ်မစွဲဖူးပါဘူး၊ အခု မြန်မာပြည်ပြိုင်ပွဲကျမှ ဆုရရှိတာပါ။ ဆုရရှိမှုအတွက် ပြောမပြတတ်အောင် ဝမ်းသာမိပါတယ်။

ပရိုကစားသမား သက်တမ်းအနေနဲ့ ၂၈နှစ် ရှိပါပြီ"ဟု မြန်မာ့အလင်းသို့ ဖြေကြားသည်။

ဒီပြိုင်ပွဲကျမှ ဘာကြောင့် ဆုရတယ်ထင်သလဲဟု ဆက်လက် မေးမြန်းကြည့်ရာ- **"ဒီပြိုင်ပွဲမှာ ကျွန်တော့်ရဲ့ လက်ရည်အထူးပဲ ကောင်းမွန်ပါတယ်။ ကျွန်တော့်ကိုယ် ကျွန်တော်တောင် ဆုရမယ်လို့ မထင်ပါဘူး။ ပြိုင်ပွဲကို ရှေ့က ဆက်တိုက်ဦးဆောင်ခဲ့ပေမယ့် ဒီနေ့ နောက်ဆုံးနေ့ပြိုင်ပွဲ လက်ရည်ကို ပိုသဘောကျပါတယ်"**ဟု ဖြေကြားသည်။

အကောင်းဆုံး

ပြိုင်ဘက်တွေအပေါ် ယှဉ်ပြိုင်တဲ့အခါ ဘယ်လိုသဘောထားပါသလဲဟု မေးမြန်းရာ- **"ပြိုင်ဘက်တွေနဲ့ ပတ်သက်ပြီး သူတို့အပေါ်ကျွန်တော့်စိတ်ထဲ ဘာမှ မတွေးပါဘူး။ ကျွန်တော့် လက်ရည်အကောင်းဆုံးရဖို့ပဲ ကျွန်တော်ကြိုးစားပါတယ်"**ဟု မြန်မာ့အလင်းသို့ ပြောကြားသည်။

မြန်မာနိုင်ငံ၌ လာရောက်ကစားသည့်အတွက် စိတ်တွင်မည်သို့ခံစားရပါသလဲဟု မေးမြန်းကြည့်ရာ- **"မြန်မာပြည်ကို မလာခင် မြန်မာပြည်နဲ့ ပတ်သက်ပြီး အမျိုးမျိုးပြောကြတာ ကြားရပါတယ်။ ဒါပေမယ့် ကျွန်တော်ဒီမှာ လာကစားတဲ့အခါ အားလုံးမှားနေပါတယ်။ အေးအေးချမ်းချမ်းနဲ့ ပျော်ရွှင်နေတဲ့လူတွေကို တွေ့ရပါတယ်။ ရာသီဥတုပူပေမယ့် ပြိုင်ပွဲဝင်တဲ့အခါ အဆင်ပြေပါတယ်။**

မြန်မာပြည်မှာ နောက်ထပ်ပြိုင်ပွဲတွေရှိလို့ ကျွန်တော့်ကို ဖိတ်ရင်ထပ်ပြီး လာရောက်ကစားပါမယ်။ အခုလိုမေးမြန်းတဲ့အတွက် ကျေးဇူးတင်ပါတယ်"ဟု ဖြေကြားသွားသည်။



အနိုင်ရဗိုလ်စွဲခဲ့သူ ဂျပန်နိုင်ငံမှ Tetsuji Hiratsuka ကို ဤသို့ ပျော်ရွှင်စွာ....။

Air Bagan Myanmar Open 2010 ဂေါက်ပြိုင်ပွဲအပြီးတွင် ဆုရရှိသူများကို အထူးဖိတ်ကြားထားသူများ၊ ပြိုင်ပွဲစီစဉ်ကျင်းပသူများနှင့်အတူ တွေ့ရစဉ်။

လေးရက်ကြာကျင်းပ

Air Bagan Myanmar Open 2010 ပြိုင်ပွဲကို ဧပြီ ၈ရက်က စတင်၍ လေးရက်ကြာ ကျင်းပပြီး ယနေ့တွင် ပြိုင်ပွဲများ အောင်မြင်စွာပြီးဆုံးခဲ့သည်။ မြန်မာနိုင်ငံမှ အပျော်တမ်းပြိုင်ပွဲဝင်သူ ရန်မျိုးအေးက လေးရက်ပေါင်းရိုက်ချက် ၂၈၈ချက်ဖြင့် အဆင့် ၅၄ ရရှိခဲ့သည်။

ပြိုင်ပွဲအပြီးတွင် ဆုချီးမြှင့်ပွဲ ကျင်းပပြီးနောက် မြန်မာ့နှစ်သစ်ကူးရိုးရာသင်္ကြန်ပွဲအကြိုအဖြစ် ရေများပက်ဖျန်းကာ သင်္ကြန်သီချင်း၊ သင်္ကြန်အကများဖြင့် ပျော်ရွှင်စွာ သီဆိုကခုန်၍ မြန်မာနှစ်သစ်ကိုကြိုဆိုရင်းဖြင့် Air Bagan Myanmar Open 2010 ပြိုင်ပွဲကြီး အောင်မြင်စွာ ပြီးဆုံးခဲ့ပါကြောင်း သတင်းမြင်ကွင်း ရေးသားဖော်ပြလိုက်ရပါကြောင်း ....။ ။ **(မြန်မာ့အလင်း)**

ပြင်ဦးလွင်ဂေါက်သီးရိုက်အသင်း၏ မဟာသင်္ကြန်ရွှေဖလား ဂေါက်သီးရိုက် ပြိုင်ပွဲဖွင့်

ရန်ကုန် ဧပြီ ၁၁

ပြင်ဦးလွင်ဂေါက်သီးရိုက်အသင်းက ကြီးမှူး၍ KAUNG MYAT Companies (KM Golf Centre) က အဓိက ကူညီပံ့ပိုးသော (၅၂)ကြိမ်မြောက် မဟာသင်္ကြန်ရွှေဖလား ဂေါက်သီးရိုက်ပြိုင်ပွဲ (Pyin Oo Lwin Gold Cup) ဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက်ပိုင်းတွင် မန္တလေးတိုင်း ပြင်ဦးလွင်မြို့ ပြင်ဦးလွင်ဂေါက်ကလပ်၌ ကျင်းပသည်။

စတင်ကျင်းပ

အဆိုပါ ဖွင့်ပွဲအခမ်းအနားတွင် မြန်မာတစ်နိုင်ငံလုံးမှ ဂေါက်ကလပ်များကိုယ်စားပြု ပါဝင်ယှဉ်ပြိုင်မည့် ဂေါက်သီးရိုက်အားကစားသမားများသည် သတ်မှတ်ထားသည့် အမှတ်(၁)တီခုံ၌ နေရာယူကြပြီး ပြင်ဦးလွင် ဂေါက်သီးရိုက်အသင်း နာယကများဖြစ်ကြသော ပြင်ဦးလွင် တပ်နယ်မှူး ဗိုလ်မှူးချုပ်ဇေယျာအောင်နှင့် အဖွဲ့ဝင်များ၊ ပြင်ဦးလွင် ဂေါက်သီးရိုက်အသင်း ဥက္ကဋ္ဌ ဗိုလ်မှူးချုပ် ဇာနည်ဝင်းနှင့် KAUNG MYAT Companies (KM Golf Centre)မှ မန်နေဂျင်းဒါရိုက်တာ ဦးမောင်မောင်မြင့်တို့က ဂေါက်သီးရိုက်၍ ပြိုင်ပွဲကို ဖွင့်လှစ်ပေးကာ ကြေးအဆင့်အသင်းလိုက်ပြိုင်ပွဲ၊ ကြေးအဆင့် တစ်ဦးချင်းပြိုင်ပွဲ၊ သက်ကြီးတန်းပြိုင်ပွဲနှင့် အမျိုးသမီးပြိုင်ပွဲများကို စတင်ကျင်းပသည်။

ထပ်မံကူညီ

အဆိုပါပြိုင်ပွဲကို ပြင်ဦးလွင်ဂေါက်သီးရိုက်အသင်းက ကြီးမှူး၍ Main Sponsor အဖြစ် KAUNG MYAT COMPANIES (KM Golf Centre)က လည်းကောင်း၊ Co-Sponsor များ အဖြစ် IBTC (International Beverages Trading Co., Ltd.)၊ထူးထရေး ဒင်း၊ ရွှေချမ်းကုမ္ပဏီ၊ Hotel Pyin Oo Lwin၊ လပ်ကီးသောက်ရေသန့်၊ ပန်ဟုတ် ဒူဝါကုမ္ပဏီ၊ ရွှေသပြေကုမ္ပဏီ၊ အေဝမ်းဆောက်လုပ်ရေး၊ သော်တာဝင်း ဆောက်လုပ်ရေး၊ Elite Tech Manufacturing Co., Ltd.၊ IGE Group of Companies၊ Yatanapon Teleport Co., Ltd.၊ Asia World Co., Ltd.၊ တာမိုးညဲ ချမ်းသာထွန်းဝေသာ၊ Fortune International Co., Ltd.၊ Fisca Co., Ltd.၊ မြတ်မန္တလာထွန်း ခရီးသည်ပို့ဆောင်ရေး၊ Royal Reward Resort Hotel၊KKK ဖုန်းရောင်းဝယ်ရေး၊ မြန်မာဘီယာ၊ HAN Golf Master၊ Nikon Camera၊ Aurora Wine နှင့် OAK BARRAL Wine တို့က ထပ်မံကူညီကြကြောင်းနှင့် ပြိုင်ပွဲကို ဧပြီ ၁၁ရက်မှ ၁၄ရက်အထိ ကျင်းပသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

(၅၂)ကြိမ်မြောက် မဟာသင်္ကြန်ရွှေဖလား ဂေါက်သီးရိုက်ပြိုင်ပွဲ **(Pyin Oo Lwin Gold Cup)** ဖွင့်ပွဲအခမ်းအနားကို ပြင်ဦးလွင်ဂေါက်ကလပ်၌ ကျင်းပစဉ်။
(ပြင်ဦးလွင်ဂေါက်ကလပ်)

ရန်ကုန်ဆရာအတတ်သင်သိပ္ပံ(ကံဘဲ့) ရန်ကင်းပညာရေးကောလိပ် မြတ်ဆရာပူဇော်ပွဲ

ရန်ကုန် ဧပြီ ၁၁

ရန်ကုန်ဆရာအတတ်သင်သိပ္ပံ(ကံဘဲ့)ရန်ကင်းပညာရေးကောလိပ် ကျောင်းသားကျောင်းသူဟောင်းများ၏ နဝမအကြိမ်မြောက် အာစရိယပူဇော်ပွဲကို မေ၁ရက် နံနက် ၉နာရီတွင် ကျင်းပမည်ဖြစ်သည်။ သိပ္ပံဖွင့်လှစ်ခဲ့သည့် ၁၉၄၇ခုနှစ်မှစ၍ ယနေ့အထိ တာဝန်ထမ်းဆောင်ခဲ့ကြသော အသက်(၆၀)ပြည့် အငြိမ်းစား ဆရာကြီး ဆရာမကြီးများသည် ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ အပူဇော်ခံကြွရောက်ကြပါရန်နှင့် ကျောင်းသား ကျောင်းသူဟောင်းများသည် ဦးနု ဖုန်း-၆၃၈၃၅၅၊ ဦးသာအောင်ကျော် ဖုန်း-၃၉၆၃၁၂၊ ဦးမြတ်ကျော် ဖုန်း-၅၆၆၆၁၅၊ ဦးရန်နောင် ဖုန်း-၆၄၄၀၉၈၊ ဦးလှထွန်း(DBE-1)ဖုန်း-၅၄၈၉၇၉၊ ဦးအောင်ချိန်(DBE-2)ဖုန်း-၀၂-၆၄၆၁၄၊ ဦးအေးလွင်(DBE-3)ဖုန်း-၂၁၂၉၆၉/၃၀၆၊ ဒေါ်အေးအေးစိုး(DEPT)ဖုန်း-၀၆၇-၄၀၇၃၉၅၊ ဦးသိန်းလွင် ဖုန်း-၄၀၀၃၆၂၊ ဦးစိန်သွေး ဖုန်း-၅၆၁၅၆၅၊ ဦးကျော်ဒွေး၊ ဦးစိုးတင့် ဖုန်း-၃၈၉၆၄၇၊ ဦးကျော်တင့် ဖုန်း-၅၇၁၃၄၀၊ ဦးကြည်ဝင်း ဖုန်း-၇၂၀၂၆၉၊ ဒေါ်အေးသန္တာဦး ဖုန်း-၆၃၇၄၈၀၊ ဒေါ်ဟေမာဝေ ဖုန်း-၂၀၂၈၄၆တို့ထံသို့လည်းကောင်း၊ သက်ဆိုင်ရာ ပြည်နယ်/တိုင်း ပညာရေးမှူးရုံးများမှတစ်ဆင့်လည်းကောင်း ဧပြီ ၂၅ရက် နောက်ဆုံးထား၍ အလှူငွေနှင့် လှူဖွယ်ပစ္စည်းများကို ပေးပို့လှူဒါန်းနိုင်ကြောင်း သိရသည်။

(မြန်မာ့အလင်း)

မြန်မာ့အလင်း ဖောင်ပိတ် ပရီးမီးယားလိဂ်သတင်း

အာကာဟိန်း - ရေးသားသည်

မန်ယူတို့သရေကျပြီး ဖလားရရေးမှေးမှိန် လီဗာပူးတို့လည်း ဂိုးမရှိ သရေပွဲဖြစ်ခဲ့

လန်ဒန် ဧပြီ ၁၁

ပရီးမီးယားလိဂ်ပွဲစဉ်(၃၄)ကို ဧပြီ ၁၁ရက်၌ ဆက်လက်ယှဉ်ပြိုင်ကစားရာ မန်ယူတို့ အဝေးကွင်း၌ ဘလက်ဘန်းနှင့် ဂိုးမရှိ သရေပွဲဖြစ်ခဲ့သဖြင့် နိုင်ပွဲလိုအပ်နေသော မန်ယူတို့ တစ်မှတ်နှင့် ကျေနပ်ကာ အိမ်ပြန်ခဲ့ရသည်။

ဘလက်ဘန်းနှင့် မန်ယူ

ရှုံးနေမှလွဲပြီး လူစုံထုတ်ကစားခဲ့သော မန်ယူတို့ ဘာဘာတော့ဗ်၊ မာချေဒါနှင့် ဗလင်စီယာတို့ကို တိုက်စစ်တင်ပြီး ကစားခဲ့ရာ ဂိုးသွင်းခွင့် (၁၆)ကြိမ် ရရှိခဲ့ပြီး အပိုင်ကန်သွင်းခွင့် လေးကြိမ်ရရှိခဲ့သည်။ ဘလက်ဘန်းဂိုးသမားရော်ဘင်ဆင် ကာကွယ်နိုင်မှုကလည်း မန်ယူတိုက်စစ်မှူးများ ကြိုးစားမှု အရာမထင်ခဲ့ခြင်းဖြစ်သည်။

ဘလက်ဘန်းနှင့် မန်ယူတို့ပွဲတွင် ဘလက်ဘန်းကွင်းလယ်ကစားသမား အီမာတန်(ယာ) ထိုးဖောက်ကစားမှုကို မန်ယူနောက်ခံလူ အိုရှေး လိုက်လံဟန့်တားစဉ်။ (အင်တာနက်ဓာတ်ပုံ)

ဘလက်ဘန်းတို့က အီမာတန်နှင့် အိုလ်ဆင်တို့ကို ပိုင်းရံစေပြီး ကာလီနစ်ကို တိုက်စစ်မြားဦးထားပြီး မန်ယူနောက်တန်းကို ထိုးဖောက်စေခဲ့သော်လည်း အပိုင်ကန်သွင်းခွင့် တစ်ကြိမ်သာရရှိခဲ့သည်။ မန်ယူတို့ နိုင်ပွဲရရှိရေးအတွက် ဘောလုံးပိုင်ဆိုင်မှုများဖြင့် ထိုးဖောက်ကစားရာ ၁၇မိနစ်၌ ဗီဒစ်၏ခေါင်းတိုက်မှု၊ ၂၅မိနစ်၌ နာနီ၏ ကန်သွင်းချက်၊ ၄၃မိနစ်၌ ဗလင်စီယာ၏ ကန်သွင်းမှုနှင့် ၈၃မိနစ်၌ ဘာဘာတော့ဗ် ကန်သွင်းမှုများ အရာမထင်ခဲ့သဖြင့် မန်ယူတို့ ဂိုးမရရှိခဲ့ချေ။ မန်ယူက ဂစ်အစား ဂစ်ဘ်ဆင်၊ မာချေဒါအစား ပတ်ဂျီဆန်၊ အိုရှေးအစား အီဗရာတို့ ဝင်ရောက်ကစားသော်လည်း ရလဒ်မပြောင်းနိုင်ခဲ့သဖြင့် ဂိုးမရှိ သရေပွဲဖြစ်ခဲ့ရခြင်းဖြစ်သည်။ မန်ယူတို့ ယခုပွဲ သရေကျခဲ့သဖြင့် ပရီးမီးယားလိဂ်ဖလားကာကွယ်ရေး မှေးမှိန်သွားခဲ့ပြီဖြစ်သည်။

လီဗာပူးနှင့် ဖူလ်ဟမ်

ဂျရတ်၊ ဘာဘယ်လ်နှင့် မာရှေယာနိုတို့ကို အဓိက ကစားသမားများအဖြစ် ပွဲထွက်လာသည့် လီဗာပူးသည် အိမ်ကွင်း၌ ကစားကွက်စီးထားနိုင်သော်လည်း ပထမပိုင်းပွဲချိန်အထိ ဂိုးရအောင် မသွင်းနိုင်ခဲ့ချေ။ ဖူလ်ဟမ်ဂိုးသမား ရှဝါဇာကလည်း ကာကွယ်နိုင်ခဲ့၍ လီဗာပူးတို့ ဂိုးရရှိရေးထင်တိုင်းမပေါက်ခဲ့ခြင်းဖြစ်သည်။ ဖူလ်ဟမ်တွင် ဒပ်ဖ်၊ ဇာမိုရာ၊ မူရာဖီတို့ ထည့်သွင်းကစားသော်လည်း လီဗာပူးနောက်တန်းကို ထိထိရောက်ရောက် မကျော်ဖြတ်နိုင်ခဲ့ချေ။ ၈၇မိနစ်တွင် လီဗာပူးမှ ဂလင်ဂျွန်ဆင် အလွတ်တည်ကန်ဘော ကန်သွင်းမှုမှာလည်း ဘေးထွက်ခဲ့သဖြင့် နစ်နာခဲ့သည်။ ပွဲချိန်ပြည့်သည်အထိ လီဗာပူးတို့ ဂိုးမသွင်းနိုင်ခဲ့သဖြင့် အိမ်ကွင်း၌ သရေရလဒ်ကို လက်ခံခဲ့ရသည်။

အခြားပွဲရလဒ်

ဝုလ်ဗာ	၀ - ၀	စတုတ်	
မန်စီးတီး	၅ - ၁	ဘာမင်ဂမ်	(အင်တာနက်)

အက်ဖ်အေဖလား ချယ်လ်ဆီးနှင့်ပို့စ်မောက် လုရမည်

လန်ဒန် ဧပြီ ၁၁

အက်ဖ်အေဖလား အကြိုဗိုလ်လုပွဲအဖြစ် ဧပြီ ၁၁ရက်က စပါးနှင့် ပို့စ်မောက်တို့ ယှဉ်ပြိုင်ကစားရာ ပို့စ်မောက်တို့က အချိန်ပို၌ နှစ်ဂိုးပြတ်အနိုင်ရပြီး နောက်ဆုံးဗိုလ်လုပွဲသို့ တက်ရောက်ခဲ့သည်။ အက်ဖ်အေဖလားအကြိုဗိုလ်လုပွဲ ပထမပွဲစဉ်၌ ချယ်လ်ဆီးက ဗီလာကို သုံးဂိုးပြတ်နိုင်ခဲ့သဖြင့် ဗိုလ်လုပွဲ၌ ချယ်လ်ဆီးနှင့်ပို့စ်မောက်တို့ ဆုံတွေ့ကြပြီဖြစ်သည်။ **(အင်တာနက်)**

စီးရီးအေ အနိုင်/အရှုံးရလဒ်

(၁၁-၄-၂၀၁၀)

အေစီမီလန်	၂ - ၂	ကာတာနီယာ
ရိုးမား	၂ - ၁	အတ္တလန်တာ
ဘိုလော့နာ	၂ - ၃	လာဇီယို
ဂျူဗင်းတပ်စ်	၁ - ၀	ကာဂလီရာရီ
လီဗော်နို	၀ - ၂	အူဒီနီးစ်
ပါလာမို	၃ - ၁	ချေယေးဗို
ဆီနာ	၃ - ၂	ဘာရီ

လာလီဂါ အနိုင်/အရှုံးရလဒ်

ရီရဲမက်ဒရစ်	၀ - ၂	ဘာစီလိုနာ	
ဘီလ်ဘာအို	၄ - ၁	အယ်မီရီးယား	
ဒီပို့တီဗို	၁ - ၁	ရေဆင်း	
အိုဆာဆူနာ	၂ - ၀	ဇာရာဂိုဇာ	(အင်တာနက်)

စေ့စပ်ကြောင်းလမ်းပြီးစီးခြင်း

ရန်ကုန်မြို့နေ ဦးဝင်းအောင် (လက်ထောက်အထွေထွေမန်နေဂျာ၊ အမှတ်-၁၀၊ သစ်စက်၊ သန်လျင်)-ဒေါ်ခင်ထွေး (လက်ထောက်မန်နေဂျာ၊ သစ်အခြေခံစက်မှုလုပ်ငန်းဌာန၊ မြန်မာ့သစ်လုပ်ငန်း)တို့၏ တစ်ဦးတည်းသောသား

ဒေါက်တာ အောင်ခိုင်စည်

M.B.,B.S (Ygn)

နှင့်

ရန်ကုန်မြို့နေ ဦးသောင်းလွင် (တိုင်းဦးစီးမှူး၊ ကညန၊ ပဲခူးတိုင်း)-ဒေါ်စိုးစိုးဦး (အထွေထွေမန်နေဂျာ၊ မြန်မာ့စက္ကူ/ဓာတု၊ စက်မှု-၁)တို့၏ တစ်ဦးတည်းသောသမီး

ဒေါက်တာခင်စုလွင်(ခ)ချစ်စု

M.B.,B.S (Ygn)

တို့သည် ၁၁-၄-၂၀၁၀ရက်(တနင်္ဂနွေနေ့)တွင် Sedona Hotel (Executive Club) Level 11 တွင် နှစ်ဖက်သော မိဘဆွေမျိုးများရှေ့မှောက်၌ စေ့စပ်ကြောင်းလမ်းပြီးစီးပါကြောင်း။

ကျေးဇူးတင်လွှာ

၁၁-၄-၂၀၁၀ရက် (တနင်္ဂနွေနေ့) Sedona Hotel (Executive Club) ၌ ပြုလုပ်သော စေ့စပ်ကြောင်းလမ်း မင်္ဂလာအခမ်းအနားတွင် စေ့စပ်မင်္ဂလာလက်စွပ်ဆင်မြန်းပေးပါသော ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးဝင်းသောင်းနှင့်ဇနီး ဒေါ်စိုးစိုးမြင့်၊ စေ့စပ်ကြောင်းလမ်းစကားပြောကြားပေးပါသော တွဲဖက်ပါမောက္ခ ဒေါက်တာဦးသန်းလွင် (ခွဲစိတ်ဆရာဝန်ကြီး၊ ရန်ကုန်အနောက်ပိုင်းဆေးရုံ)နှင့် စေ့စပ်မင်္ဂလာလက်ခံစကား ပြောကြားပေးပါသော ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးဝင်းသောင်း၊ မင်္ဂလာအခမ်းအနားမှူးအဖြစ် ဆောင်ရွက်ပေးပါသော တေးသံရှင် ရုပ်ရှင်သရုပ်ဆောင် ဦးရန်ပိုင်စိုး၊ မင်္ဂလာလက်စွပ်ဗန်းကိုင်ဆောင်ပေးသော ဒေါက်တာနှင်းအေးလှိုင်၊ မင်္ဂလာပန်းခြင်းကိုင်ဆောင်ပေးသော ညီမလေး မဝင့်နန္ဒာဗိုလ်၊ ဝတ်စုံဒီဇိုင်နာလတ်လတ်နှင့် မထက်ထက် (စမ်းချောင်း)၊ မိတ်ကပ်ဆံပင်အလှဆင်ပေးသော စိုးစိုးနှင့်အဖွဲ့၊ တေးသံသာဖြင့်ဖျော်ဖြေပေးသော ရန်ပိုင်စိုးတေးဂီတအဖွဲ့နှင့် ပွဲထွက်သီချင်းသီဆိုပေးပါသော အဆိုတော် ရဲရင့်ဝေလွင်၊ ဗီဒီယိုနှင့် ဓာတ်ပုံမှတ်တမ်းတင်ပေးသော ကိုမိုးကိုဦးနှင့်အဖွဲ့၊ ကြွရောက်ချီးမြှင့်ပေးကြပါသော ဂုဏ်သရေရှိလူကြီးမင်းများ၊ နှစ်ဖက်သော မိဘဆွေမျိုးများနှင့် သူငယ်ချင်းများ၊ ဝိုင်းဝန်းကူညီပေးကြသော Sedona Hotel မှ မလီလီနှင့်ဝန်ထမ်းများအားလုံးကို အထူးကျေးဇူးတင်ရှိပါကြောင်း။

နှစ်ဖက်သော မိဘများနှင့်

ဒေါက်တာအောင်ခိုင်စည်-ဒေါက်တာခင်စုလွင်(ခ)ချစ်စု။

(၂၅)နှစ်မြောက် ငွေရတုမင်္ဂလာဆုမွန်လွှာ

ချစ်ဖေဖေ ဗိုလ်မှူးကမ်ကျင်လျန်(ငြိမ်း) Service Manager, Tractors World Co., Ltd. နှင့် **ချစ်မေမေ ဒေါ်မန်ခန့်ဝုန် J.A.T (ငြိမ်း) Protocol Internet Cafe** တို့၏ ၈-၄-၂၀၁၀ ရက်တွင် ကျရောက်သော ငွေရတုမင်္ဂလာရက်မြတ်မှသည် နောင်နှစ်ပေါင်းများစွာတိုင်အောင် ဘုရားသခင်၏ အရိပ်အာဝါသအောက်မှာ ချစ်သောသားသမီးတို့နှင့်အတူ ကျန်းမာပျော်ရွှင်ဖွယ် နေ့ရက်များကို လျှောက်လှမ်းနိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းလျက်-

ချစ်သော ....

သမီး - မတင်ခန့်ကျင် Final Part (1), IM (1)

သားကြီး - မောင်ကမ်ဒိုးခိုင် (အထက-၁၊ ဒဂုံ)

သားငယ် - မောင်ခိုင်ခန့်သောင်း (အထက-၁၊ ဒဂုံ)

မွမ်မွလေး ဇော်ဖျော်ရည် အဆီဂါလန်ပုံးများကို

စေတီပုထိုးများ၊ ဘုရားလှူဒ်ပွဲများ၊ အလှူမင်္ဂလာပွဲကြီးများအတွက် ဆန်းကစ်၊ ဇီး၊ ဘာလီ၊ စပါကလင်ဖျော်ရည်များကို

- ၂၀၈၊ ဗိုလ်ချုပ်အောင်ဆန်းလမ်း၊ ရန်ကုန်မြို့၊ ဖုန်း-၂၄၅၆၁၃ နှင့်

- ၄/က ပြည်တော်အေးလမ်း၊ ဘောက်ထော်၊ ဖုန်း-၄၀၀၃၄၈တို့တွင် ပိတ်ရက်မရှိ ရောင်းချပေးပါမည်။ အဆီတစ်ဂါလန် လှူဒ္ဒဝတိုက်နိုင်ပါသည်။

သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

အဖ(ဦးထွန်းညွန့်) ၁၂/ကမတ(နိုင်) ဝ၃၁၅၀၉နှင့် အမိဒေါ်ရီ ၁၂/ကမတ(နိုင်) ဝ၃ဝ၄၉၅ အမှတ်၂၀(က)၊ ရေတွင်းကုန်း (၂)လမ်း၊ မကျည်းတန်း(တောင်)ရပ်ကွက်၊ ကြည့်မြင်တိုင်မြို့နယ်၊ ရန်ကုန်မြို့နေသူတို့၏သား မောင်နိုင်ဝင်းအောင် ၁၂/ကမတ(နိုင်)ဝ၅၄၅၆၁ကိုင်ဆောင်သူသည် မိခင်၏စကားကို နားမထောင်ဘဲ မိခင်အား စိတ်အနှောင့်အယှက်ဖြစ်စေမည့် အပြုအမူများကို မကြာခဏပြုလုပ်နေပါ၍ ယနေ့မှစ၍ သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ ၎င်းနှင့်ပတ်သက်သော ကိစ္စအဝဝအားလုံးကို လုံးဝတာဝန်မယူပါကြောင်း ကြော်ငြာအပ်ပါသည်။

(စုံစမ်းမေးမြန်းခြင်းသည်းခံပါ။)　မိခင်-ဒေါ်ရီ ၁၂/ကမတ(နိုင်)ဝ၃ဝ၄၉၅။

ဘုရားသုံးဆူမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ဆောင်ရွက်သော ကုံကော်လမ်း ကတ္တရာလမ်းသစ်နှင့် လိုတရတံတားဖွင့်ပွဲ အခမ်းအနားကို မတ် ၂၇ရက်က ကျင်းပရာ နယ်မြေခံတပ်နယ်မှ ဒုတိယဗိုလ်မှူးကြီး မျိုးမြင့်အောင်၊ အုပ်ချုပ်ရေးမှူး ဦးမျိုးကြည်နှင့် မြို့နယ်တာဝန်ခံ ဦးရဲလင်းဦးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးစဉ်။

(မြို့နယ်စည်ပင်)

ထန်တလန်စည်ပင် ကျေးလက်လမ်းဖွင့်

ထန်တလန် ဧပြီ ၁၁

ထန်တလန်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ ၂၀၀၉-၂၀၁၀ ဘဏ္ဍာရေးနှစ်တွင် ငွေလုံးငွေရင်းလုပ်ငန်းဖြင့် ဆောင်ရွက်သည့် ဆိုပွမ်း-တလန်ပီးကျေးလက်လမ်း ဖွင့်ပွဲကို မတ်၂၅ရက်က ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌက ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

(ပြည်နယ် ပြန်/ဆက်)

ကမ္ဘာ့တီဘီရောဂါတိုက်ဖျက်ရေးအခမ်းအနား ပခုက္ကူ၌ကျင်းပ

ပခုက္ကူ ဧပြီ ၁၁

ပခုက္ကူမြို့နယ် ကမ္ဘာ့တီဘီရောဂါတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်အခမ်းအနားကို မတ် ၂၄ရက် နံနက် ၉နာရီက ပခုက္ကူမြို့ အထွေထွေရောဂါကုဆေးရုံကြီး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

သိကောင်းစရာများ

အခမ်းအနားတွင် ခရိုင်တီဘီရောဂါ တိုက်ဖျက်ရေးအဖွဲ့ခေါင်းဆောင် ဒေါက်တာအိအိချောက တီဘီရောဂါအကြောင်း သိကောင်းစရာများကို ရှင်းလင်းဆွေးနွေးသည်။

ဆုများပေးအပ်ချီးမြှင့်

ယင်းနောက် သလိပ်ပိုးတွေ့ အဆုတ်တီဘီလူနာသစ် အများဆုံးရှာနိုင်သော သားဖွားဆရာမများနှင့် ကျေးလက်ကျန်းမာရေးဌာနအလိုက် ပိုးတွေ့အများဆုံးရှာနိုင်သောဆုများကို ခရိုင်အတွင်းရေးမှူး ဦးစန်းဝင်း၊ ဆေးရုံအုပ်ကြီးနှင့် ဒေါက်တာအိအိချောတို့က ဆုများပေးအပ်ချီးမြှင့်သည်။ (၀၇၀)

ပြင်ဦးလွင်ပဒေသာမြို့သစ် သာယာလှပရေးအတွက် လမ်းခင်းဆောင်ရွက်

ပြင်ဦးလွင် ဧပြီ ၁၁

ပြင်ဦးလွင်မြို့နယ် ရပ်ကွက်ကြီး(၈) ပဒေသာမြို့သစ်၌ ရပ်ကွက်ကြီး(၈) အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ ပူးပေါင်းပြီး ပဒေသာမြို့သစ် သာယာလှပရေးအတွက် လမ်းဘေးဝဲယာတို့တွင် ကျောက်စီခြင်း၊ လမ်းခင်းခြင်းလုပ်ငန်းများဆောင်ရွက်မှုကို ပဒေသာမြို့သစ်ရပ်ကွက်ဥက္ကဋ္ဌ ဦးကျော်ရင်နှင့်အဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့ဝင်များသည် နဝရတ်လမ်းနှင့် ဂန့်ဂေါ်လမ်းဆုံ၌ လမ်း ဝဲယာရှိ ချိုင့်ခွက်များကို ကျောက်စီကျောက်ခင်းခြင်း လုပ်ငန်းဆောင်ရွက်ပေးကြသည်။ ***(၀၈၈)***

မြန်မာ့အလင်း စာတည်းထံပေးစာများ

စာတည်းထံပေးစာ ပေးပို့လိုပါက အမည်၊ နေရပ်လိပ်စာ အပြည့်အစုံရေးသား၍နိုင်ငံသားစိစစ်ရေးကတ်မိတ္တူပူးတွဲကာ စာတည်းထံပေးစာကဏ္ဍ၊ မြန်မာ့အလင်းသတင်းစာတိုက် အမှတ် ၅၃၊ နတ်မောက်လမ်းသွယ်(၁) ဗဟန်းမြို့နယ် ရန်ကုန်မြို့သို့ လိပ်မူပြီး ပေးပို့နိုင်ပါသည်။

ရေစီးရေလာကောင်းမွန်ရေး ဆောင်ရွက်ပေးစေလို

စာတည်းခင်ဗျား-

မြောက်ဥက္ကလာပမြို့နယ် ရွှေပေါက်ကံမြို့သစ် အင်းဝလမ်းမကြီးဘေး(မြောက်ဘက်ခြမ်း (၁၆)ရပ်ကွက် ညောင်ရမ်းလမ်းဆုံမှ ဗိုလ်တေဇ(ကျောက်လမ်း) လမ်းဆုံအထိ ရပ်ကွက်၏ အဓိကရေထွက်ပေါက်(ရေနုတ်မြောင်းကြီး)သည် ရေများစီးဆင်းမှုမရှိတော့ဘဲ ပိတ်ဆို့သွားသည့်အတွက် မိုးရာသီများ၌ ထိုအင်းဝလမ်းမကြီးဘေး မြောက်ဘက်ခြမ်းရှိ ရေနုတ်မြောင်းဘေးနေအိမ်များအတွင်းသို့ မိုးရေများတစ်ပေခန့်အထိ ဝင်ရောက်လျက်ရှိပါသည်။

ထိုသို့ရေလွှမ်းမှုကြောင့် မြွေဆိုးအန္တရာယ်နှင့် ကျန်းမာရေးအတွက် စိုးရိမ်ရပါ၍ ရေနုတ်မြောင်း ရေစီးရေလာကောင်းမွန်ရေး ဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါသည်။

ကိုယ်တွေ့ကြုံနေရသူ

ဂိမ်းဆိုင်မီးစက်သံကြောင့် ကျန်းမာရေးထိခိုက်ရ

စာတည်းခင်ဗျား-

ရန်ကင်းမြို့နယ် အမှတ်(၄)ရပ်ကွက် ရန်နိုင်လမ်းသွယ် ၄ တိုက် ၁၂၃၊ ၁၂၄ နှင့် တိုက် ၁၂၅၊ ၁၂၆ လမ်းကြားရှိ ဂိမ်းဆိုင်တစ်ဆိုင်မှာ နေ့စဉ်ည ၁၁နာရီအထိ မီးစက်ဖွင့် ကစားကြသဖြင့် မီးစက်သံ၏ ဆူညံမှုကြောင့် အနီးဝန်းကျင်ရှိ နေအိမ်များမှ သက်ကြီးရွယ်အိုများ ကောင်းစွာမအိပ်ရ၍ ကျန်းမာရေးထိခိုက်နေရပါသည်။ သို့ပါ၍ သက်ဆိုင်ရာမှ လိုအပ်သလို ဆောင်ရွက်ပေးနိုင်ရန် တင်ပြအပ်ပါသည်။

လမ်းသူလမ်းသားများ

ခြံစည်းရိုး ပြန်လည်ဖွင့်ပေးပါ

စာတည်းရှင့်-

သာကေတမြို့နယ် ၇/အရှေ့ရပ်ကွက်၊ ၇/အနောက်ရပ်ကွက်၊ ၆/အရှေ့ရပ်ကွက်နှင့် ၆/အနောက်ရပ်ကွက်များမှ အဓိကအားထား ဝယ်ယူနေရသော အမှတ် (၇) စည်ပင်သာယာဈေးကြီးတွင် ယခင်က ၇/အနောက် ပတ္တမြားလမ်းမှ ဝင်ထွက်ပေါက်အား ဖွင့်ပေးထားသဖြင့် ဈေးဝယ်ယူမှုအဆင်ပြေခဲ့သော်လည်း ယခုအခါ ခြံစည်းရိုးပိတ်ကာရံထားပါသဖြင့် ဈေးအတွင်း ဝင်ထွက်ရန် ခက်ခဲနေပါသောကြောင့် အဆိုပါ ဝင်ထွက်ပေါက်ကို သတ်မှတ်ချိန်ထားရှိ၍ ပြန်လည်ဖွင့်လှစ်ပေးနိုင်ရန် တင်ပြအပ်ပါသည်။

ဝယ်ယူစားသုံးသူများ

စည်းကမ်းမဲ့ဈေးသည်များ ရှင်းလင်းပေးပါ

စာတည်းရှင့်-

ရွှေပေါက်ကံမြို့ (၁၄)ရပ်ကွက် ရာဇာဓိရာဇ်လမ်းနှင့်ပုဂံလမ်းရှိ စည်းကမ်းမဲ့ဈေးသည်များသည် ထိုင်ခုံနှင့်ဝါးကပ်အမိုးများဖြင့် ရောင်းချလျက်ရှိရာ မီးဘေးအန္တရာယ် စိုးရိမ်ရပါ၍ သက်ဆိုင်ရာမှ လိုအပ်သလို ရှင်းလင်းပေးပါရန် တင်ပြအပ်ပါသည်။

မီးဘေးစိုးရိမ်သူ

သောက်သုံးရေကန်အနီးမှ ဆန်စက် ဖယ်ရှားပေးစေလို

စာတည်းခင်ဗျား-

ကော့မှူးမြို့နယ် မြို့သစ်ရပ်ကွက်ရှိ ပြည်သူများ သောက်သုံးရေကန်အနီးတွင် ဆန်စက်တည်ဆောက်ထား၍ ယင်းဆန်စက်မှဖုန်များ၊ စပါးခွံများလွင့်ကျခြင်းတို့ကြောင့် သောက်သုံးရေများ ညစ်ညမ်းပျက်စီးနိုင်ပြီး ဝမ်းနှင့်ပတ်သက်သော ရောဂါများဖြစ်နိုင်သည့်အပြင် ဆန်စက်၏ ဆူညံမှုကြောင့် ပတ်ဝန်းကျင်နေထိုင်သူများ ကျန်းမာရေးထိခိုက်နိုင်သဖြင့် ယင်းဆန်စက်အား သက်ဆိုင်ရာမှ သင့်လျော်ရာသို့ ရွှေ့ပြောင်းပေးပါရန် တင်ပြအပ်ပါသည်။

ကော့မှူးသား

အပေါ်လမ်း၊ အောက်လမ်း သွားစေလို

စာတည်းခင်ဗျား-

ပဲခူးတိုင်း ပဲခူးမြို့ ဖိုင်း/မြောက်ရပ်ကွက် ထန်းတောကြီးလမ်းတွင် နွေရာသီရောက်သည့်အခါ အပေါ်လမ်း၊ အောက်လမ်းနှစ်လမ်းသွားလာနိုင်သော်လည်း ယခုအခါအောက်လမ်းမှ နေအိမ်များသည် လမ်းမြေများကို လမ်းပခုံးများပြုလုပ်ခြင်း၊ ရေမြောင်းများ ပိတ်ဆို့ထားခြင်းကြောင့် ပဲခူးမြို့သို့ ကျေးလက်ရွာငယ်များမှ လှည်းများဖြင့် သီးနှံမျိုးစုံလာရောက်ရောင်းချရာတွင် အခက်အခဲရှိပါသဖြင့် ယခင်အတိုင်း အပေါ်လမ်း၊ အောက်လမ်း ပြန်လည်အသုံးပြုနိုင်ရေး စီစဉ်ဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါသည်။ **ကျေးလက်သား**

အကြော်ဖို အနံ့ဆိုးကြောင့် ကျန်းမာရေးထိခိုက်

စာတည်းခင်ဗျား-

ဇလွန်မြို့ ညောင်ပင်ဈေးရပ်ကွက်(၁)လမ်းအတွင်းရှိ ငှက်ပျောကြော် လုပ်ငန်းရှင်များသည် နေ့စဉ်အချိန်ပြည့် ငှက်ပျောကြော်များကြော်နေပါသဖြင့် ၎င်းသော်နံ့ဆိုးများကြောင့် အနီးပတ်ဝန်းကျင်ရှိ နေထိုင်သူများ၏ ကျန်းမာရေးများ ထိခိုက်ရသည့်အပြင် မီးဘေးအန္တရာယ်လည်း စိုးရိမ်ရပါသဖြင့် ၎င်းငှက်ပျောကြော်ဖိုများအား ရပ်ကွက်နှင့်ဝေးရာသို့ ပြောင်းရွှေ့ပေးပါရန် တင်ပြအပ်ပါသည်။

ဇလွန်သား

ကြည့်မြင်တိုင်ညဈေး ယာဉ်အန္တရာယ်ကင်းစေချင်

စာတည်းခင်ဗျား-

ကြည့်မြင်တိုင် ညဈေးမျက်နှာစာ (ဈေးကြီးလမ်းမကြီး)ကားရပ်နားရာ ဧရိယာအတွင်း ပုံကျဈေးသည်များနှင့် ဈေးရောင်းလှည်းများကြောင့် နေ့စဉ် ဈေးဝယ်သူများသည် မော်တော်ယာဉ်များ၏ ဘေးအန္တရာယ်များကြုံတွေ့နေရပါ၍ ယာဉ်အန္တရာယ်ကင်းရှင်းစေရန်အတွက် သက်ဆိုင်ရာမှ ကြပ်မတ်ပေးပါရန် တင်ပြအပ်ပါသည်။

ကြည့်မြင်တိုင်သား

လောင်စာဆီများ သိုလှောင်ရောင်းချမှု စီစဉ်ဆောင်ရွက်ပြီး

၃၁-၈-၂၀၀၉ရက်ထုတ် မြန်မာ့အလင်းသတင်းစာပါ **ရမည်းသင်းမြို့ ဝါတိုးဈေးကုန်းရပ်ကွက် တောင်ငူတန်းလမ်းတွင် မီးလောင်လွယ်စေသည့် လောင်စာဆီများသိုလှောင်ရောင်းချ**ပေးစာနှင့် ပတ်သက်၍ ဆောင်ရွက်ပြီးစီးကြောင်း ဖော်ပြအပ်ပါသည်။

မြို့နယ်စည်ပင်သာယာရေးအဖွဲ့

ယာဉ်အန္တရာယ်စိုးရိမ်ရ ဆောင်ရွက်ပြီးစီး

၅-၄-၂၀၁၀ရက်ထုတ် မြန်မာ့အလင်းသတင်းစာပါ **နေပြည်တော်တပ်ကုန်း ၎ရွှေဝါလမ်းတွင် စည်းကမ်းမဲ့ပုံကျဈေးသည်များနှင့် စက်ဘီး၊ဆိုင်ကယ်၊ ဆိုက်ကားများ စည်းကမ်းမဲ့ရပ်နား၊ဂိတ်ထိုးနေခြင်းကြောင့် လမ်းပိတ်ဆို့ပြီးယာဉ်အဝင်အထွက်အန္တရာယ်စိုးရိမ်ရ**ပေးစာနှင့် ပတ်သက်၍ ဆောင်ရွက်ပြီးစီးကြောင်း ဖော်ပြအပ်ပါသည်။

မြို့နယ်စည်ပင်သာယာရေးအဖွဲ့

ရပ်ကွက်အတွင်း ဝက်မွေးမြူမှု ပြောင်းရွှေ့ပြီးစီး

၁-၃-၂၀၁၀ရက်ထုတ် မြန်မာ့အလင်းသတင်းစာပါ **စစ်ကိုင်းမြို့ နန်းဦးမြို့သစ်ရပ်ကွက် နယ်မြေ(၆)မြောက်ရှိ နေအိမ်အချို့တွင် ဝက်များစည်းကမ်းမဲ့မွေးမြူထားကြသဖြင့် သင့်လျော်ရာသို့ ပြောင်းရွှေ့ပေးပါ** ပေးစာနှင့်ပတ်သက်၍ ဆောင်ရွက်ပြီးဖြစ်ပါကြောင်း ဖော်ပြအပ်ပါသည်။ **မြို့နယ်စည်ပင်သာယာရေးအဖွဲ့**

ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့၏ (၇၃)နှစ်ခရီး

မောင်သံငြိမ်း

မြန်မာနိုင်ငံတွင် နိုင်ငံ့ဝန်ထမ်းများ ရွေးချယ်ရေးအတွက် တာဝန်ယူဆောင်ရွက်ရန်၊ ပထမဆုံး ရာထူးဝန်အဖွဲ့ (Public Service Commission)ကို ၁၉၃၇ခုနှစ် ဧပြီလတွင် စတင်ဖွဲ့စည်းခဲ့ရာ ယနေ့အချိန်အခါတွင် (၇၃)နှစ် ပြည့်မြောက်ခဲ့ပြီ ဖြစ်ပါသည်။ ယနေ့ ပြည်ထောင်စုမြန်မာနိုင်ငံတွင် နိုင်ငံ့ဝန်ထမ်းများ ရွေးချယ်ရေးအပြင် လေ့ကျင့်ရေးတာဝန်ကိုပါ ထမ်းဆောင်နေရသော ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့သည် ၁၉၃၇ ခုနှစ်က စတင်ဖွဲ့စည်းခဲ့သော ရာထူးဝန်အဖွဲ့ကို အခြေအနေအချိန်အခါအရလည်းကောင်း၊ ထမ်းဆောင်ရသည့် လုပ်ငန်းတာဝန်အရလည်းကောင်း အခေါ်အဝေါ် အမည်နာမ အဆင့်ဆင့်ပြောင်းလဲပြီး ဆက်ခံခဲ့ရသည့် အဖွဲ့အစည်းဖြစ်ပါသည်။ လက်ရှိ အမည် **ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့**မှာ ၁၉၇၇ခုနှစ်၊ ပြည်သူ့လွှတ်တော်ဥပဒေ အမှတ်-၄ ဖြင့် ပြဋ္ဌာန်းချက်အရ ဖွဲ့စည်းထားသော အဖွဲ့အမည် ဖြစ်ပါသည်။

အမည်အခေါ်အဝေါ် အဆင့်ဆင့်ပြောင်းလဲခဲ့ပုံမှာ **ရာထူးဝန်အဖွဲ့** (၁၉၃၇ မှ ၁၉၅၃ အထိ)၊ **ပြည်ထောင်စု ရာထူးဝန်အဖွဲ့** (၁၉၅၃ မှ ၁၉၇၂ အထိ)၊ **ဗဟိုပြည်သူ့ဝန်ထမ်းရွေးချယ် လေ့ကျင့်နေရာချထားရေးအဖွဲ့** (၁၉၇၂မှ ၁၉၇၃ အထိ)၊ **ပြည်သူ့ဝန်ထမ်းရွေးချယ် လေ့ကျင့်ရေးအဖွဲ့** (၁၉၇၃ မှ ၁၉၇၇အထိ)၊ **ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့** (၁၉၇၇ မှ ယနေ့အထိ) ဖြစ်ပါသည်။ အင်္ဂလိပ်ဘာသာဖြင့် ရာထူးဝန်အဖွဲ့ (Public Service Commission) (PSC) ဟု အသိများခဲ့ပါသည်။ ယခုအခါ **ဝန်ထမ်းရွေးချယ် လေ့ကျင့်ရေးအဖွဲ့** (Civil Service Selection and Training Board) (CSSTB) ဟု ခေါ်ဝေါ်လျက်ရှိပါသည်။ ဖော်ပြပါ အမည်များအပြင် ဒုတိယကမ္ဘာစစ်အတွင်း ဖက်စစ်ဂျပန်များ သိမ်းပိုက်ထားစဉ်က **နိုင်ငံတော်ဝန်ထမ်းရာထူးဝန်အဖွဲ့**ဟု ဖွဲ့စည်းခဲ့ကြောင်း သိရှိရပါသည်။

ပြည်ထောင်စုရာထူးဝန်အဖွဲ့

ထိုကဲ့သို့ (၇၃)နှစ်တာကာလအတွင်း အမည်နာမ အမျိုးမျိုးပြောင်းလဲမှုရှိခဲ့ပြီး နိုင်ငံ့ဝန်ထမ်းများ ရွေးချယ်ရေးနှင့် လေ့ကျင့်ရေးတာဝန်ယူရသည့် အဖွဲ့အစည်းကို မကြာမီကာလအတွင်း အမည်နာမအသစ်ဖြင့် ဖွဲ့စည်းခေါ်ဝေါ်ရန် ပြည်သူအများက ဆန္ဒပြုခဲ့ကြပြီး ဖြစ်ပါသည်။

၂၀၀၈ ခုနှစ်၊ မေလ ၂၉ရက်နေ့တွင် ပြည်လုံးကျွတ် ဆန္ဒခံယူပွဲကြီးဖြင့် အတည်ပြုပြဋ္ဌာန်းလိုက်သော ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေပုဒ်မ ၂၄၆ (က)တွင် "နိုင်ငံတော်သမ္မတသည် နိုင်ငံ့ဝန်ထမ်းရွေးချယ်ရေး၊ လေ့ကျင့်ရေးတာဝန်နှင့် နိုင်ငံ့ဝန်ထမ်းစည်းမျဉ်း၊ စည်းကမ်းသတ်မှတ်ရေး တာဝန်များ ထမ်းဆောင်နိုင်ရန် **ပြည်ထောင်စုရာထူးဝန်အဖွဲ့** ဖွဲ့စည်းရမည်"ဟု ပြဋ္ဌာန်းထားရာ မကြာမီကာလတွင် "**ပြည်ထောင်စုရာထူးဝန်အဖွဲ့**"ဟူသည့် အမည်ဖြင့် နိုင်ငံ့တာဝန်များကို ဆက်လက်ထမ်းဆောင်ခွင့် ရရှိတော့မည်ဖြစ်ပါသည်။

ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့သည် ရာထူးဝန်အဖွဲ့အဖြစ် စတင်ဖွဲ့စည်းချိန်မှ ၁၉၇၂ ခုနှစ်အထိ အရာထမ်းများ စစ်ဆေး/ရွေးချယ် ခန့်ထားရေးတာဝန်ကိုသာ ထမ်းဆောင်ရပါသည်။ ၁၉၇၂ ခုနှစ်တွင်မှ ယခင်က ဝန်ကြီးချုပ်ရုံးနှင့် ပြည်ထဲရေးဝန်ကြီးဌာနတို့က တာဝန်ယူနေရသော ဝန်ထမ်းများ လေ့ကျင့်ရေးတာဝန်ကို လွှဲပြောင်းတာဝန်ယူခဲ့ရပါတယ်။ ထို့အပြင် ဝန်ထမ်း စည်းမျဉ်း၊ စည်းကမ်းဆိုင်ရာ တာဝန်ကိုပါ ပူးတွဲတာဝန်ယူခဲ့ရပါသည်။

လုပ်ငန်းတာဝန်များ

၁၉၇၇ခုနှစ် ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ ဥပဒေပြဋ္ဌာန်းပြီးနောက် အဖွဲ့၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များ ပိုမိုတိကျစွာ ပါရှိခဲ့ပါသည်။ ထို့နောက်ပိုင်းတွင်လည်း အခါအားလျော်စွာ အဖွဲ့သို့ ပေးအပ်ခဲ့သည့်တာဝန်များရှိခဲ့ရာ လက်ရှိဝန်ထမ်းရွေးချယ် လေ့ကျင့်ရေးအဖွဲ့က ထမ်းဆောင်လျက်ရှိသော တာဝန်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

- ပြန်တမ်းဝင်အရာရှိအဆင့် (လစာနှုန်းကျပ် ၁၀၀၀၀၀၊ စကေး) အတွက် အရာထမ်းလောင်းများ စစ်ဆေးရွေးချယ်ပေးရခြင်း၊ ၎င်းအဆင့်ရာထူးသို့ တိုးမြှင့်ပေးရန် ညှိနှိုင်းစိစစ်ပေးခြင်း၊
- ထူးခြားသည့် အခြေအနေတစ်ရပ်ရပ်ကြောင့် မည်သည့်အဆင့်ဝန်ထမ်းကိုမဆို ခန့်အပ်ရန်လိုအပ်လျှင် စိစစ်၍ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသို့ ထောက်ခံတင်ပြပေးရခြင်း၊
- အရာထမ်းလောင်းများအပါအဝင်၊ စာရေးဝန်ထမ်းများ၊ အရာထမ်းငယ်များ၊ အခြေခံသင်တန်း မတက်ရသေးသည့် အရာထမ်းများအတွက် အခြေခံသင်တန်းများ ဖွင့်လှစ်ပေးခြင်း၊ အလယ်အလတ်အဆင့် စီမံခန့်ခွဲသူများ၊ အခြေခံပညာဆရာ၊ ဆရာမများ၊ တက္ကသိုလ်ကောလိပ်ဆရာ၊ ဆရာမများ၊ ပြည်ထဲရေးဝန်ကြီးဌာနမှ အရာထမ်းများ၊ ဒေသဖွံ့ဖြိုးရေးဆိုင်ရာ အရာထမ်းများအတွက် အထူးမွမ်းမံသင်တန်းများ ဖွင့်လှစ်ပေးခြင်း၊
- နိုင်ငံတကာနှင့် ဒေသဆိုင်ရာဝန်ထမ်းအဖွဲ့အစည်းများနှင့် ဆက်သွယ်၍ အစည်းအဝေးများ ပါဝင်တက်ရောက်ခြင်း၊ အလုပ်ရုံဆွေးနွေးပွဲများ တက်ရောက်ခြင်း၊ ကျင်းပခြင်း၊ လေ့ကျင့်ရေး၊ လေ့လာရေး အစီအစဉ်များတွင် ပါဝင်တက်ရောက်ခြင်း၊
- ဝန်ထမ်းစည်းမျဉ်း၊ စည်းကမ်းများနှင့် ပတ်သက်၍ သဘောထားမှတ်ချက် အကြံပြုချက်များ စိစစ်ပေးပို့ခြင်း၊ ပြင်ပဝန်ထမ်းစည်းကမ်းအရ တာဝန်ထမ်းဆောင်ခွင့်ပြုခြင်း၊
- ဝန်ထမ်းရေးရာကျင့်ဝတ်စာစောင်၊ ဂျာနယ်နှင့် ဝန်ထမ်းရေးရာ စာအုပ်စာတမ်းများ ပြုစုဖြန့်ချိပေးခြင်း၊
- ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ်အတွက် ပညာရေးဝန်ထမ်းများ ရွေးချယ်လေ့ကျင့်ပေးခြင်း၊

ဦးဆောင်ကြီးကြပ်မှု

အထက်ပါ လုပ်ငန်းတာဝန်များကို အကောင်အထည်ဖော်နိုင်ရန်အတွက် အဖွဲ့ဥက္ကဋ္ဌ ဦးကျော်သူ ဦးဆောင်၍ အဖွဲ့ဝင် ငါးဦး ပါဝင်သော ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ကို ဖွဲ့စည်းခန့်အပ်ထားပြီး ၎င်းအဖွဲ့၏ ကြီးကြပ်လမ်းညွှန်ကွပ်ကဲမှုအောက်တွင် ဦးစီးဌာန နှစ်ခုနှင့် တက္ကသိုလ်သုံးခု ဖွဲ့စည်းထားရှိ လုပ်ရှားအကောင်အထည်ဖော်လျက်ရှိပါသည်။ ဦးစီးဌာန နှစ်ခုမှာ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးဦးစီးဌာနနှင့် ဝန်ထမ်းရေးရာဦးစီးဌာနတို့ ဖြစ်ကြပြီး တက္ကသိုလ် သုံးခုမှာ ဗဟိုဝန်ထမ်းတက္ကသိုလ် (ဖောင်ကြီး)၊ ဗဟိုဝန်ထမ်းတက္ကသိုလ်(အထက်မြန်မာပြည်)နှင့် ပြည်ထောင်စုတိုင်းရင်းသား လူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ်တို့ ဖြစ်ကြပါသည်။ ဦးစီးဌာနများကို ညွှန်ကြားရေးမှူးချုပ်တစ်ဦးစီကလည်းကောင်း၊ တက္ကသိုလ်များကို ပါမောက္ခချုပ်တစ်ဦးစီက လည်းကောင်း အနီးကပ်ကြီးကြပ်လျက်ရှိကြပါသည်။

နိုင်ငံတော်အစိုးရကလည်း နိုင်ငံ့ဝန်ထမ်းများအား လေ့ကျင့်ပညာပေးရေး အစီအစဉ်များ အောင်မြင်အောင် နှစ်စဉ် ဘဏ္ဍာငွေ ခွဲဝေချထားပြီး သင်တန်းခန်းမကြီးများ၊ သင်တန်းသားအိပ်ဆောင်များ၊ သင်ထောက်ကူပစ္စည်းများ ဆောက်လုပ်ဖြည့်တင်းပေးလျက်ရှိပါသည်။

လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်မှု

ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့သည် နိုင်ငံ့ဝန်ထမ်းများ လုပ်ငန်းစွမ်းဆောင်မှု အရည်အသွေးများ ဖွံ့ဖြိုးတိုးတက်မြင့်မားရေးအတွက် လေ့ကျင့်ရေးအစီအစဉ်များကို ချမှတ်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါသည်။ တစ်ချိန်တည်းတွင် နိုင်ငံတော်၏ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်စေရေးတာဝန်ကို အခြားတာဝန်ရှိ အဖွဲ့အစည်းများနှင့် လက်တွဲ၍ ပြည်တွင်းပြည်ပ နှစ်ဌာနလုံးနှင့် ဆက်သွယ်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါသည်။

အာဆီယံအဖွဲ့ဝင် နိုင်ငံ တစ်နိုင်ငံဖြစ်သည်နှင့်အညီ အာဆီယံနိုင်ငံများအတွင်း နိုင်ငံ့ဝန်ထမ်းဆိုင်ရာကိစ္စရပ်များကို ချမှတ်အကောင်အထည်ဖော်နေသော အာဆီယံ နိုင်ငံ့ဝန်ထမ်းဆိုင်ရာ အစည်းအဝေးကြီး (ASEAN Conference on Civil Service Matters = ACCSM) များသို့ ပုံမှန်ပါဝင်တက်ရောက်လျက်ရှိပါသည်။ အဆိုပါ အစည်းအဝေးကြီးတစ်ခု၏ ဆုံးဖြတ်ချက်နှင့်အညီ အာဆီယံလူ့စွမ်းအား ဗဟိုဌာန (ASEAN Resource Centre = ARC) တစ်ခုကို အခြားအဖွဲ့ဝင် နိုင်ငံများနည်းတူ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့တွင် ထူထောင်ထားရှိပါသည်။ အဆိုပါ ဗဟိုဌာနအတွက် ရွေးချယ်ထားသည့် ဦးတည်ချက်မှာ "**နိုင်ငံ့ဝန်ထမ်း သင်တန်းဆရာများအား လေ့ကျင့်ပေးရေး**" (Training of Trainers for Civil Service)ဖြစ်ပါသည်။ ၎င်းဗဟိုဌာန၏လှုပ်ရှားမှုအဖြစ် ဝန်ကြီးဌာနများရှိ သင်တန်းကျောင်းများမှ သင်တန်းဆရာများအတွက် သင်တန်း သုံးကြိမ်ကို ပြည်တွင်းတွင် နှစ်ကြိမ်၊ ပြည်ပတွင် တစ်ကြိမ် အောင်မြင်စွာ ဖွင့်လှစ်ပေးခဲ့ပြီး လေ့ကျင့်ရေးဆိုင်ရာ နည်းနိသယများကို ပို့ချလေ့ကျင့်ပေးပြီး ဖြစ်ပါသည်။

အခြားအာဆီယံအဖွဲ့၏ လှုပ်ရှားမှုတစ်ရပ်ဖြစ်သော "အာဆီယံအဖွဲ့ဝင်နိုင်ငံများအတွင်း စုစည်းညီညွတ်မှုရှိစေရန် ပူးပေါင်းဆောင်ရွက်မှု အစီအစဉ်" (Initiative for ASEAN Integration = IAI) အရ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့က (Focal Point) အဖြစ် ကြီးကြပ်ညှိနှိုင်းပြီး စင်ကာပူသံရုံး၏ သင်တန်းကျောင်းတွင် ဖွင့်လှစ်သော အင်္ဂလိပ်ဘာသာဆိုင်ရာ သင်တန်းများသို့ ဝန်ကြီးဌာနအသီးသီးမှ နိုင်ငံ့ဝန်ထမ်း အများအပြား စေလွှတ်တက်ရောက်စေပြီး ဖြစ်ပါသည်။ သင်တန်း (၆၃)ခု ဖွင့်လှစ်ခဲ့ပြီး သင်တန်းသား (၁၃၀၀)ကျော် တက်ရောက်ခဲ့ပြီး ဖြစ်ပါသည်။

ထို့အပြင် ကုလသမဂ္ဂအဖွဲ့ဝင် နိုင်ငံတစ်နိုင်ငံဖြစ်သည့်အတိုင်း ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့၏ ကြီးကြပ်စီမံမှုနှင့် ကုလသမဂ္ဂ၊ အာရှနှင့် ပစိဖိတ်ဒေသ စီးပွားရေးနှင့် လူမှုရေးကော်မရှင်အောက်ရှိ အာရှနှင့် ပစိဖိတ်ဒေသ သတင်းနှင့် ဆက်သွယ်ရေး နည်းပညာဖွံ့ဖြိုးတိုးတက်မှု လေ့ကျင့်ရေးသင်တန်းဌာနတို့ ပူးပေါင်းကျင်းပသည့် သတင်းနှင့်ဆက်သွယ်ရေး နည်းပညာအရည်အသွေး မြှင့်တင်ရေး သင်တန်းတစ်ခုကို ရက်ပိုင်းအတွင်းက ဖွင့်လှစ်ပို့ချပေးနိုင်ခဲ့ပါသည်။ သင်တန်းသား(၅၀) တက်ရောက်ခဲ့ပါသည်။

အစိုးရမဟုတ်သော နိုင်ငံတကာ အဖွဲ့အစည်းအချို့နှင့် ဆက်သွယ်၍ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးအစီအစဉ်များကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာ ဂျပန်နိုင်ငံ ဆာဆာကာဝါ ငြိမ်းချမ်းရေးဖောင်ဒေးရှင်း၏ ပံ့ပိုးမှုဖြင့် နိုင်ငံ့ဝန်ထမ်းများ အရည်အသွေးတိုးတက်မြင့်မားရေးဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲများကို ရှစ်နှစ်အတွင်း ခြောက်ကြိမ်တိုင်ကျင်းပနိုင်ခဲ့ပြီး နိုင်ငံ့ဝန်ထမ်း(၁၄၀)ကျော်ကို ပြည်ပနိုင်ငံများသို့ လေ့လာရေးခရီးစဉ်များ စီစဉ်ပေးခဲ့ပြီးဖြစ်ပါသည်။ မကြာမီက နိုင်ငံ့ဝန်ထမ်း (၂၉)ဦးအား ကိုရီးယားသမ္မတနိုင်ငံ ဗဟိုဝန်ထမ်းတက္ကသိုလ်သို့ လေ့လာရေးခရီး စေလွှတ်ခဲ့ပြီးဖြစ်ပါသည်။ ဆက်လက်၍လည်း လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြည်တွင်းပြည်ပ အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက် အကောင်အထည်ဖော်သွားမည် ဖြစ်ပါသည်။

ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့သည် အထက်တွင် ဖော်ပြခဲ့သည့်အတိုင်း နိုင်ငံတော်၏ လမ်းညွှန်မှုနှင့်အညီ နိုင်ငံ့ဝန်ထမ်းများ ရွေးချယ်ရေး၊ နိုင်ငံ့ဝန်ထမ်းများ လေ့ကျင့်ရေးတာဝန်များကို ကျေပွန်စွာ ထမ်းဆောင်လျက်ရှိပါသည်။ မကြာမီကာလတွင်လည်း အတည်ပြုပြဋ္ဌာန်းထားသည့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံ အခြေခံဥပဒေနှင့်အညီ "**ပြည်ထောင်စုရာထူးဝန်အဖွဲ့**" အမည်ဖြင့် နိုင်ငံတော်က ပေးအပ်သော တာဝန်အသွယ်သွယ်ကို ကျေပွန်စွာ ဆက်လက်ထမ်းဆောင်သွားမည်ဖြစ်ပါကြောင်း (၇၃)နှစ်မြောက် နှစ်ပတ်လည်နေ့ကို ဂုဏ်ပြုရေးသားလိုက်ရပါသည်။ ။

မူလတန်းလွန်ကျောင်းဆောင်သစ် မော်ကျွန်း ဇီးပင်ချောင်းရွာ၌ဖွင့် ပရိဘောဂနှင့် အားကစားပစ္စည်းများ လွှဲပြောင်းပေးအပ်

မော်လမြိုင်ကျွန်း ဧပြီ ၈

ဧရာဝတီတိုင်း မော်လမြိုင်ကျွန်းမြို့နယ် ကပ်ခိုကျေးရွာအုပ်စု ဇီးပင်ချောင်းကျေးရွာတွင် Plan နှင့် BAJ မှ လှူဒါန်းတည်ဆောက် ပြီးစီးသွားသော ပေ (၁၀၀× ၃၀×၁၂)ရှိ ငါးခန်းတွဲ မူလတန်းလွန်ကျောင်းဆောင်သစ်ဖွင့်ပွဲနှင့် ရေလောင်းအိမ်သာ၊ ရေတုံကင်၊ ကျောင်းသုံး ပရိဘောဂများနှင့် အားကစားပစ္စည်းများ လွှဲပြောင်းပေးအပ်ပွဲကို မတ် ၂၆ ရက် နံနက် ၁၀နာရီက ဇီးပင်ချောင်းကျေးရွာ မူလတန်းလွန်ကျောင်းဆောင်သစ်၌ ကျင်းပသည်။

ဖဲကြိုးဖြတ်ဖွင့်လှစ်

ဖွင့်ပွဲတွင် မြို့နယ်ဥက္ကဋ္ဌ ဦးအောင်ကျော်ခိုင်၊ မြို့နယ် ပညာရေးမှူးဦးတင်မင်း၊ ဘီအေဂျေ စီမံကိန်းမန်နေဂျာ ဦးအေးကိုဝင်းနှင့် ကျောင်းအုပ်ကြီးဦးမောင်ကြည်တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။

(ဝဲအောက်ပုံ)

လွှဲပြောင်းပေးအပ်

ထို့နောက်လွှဲအပ်ခြင်းမှတ်တမ်းစာရွက်နှင့် ဆောက်လုပ်ရေးလုပ်ငန်း ဆောင်ရွက်မှုမှတ်တမ်းစီဒီအား ဘီအေဂျေ အကြီးတန်းအင်ဂျင်နီယာ ဦးဌေးအောင်က ကျောင်းအုပ်ကြီး ဦးမောင်ကြည်ထံ လွှဲပြောင်းပေးအပ်သည်။

ကျင်းပ

အလားတူပင် မော်လမြိုင်ကျွန်းမြို့နယ် သပြေချောင်းကျေးရွာအုပ်စု ဝဲချောင်းကျေးရွာ အခြေခံပညာမူလတန်းကျောင်း ပေ (၆၀×၃၀) အုတ်ညှပ် အဆောက်အအုံအား အကြီးစား ပြုပြင်ပြီးစီးသဖြင့် လွှဲပြောင်းပေးအပ်ပွဲကို မတ် ၂၁ရက်က ဝဲချောင်းကျေးရွာ အခြေခံပညာမူလတန်းကျောင်း၌ ကျင်းပခဲ့သည်။ (၁၄၂)

ကန့်ဘလူမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ဆောင်ရွက်လျက်ရှိသည့် ကန့်ဘလူမြို့ တိုးချဲ့ရေပေးရေးအတွက် ရေစစ်ကန်၊ ရေစုကန်နှင့် ရေစက်ရုံများ တည်ဆောက်နေမှုကို စစ်ကိုင်းတိုင်း စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးမျိုးနိုင်အောင် ကြည့်ရှုစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးသစ်ထူးမြင့် ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

မီးမရှိသေ သုံးစွဲလေက
မွဲတေဆင်းရဲရပေမည်

★ တည်ငြိမ်အေးချမ်းမှ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်မည်။
★ တည်ငြိမ်အေးချမ်းမှ ဒီမိုကရေစီ ဖော်ဆောင်အောင်မြင်နိုင်မည်။

★ မင်းမဲ့စရိုက်ဖြင့် ဒီမိုကရေစီမရနိုင်။
★ ဆူပူမှုဖြင့် ဒီမိုကရေစီမရနိုင်။
★ အခြေခံဥပဒေဖြင့်သာ ဒီမိုကရေစီ ရနိုင်သည်။

ပြည်သူ့ဆန္ဒ သဘောထား

- ■ တည်ငြိမ်အေးချမ်းမှုကို လိုလားသည်။
- ■ ဖွံ့ဖြိုးတိုးတက်မှုကို လိုလားသည်။
- ■ ဆူပူအကြမ်းဖက်မှုကို မလိုလား။
- ■ ဆူပူအကြမ်းဖက်မှု ဖန်တီးသူများ-
ဝိုင်းဝန်းဖယ်ရှား။

☆ VOA, BBC - ရန်တိုက်ပေးနေသည်။
☆ RFA, DVB - သွေးထိုးနေသည်။
☆ ခလောက်ဆန် အကောက်ကြံ
လေလှိုင်းသံ လူသတ်သမား-
နားမယောင်လေနဲ့ သတိထား။

မိုးညှင်းမြို့တစ်ခွင် ဖွံ့ဖြိုးစည်ပင်

သတင်းမှတ်စုနှင့် ဓာတ်ပုံမှတ်တမ်း - သတင်းထောက် မျိုးအောင် / စာမျက်နှာဖွဲ့စည်းမှု - မင်းထွန်း(မြန်မာ့အလင်း)

မိုးညှင်း ဧပြီ ၁၁

"တည်ငြိမ်အေးချမ်းမှ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်မည်"ဟူသကဲ့သို့ ငြိမ်းချမ်းခြင်း၊ တည်ငြိမ်အေးချမ်းခြင်း အနှစ်သာရများကြောင့် ယခုအခါ ပြည်နယ်နှင့်တိုင်း မြို့ပြ၊ ကျေးလက် နယ်စပ်ဒေသများပါမကျန် ဖွံ့ဖြိုးတိုးတက်နေသည့် ပြယုဂ်များကို တစ်နေ့ထက်တစ်နေ့ လက်ချင်းယှက်မြင်တွေ့ရသည်မှာ ကြည်နူးဝမ်းသာစရာပင်ဖြစ်သည်။

စာမျက်နှာ ၁၁ ကော်လံ ၁ ●

မြန်မာ့အလင်း ကမ္ဘာတစ်လွှား ထူးခြားဆန်းပြား

ကိုသစ္စာ - ရေးသားသည်

ကမ္ဘာ့အသေးငယ်ဆုံး ရုပ်ရှင်ရုံလေး

ဗြိတိန်နိုင်ငံ ကိုဗင်ထရီမြို့တွင် တည်ဆောက်ထားသော မတ်ကတ်အမည်ရှိ ရုပ်ရှင်ရုံလေးသည် အလျား ၃ မီတာနှင့် အနံ ၂ မီတာသာ ရှိသည်။ ရုပ်ရှင်ပိတ်ကားမှာလည်း အလျား ၂၁၃ စင်တီမီတာနှင့် အနံ ၁၂၂ စင်တီမီတာမျှသာ ရှိသည်။

ကြည့်နိုင်

ယင်းရုပ်ရှင်ရုံတွင် လူလေးဦးသာ ကြည့်ရှုနိုင်ပြီး နေ့စဉ် နံနက် ၁၀ နာရီမှစတင်ကာ တစ်နေ့လျှင် ရုပ်ရှင်သုံးပွဲသာ ပြသလေ့ရှိသည်။ ရုပ်ရှင်ရုံအတွင်းဝင်ရောက်ကြည့်ရှုသူများကို အစားအစာများ၊ အချိုရည်ဘူးများဖြင့်ဧည့်ခံကျွေးမွေးသည်။

အသေးဆုံး

ရုပ်ရှင်တစ်ကားလျှင် နှစ်နာရီကြာ ပြသချိန်သတ်မှတ်ပြီး လက်မှတ်များကို ကြိုတင်ရောင်းချထားခြင်းမရှိဘဲ ကြည့်ရှုသူက တိုက်ရိုက်ဝယ်ယူနိုင်ရန် စီစဉ်ပေးထားသည်။ ။

(အင်တာနက်)

ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်း ဝန်ကြီးဌာန မိုးညှင်းမြို့၏ခေတ်မီဆက်သွယ်ရေးရေဒီယိုစခန်းက ကြွားကြွားဝင့်ဝင့်….။

သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းမှ
သတင်းစာသုံးမျိုးကို ဒေသအသီးသီးရှိ
သတင်းစာကိုယ်စားလှယ်များထံသို့
တစ်စောင်လျှင် ကျပ် ၅၀ နှုန်းဖြင့်
အရောက်ပို့ဆောင်ပေးလျက်ရှိပါသည်။